www.linhtet.com



ဦးစားပေးအရေးကြီးဆုံးပါ။

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

သိဒ္ဓိရှင်ဝိဇ္ဇာတို့လမ်း

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၂၄၄၊ ၃၇၉၄၈၇

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	-	၅၀၁၄၅၅၇၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၅၀၀၁၂၅၀၂၀၀

အဖုံးပန်းချီ	-	ကံကောင်း
ထုတ်ဝေသူ	-	ဦးလှိုင်ဝင်းမိုး (မြို့ - ဝ၃၉၀၀)
		ဂဂ၊ ဒုထပ်(ယာ)၊ ၃၇လမ်း၊
		ကျောက်တံတား။
မျက်နှာဖုံးပုံနှိပ်သူ	-	ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်)
		(၃၀-ခ)၊ သာယာကုန်းလမ်း၊ ပဒ္ဓန်တောင်။
အတွင်းပုံနှိပ်သူ	-	ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)
		ဂဝ/ခ၊ သံလွင်လမ်း၊ ပဟန်း။
ပုံနှိပ်ခြင်း	-	ပထမအကြိမ်
		၂၀၀၇ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၁၀၀၀ ကျပ်

‘နိဒါန်း’

ကျွန်ုပ်သည် ‘ဂန္ဓိရဖြစ်ရပ်ဆန်းကြယ်’ ဇာတ်လမ်းများကို ရေးသားရာ၌ ခဲရာခဲဆစ် ဖြစ်ချင်ဖြစ်ပါစေ။ ထိုနေရာ. . . ထိုဒေသများဆီသို့ ကိုယ်တိုင်သွားရောက်ပြီးမှ. . . သေချာသည်ထက် သေချာအောင် လေ့လာခြင်းအမှုကို ပြုလုပ်လေ့ရှိပေ၏။

မည်သည့် ဖြစ်ရပ်ဆန်းကြယ် အတ္ထုပ္ပတ္တိကိုပင် ရေးရေး စာဖတ်ပရိသတ်များအား ဗဟုသုတအမျိုးမျိုးကို လည်းကောင်း၊ ရတနာသုံးပါး ဆရာသမားတို့၏ဂုဏ်ကျေးဇူးကိုသော်လည်းကောင်း၊ ယုံကြည်လေးစားကြစေရန် တိုက်တွန်းရေးသားလေ့ရှိသည်ကို ဖတ်မှတ်ခဲ့ကြပေလိမ့်မည်။

ယခု ဤ ‘သိဒ္ဓိရှင် ဝိဇ္ဇာတို့လမ်း’ ဟူသော ဂန္ဓိရပညာရပ်များကို သုတရသအနေမျိုးဖြင့်တင်ပြထားသည့်

ဂမ္ဘီရဝတ္ထုတော်ကြီးကို ရေးသားမည်ဟု မကြံစည်မိကပင် လျှင် ကျွန်ုပ်သည် ဗိန္ဓောဆရာမြကြီးထံသို့ . . . အခေါက် ခေါက်အခါခါ သွားရောက်ခဲ့ရပါသည်။

ဗိန္ဓောဆရာမြကြီးထံတွင် ခွင့်တောင်းပြီး၊ ရေးခွင့် ကိုရမှသာလျှင် ဤအတ္ထုပ္ပတ္တိနှင့် သုတရသ ရောနှောထား သော ဝတ္ထုတော်ကြီးကို ရေးသားရန် ကြံစည်မိပါသည်။

ဤကဲ့သို့ ဗိန္ဓောဆရာမြကြီးထံတွင် ခွင့်ပန်မှုပြုခဲ့ စဉ်၊ ဆရာမြကြီးက ကျွန်ုပ်အား . . . ။

အာကာသသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ပထဝီသိဒ္ဓိတို့ကိုသာ မူလအရင်း ထား၍ ရေးသားပါရန် အမိန့်ရှိခဲ့ပေသည်။

အထက်ဖော်ပြပါ သိဒ္ဓိတို့ကို ပေါက်ရောက်ပြီး သော အရှင်ဝိဇ္ဇာ ပုဂ္ဂိုလ်တို့၏အကြောင်းနှင့် ကိုယ်တွေ့ကို သာ ရေးသားရန်ကိုလည်း အမိန့်ရှိခဲ့ပေသည်။

ဘုရားဟော ကျမ်းဂန် အကိုးအကားများနှင့်တကွ ဗဟုသုတဖြစ်အောင် ရေးသားရမည်ဟုလည်း အမိန့် ထုတ်ပြန်ထားပါသောကြောင့် ကျွန်ုပ်စာရေးသူ (မြစကြာ သျှင်)မှာ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်မှန် အတွေ့အကြုံတို့ကို စာဖတ်ပရိသတ်ကြီးအား ရေးသားတင်ပြလိုက်ရပေတော့ သတည်း။

ဂမုန်းဘီလူး

"ကဲ. . . ကဲ. . . တပည့်ကြီး မောင်ဘသိုက်ရေ ဟောဒီက ဂမုန်းတွေကို ရွေးထုတ်လိုက်ကြစမ်းကွဲ့. . . ဦးသူတော်ကလည်း ကြည့်ရှုပြီးပြောပါ။ အချိန်ကျနေပြီမို့ ဆရာကြီးလည်း ကိုးနဝင်းပုတီးစိပ်ရဦးမယ်. . . "

ဟု ကျွန်ုပ်၏ ဥပဇ္ဈယ်ဆရာဖြစ်သူ ဗိန္ဓော ဆရာမြကြီးက စတင်ပြောလိုက်ပေသည်။

"ဘယ်လိုရွေးရမလဲ ဆရာကြီး. . . အားလုံး စုပေါင်းပြီး ထည့်ထားတာကို ကျွန်တော်တို့ဘယ်လိုရွေးတတ်မလဲ. . . ဆရာကြီး အနားကနေပြီး ပြောပြမှပေါ့. . . ဒါမှ ကျွန်တော်တို့ရွေးလို့တတ်တော့မယ်. . . ဆရာကြီး စမတောင်ပေါ်မှာကတည်းက ဦးသူတော် တူးထားတာကို ကျွန်တော်က အကုန်ကောက်ထည့်ထားတာပဲ ဆရာမြကြီး"

"ဩော်. . . ခက်တာပဲ မောင်ဘသိုက်ရယ် . . . ဒါတွေကို ဦးသူတော်ကသိတယ်. . . ဦးသူတော်က ဂမုန်းကျမ်းကို ကြေနေတာပဲ အသုံးအပြုကိုသာ နားမလည်ရှိရမယ်. . . ဒါတွေကိုတော့ နားလည်ပါတယ်ကွယ် ဂမုန်းတွေကို သီးသန့်ပြီးသာ တစ်ခုစီစဉ်ထားပေါ့. . . မှတ်မိရဲ့ မဟုတ်လား ဦးသူတော်"

"မှတ်မိပါတယ်ဆရာကြီး. . အကြီးအငယ် အစဉ်အလိုက် ရွေးထုတ်ထားပါ့မယ် ဆရာကြီး. . . ကျွန်တော် သူတော် နားလည်ပါတယ်"

ဟု ဦးသူတော် ပြန်ပြောလိုက်သည်။

"အေး. . . အေး ကောင်းကောင်းလုပ်ထားပါကွယ် . . . နောက်ပြီး မောင်ဘသိုက်ကို မှာထားရဦးမယ်. . . ခဏကြာ ဒီဂမုန်းတွေကိုကျော်ပြီး မသွားနဲ့ဦးဒုက္ခဖြစ်နေမယ်. . . သူတို့က အတော်ကြောက်စရာပဲ ကောင်းလှသကွဲ့. . . ဦးသူတော်က ကြည့် ပြောလိုက်ပါ . . . နောက်ပြီးတော့လည်း မောင်ဘသိုက်ကို ပြောထားရဦးမယ်. . . ဒီဂမုန်းပင်လေးက တယ်မွေးပါလားဆိုပြီး မနမ်းနဲ့နော်. . . ကြပ်ကြပ်သတိထား"

ဟု ဆရာကြီးက ပြောလိုက်သဖြင့် . . .

"ဟုတ်ကဲ့ ဆရာကြီး နားလည်ပါပြီ. . ကျွန်တော် သတိထားပါ့မယ်"

ဟု တပည့်နှစ်ယောက်လုံးကပြောလိုက်ရပြန်၏။ ထိုသောအခါတွင်မှ ဗိန္ဓောဆရာမြကြီးသည် ဘုရားရှေ့သို့

ထသွားကာ ဘုရားကိုအာရုံပြုပြီး စိပ်ပုတီးကိုကိုင်၍ စိပ်နေပါတော့၏။

ကျွန်ုပ်ဘသိုက်နှင့် ဦးသူတော်တို့လည်း စမတောင်မှယူလာသော ဂမုန်းတွေကို လွယ်အိတ်တစ်လုံးတွင်းမှ အကုန်ထုတ်ယူလိုက်၏။ ပြီးလျှင် အနီးရှိရေခွက်ထဲတွင် စင်အောင်ဆေးကြောပြီးမှ... ဦးသူတော် ပြောသည့်အတိုင်း အစဉ်အလိုက်ထားလိုက်၏။ ပြီးလျှင် ဂမုန်းတွေ ကုန်ခါနီးသောအခါ၌ ဦးသူတော်သည် ကျွန်ုပ်အား ဂမုန်းတစ်ခုကို ယူ၍ပြသလိုက်ပြန်၏။

"မောင်ဘသိုက်ရေ... ဟောဒီဂမုန်းဟာ အတော်ထူးတယ်ကွဲ့... ဒီဂမုန်းကို မြင်လိုက်တဲ့သူတွေ အဖို့မှာ ရုတ်တရက်တော့ အရုပ်ကလေးထုထားသလား အောက်မေ့ရတယ် ... အသုံးသာချတတ်မယ်ဆိုရင် အတော်အသုံးဝင်တာပေါ့"

ဟု ကျွန်ုပ်အား ရှင်းပြလေသည်။

"ဘယ်လိုအသုံးဝင်တာလဲ ဦးသူတော် သိရင်ပြောပြပါဦး"

ဟု ကျွန်ုပ်ကပြောလိုက်သဖြင့် ဦးသူတော်လည်း ဆရာမြကြီးဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

"စီရင်နည်းကိုတော့မသိဘူး မောင်ဘသိုက်... ဒီဂမုန်းကို အိမ်တို့ခြံတို့မှာ အစီအရင်နှင့် စိုက်ထားမယ်ဆိုရင် အတော်လုံခြုံတယ်တဲ့... နောက်ပြီး အတိုက်အခိုက်မှာဆိုရင်လည်း ကိုယ်က နိုင်တယ်တဲ့.. မောင်

ဘသိုက်ရဲ့ ပြီးတော့ဒီဂမုန်းမျိုးဟာ အစစ်အမှန်ရဖို့ အ တော်ခက်တယ်. . . တချို့လူတွေဟာ ဒီဂမုန်းမျိုးအတု တွေကို စီရင်ကြတယ်. . . အခုပြောသလိုမဖြစ်ကြဘူး. . . ဘယ်ဖြစ်မလဲ ဂမုန်းကအစစ်မှ မဟုတ်ဘဲ အခုလို အစစ် အမှန်တွေကိုသာ စီရင်ရမယ်ဆိုရင် အမှန်ဖြစ်တာပေါ့ကွဲ့"

"ဒါကတော့ ဦးသူတော်ရယ်. . . ဂမုန်းစစ်ပြန်ပြီး တော့လည်း အစီအရင် နည်းမကျရင်လည်း ဖြစ်နိုင်ဖို့ ခဲယဉ်းပါတယ်. . . နည်းမှန် လမ်းမှန်ဖြစ်ပြန်လည်း ဂမုန်း အစစ်ရဖို့ခဲယဉ်းနေတော့ အခုတင်က ဦးသူတော် ပြောသ လိုဘယ်ဖြစ်နိုင်မလဲ. . . ကဲဗျာ ဒါတွေကိုထားပါဦး . . . နောက်တော့ သိချင်သိရမှာပေါ့. . ဂမုန်းတွေကုန်အောင် ဆေးကြောရအောင် ခဏကြာရင် ဆရာမြကြီးထလာလို့ မပြီးဘဲနေရင် ပြောဆိုအပြစ်တင်နေဦးမယ်"

ဟုပြောကာ ကျန်နေသောဂမုန်းတွေကို ဆေး ကြောသုတ်သင်၍ ရွေးနေကြရပါတော့သည်။

အထက်ပါ အကြောင်းအရာများသည် ကျွန်ုပ်တို့ သာဝတ္ထိနယ် စမတောင်မှ ဂမုန်းစောင့်နတ်ကြီးကို ချုပ် နှောင်ထားခဲ့၍ ပြန်လာပြီး ဦးသူတော်၏တဲသို့ ရောက် သောအခါတွင် နေရင်းနားရင်းနောက် တစ်နေ့တွင် ဆရာ မြကြီးက ဂမုန်းတွေကိုရွေးရန်ပြောထားသဖြင့် ဂမုန်းရွေး ရင်း ပြောနေကြသော စကားတို့ပင်ဖြစ်ပါ၏။

ကျွန်ုပ်တို့ ဂမုန်းတွေကို ဆေးကြောပြီးလျှင် အ တော်ကလေးကြာမှ ဆရာမြကြီးသည် ဘုရားကိုအာရုံပြုပြီး

www.foreverspace.com.mm

ထွက်လာသောအခါတွင် ကျွန်ုပ်တို့ ဆေးကြောရွေးချယ်ထားသော ဂမုန်းတွေကိုကြည့်ပြီး နောက် ကျွန်ုပ်တို့အား ခေါ်၍ ဂမုန်းတွေ၏အကြောင်းတွေကို ပြောပြပါတော့၏။

"ဒီလိုကွဲ့ မောင်ဘသိုက်ရဲ့... ဒီဂမုန်းတွေဟာ အကြောင်းကိုသိရင် အတော်အဖိုးတန်တယ်... အခုဆရာတို့ယူလာတဲ့ ဂမုန်းတွေအကြောင်းကို မောင်ဘသိုက်က သတိမထားလို့ပေါ့.. အတော်ခဲယဉ်းတဲ့ ဂမုန်းတွေကွဲ့... အခုအချိန်မှာ မောင်ဘသိုက်တို့ စီစဉ်ထားတဲ့ ဂမုန်းတွေမှာ ထိပ်ဆုံးကထားတဲ့ဂမုန်းဟာ တကယ်တော့ အလွန်ရှားပါးတဲ့ ဂမုန်းပေါ့... အဲဒီဂမုန်းက ဂမုန်းဖြူလို့ခေါ်တယ်... သူ့ရဲ့ ဥကလေးကို ကြည့်ပါလား ဘယ်လောက်ရှိသလဲကွဲ့... သေးသေးသွယ်သွယ်နှင့် မဟုတ်လား... သူ့အပင်က နှန့်ပင်လိုဖြစ်နေတယ်... အမြစ်က ဖြူတယ်ကွဲ့... ကျိုးကန်းအတောင်ကို သုတ်ကြည့်ရင် တစ်ခါတည်းဖြူသွားတယ်... နောက်ပြီး သူက အမြဲဒီတစ်နေရာတည်းမနေဘူး... နေရာပြောင်းတယ် တချို့နေရာတွေကို ပြန်သွားတတ်တဲ့အတွက် ဂမုန်းပြန်လို့ခေါ်လည်း မမှားဘူးပေါ့ သူကလည်း တကယ် စီရင်ပြီးဆောင်မယ် အသုံးပြုမယ်ဆိုရင် ဆရာတို့ လမ်းစဉ်မှာ သိဒ္ဓိတစ်မျိုးကို ပြီးစေနိုင်ရုံမျှမကသေးဘူး... အဆုံးသို့တိုင် အောင် ရောက်စေနိုင်တယ်ကွဲ့... တကယ် အစစ်အမှန်ရဖို့ အတော်ခဲယဉ်းတယ်လေ.. အခုလို အစစ်အမှန်ရအောင် အခုအပင်အပန်းခံပြီး စမတောင် သာဝတ္ထိနယ်

www.foreverspace.com.mm

ကို လာတာသာ ကြည့်ပေတော့ကွာ. . . ”

“နောက်ပြီး သူ့အနားမှာထားတဲ့ ဂမုန်းကတော့ ဂမုန်းနီလို့ခေါ်သကွဲ့ ကြည့်ပါလား နီရဲနေတယ်. . . လေ . . သူ့အပင်က တစ်မျိုးကွဲ့. . . ဆိတ်ဖူးပင်လို အရွက်ပြာလဲ့လဲ့နှင့် အရင်းနားမှာ နီရဲနေတယ် အခုပုံစံကို ကြည့်ပါလား နန္တင်းခေါင်းတက်လိုတွေ့နေတယ် မဟုတ်လား သူ့ကို ထုံးရေထဲမှာ ထည့်လိုက်လို့ရှိရင် တစ်ခါတည်း ရဲရဲစောက် ဖြစ်သွားတာပဲ ဒါမှစစ်တာ အချို့က ဂမုန်းနီကို (ရက်စက်နီ)လို့ ခေါ်သေးတယ်တဲ့ တချို့ဆရာတွေကပြောတော့ အဲဒီ ဂမုန်းနီကို အစားအစာမှာဖြစ်ဖြစ် ရေမှာဖြစ်ဖြစ် ခပ်ပြီးတိုက်ကျွေးရရင် ပီယသိဒ္ဓိကိုပြီးသတဲ့ ဒါဟာ ဂမုန်းနီတော့ ဟုတ်ဟန်မတူဘူး အခု တင်ကပြောတဲ့(ရက်ဆက်နီဂမုန်း) ဖြစ်ချင်ဖြစ်မယ် ဂမုန်းနီနဲ့ ရက် ဆက်နီ တခြားစီကွဲ့ မှတ်ထား”

“အဲဒီ ရက်ဆက်နီဟာလည်း သုံးတွင်းကျပေါက်မှ အစစ်အမှန် ဖြစ်တယ် အဲဒါကိုလည်း ပညာစခန်းဘက်မှာ အသုံးပြုတယ်ကွဲ့ တချို့နေရာမှာ ဒီဂမုန်းကို အစောင့်တွေနဲ့ သိုက်ဝင်တောင်ဖြစ်နေတာတွေ့ရတယ်။ သူလည်း အတော်အစွမ်းရှိကွဲ့ လက်ဦးတုန်းက ပြောသလို ပီယသိဒ္ဓိအရာမှာတော့. . . အမှန်ရောက်နိုင်သကွဲ့ အခု မောင်ဘသိုက်တို့ ရှေ့မှာရှိတဲ့ ဂမုန်းနီကတော့ သူ့ကိုစီရင်မယ်ဆိုရင် သျှိတို့ ရှိန်းတို့ မြေဘုတ်ဘီလူးအစရှိတဲ့ဟာတွေကို တော့ တကယ်အစွမ်းရှိ တယ် . . . ကွဲ့”

“အဲဒီ ဂမုန်းကိုကြည့်ပါလား ဟင်းသပဒါးလိုနီရဲနေမှ

www.foreverspace.com.mm

စစ်တာ ကွဲ့ တချို့ဖြတ်လမ်းကို လိုက်ကြတဲ့ဆရာတွေကတော့ အဲဒီဂမုန်းနီကို ဂဝံရုပ်ထုပြီး လောကီဂါထာတွေ အစီအရင်နဲ့ ပြုလုပ်ပြီး ဆောင်တယ် တကယ်စွမ်းတာ တွေ့ရတယ် (တချို့ များ ကိုယ်ပျောက်အတတ်ထိ တောင်ဖြစ်တယ်ကွဲ့) အန္တိမလို့ ဆိုတာပေါ့ တစ်ခုတော့ရှိတယ် အရေးကြုံလာလို့ရှိရင် ရတာပေါ့ အခုလို ဆရာတို့ ပညာစခန်းကိုတော့ မရောက်နိုင်ဘူးပေါ့ လမ်းခုလမ်းလတ်မှာပဲ နေတယ်"

"အဲဒီ ဂမုန်းအနီးအနားမှာရှိတဲ့ ဂမုန်းကတော့ ဂမုန်းနက်လို့ခေါ်တယ် သူ့အပင်ကလည်း နွေင်းရွက်ကဲ့သို့ဖြစ်၍ အရင်းနားမှစပြီး ခပ်နက်နက်အဆင်း ရှိတယ် သူ့ပုံစံကို ကြည့်ပါလား ရုတ်တရက်ကြည့်လိုက်ရင် မည်းမည်းအတုံးကလေးလို မဟုတ်လား အတွင်းမှာ မီးသွေးလို ရှိနေတယ်ကွဲ့ မောင်ဘသိုက် လက်သည်းနှင့်ကုတ်ကြည့်ပါလား"

ဟု ဆရာမြကြီးက ကျွန်ုပ်အား ပြောပြလေသည်။

ထိုအခါ လက်သည်းနှင့် ကုတ်ဖဲ့ကြည့်ရာ ဆရာမြကြီး ပြောသည့် အတိုင်းမီးသွေးကဲ့သို့ မည်းချိတ်နေပါတော့၏။

"အတွင်းမှာ မည်းနေတယ်မဟုတ်လား မောင်ဘသိုက် အဲဒီလိုနေမှ ဂမုန်းနက်စစ်တယ် ထမင်းအိုးထဲမှာ မပြောနဲ့ စလောင်းပေါ် တင်ထားရုံနဲ့ ထမင်းတွေဟာ အိုးထဲမှာ တစ်ခါတည်းမည်းသွားတယ် ဒါမှစစ်တယ် ဗျိုင်းတောင်ကို အဲဒီ ဂမုန်းနက်နဲ့သုတ်လိုက်ရင် တစ်ခါတည်း ကျီးအတောင်လို ဖြစ် သွားတယ်ကွဲ့"

"နောက်ပြီးရုပ်ပြောင်းရုပ်လွဲမှာ အတော်အသုံးဝင်

www.foreverspace.com.mm

တယ်ကွဲ့ မောင်ဘသိုက်ရဲ့ ပညာစခန်းတွေမှာ ဂမုန်းနက်ကို အသုံးပြုရာမှာ အထက်ဆရာကြီးတို့ သဘောမကျဘူး အခုလိုအားလုံးပေါင်းစုပြီး အသုံးပြုသွားမယ်ဆိုရင် ခွင့်ပြုတယ် သူမပါရင်လည်းမပြီးဘူးကွဲ့ ဒါ ကြောင့် နတ်ဂမုန်းတောင်ကို သွားရတာကွဲ့ တချို့အဂ္ဂိရတ်ဆရာများ အတော်ရှာကြတယ် အခုလိုသာတွေ့သွားရင် . . . လုပ်ရပ်ဘက်မှာစား လမ်းပေါက်သွားတာပဲကွဲ့"

ဟု ဆိုလေသည်။

"နေပါဦး ဆရာကြီး. . . ဘယ်လိုစားလမ်းလဲ ထွက်ရပ်လမ်းကို ဆိုတာလား ခင်ဗျာ"

"မဟုတ်ဘူးကွဲ့ မောင်ဘသိုက်လုပ်ရပ်ဘက်မှာ ဆိုတာက အဂ္ဂိရတ်လုပ်ငန်းကို ဆိုတယ် စားလမ်းဆိုတာက ရွှေဖြစ်ငွေဖြစ်ဆိုတာပေါ့ မောင်ဘသိုက် ဆရာ ပြောပြမယ် မှတ်ထား"

"အဲဒီ ဂမုန်းနက်ကို အမှုန့်ပြုထား ဘော်တို့ဒန်တို့ကို ကြိုပြီး ပြာလင်းအောင်ထိုး ဂမုန်းနက်အမှုန့်ကိုခပ်ပေါက်ပြီးထိုး ရေမှာဖြစ်ဖြစ် ရေနံဖြစ်ဖြစ်သွန် ရွှေအစစ်ဖြစ်တယ်လို့ဆိုတယ်လို့ ဆရာကြီးတို့ကြားဖူးတယ်"

"ဒါတွေကို အဂ္ဂိရတ်သမားတို့ လုပ်ကြတယ် နောက်ဆုံးတော့ ဓနသိဒ္ဓိဆိုတဲ့စခန်းကို ရောက်အောင်သွားကြတာပေါ့ အဲဒီသိဒ္ဓိဟာ မမြဘူးတည်လည်းမတည်ဘူး၊ ဒါကြောင့်အထက်ဆရာကြီးများ သဘောမကျဘူးလို့ ပြောတာပေါ့"

www.foreverspace.com.mm

"နောက်ပြီး အဲဒီဂမုန်းအနက်နားကရှိတဲ့ ဂမုန်းကတော့ 'ရစ်ဂမုန်း' ခေါ်တယ်ကွဲ့ သူ့အပင်ကတော့ နန္တင်းပင်နဲ့တူတယ် ရုတ်တရက်တွေ့လိုက်ရင်နန္တင်းပင်လို့ပဲ အောက်မေ့ရတယ် အရွက်မှာတော့ နီတယ်ကွဲ့ ကိုင်ကြည့်လိုက်ရင် ပြာစိမ်းစိမ်းရှိတယ် နောက်ပြီး အရွက်မှာ ညှင်းပျောက်ကလေးတွေရှိတယ်"

"အရွက်ကလည်း သူများဂမုန်းနဲ့မတူဘူး ထူအမ်းအမ်းကြီး ဖြစ်နေတယ်.. သို့သော်လဲ အရွက်ဖျားကတော့ စိမ်းနေတာပဲကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သူတစ်ပါးက ထမင်းထဲ အစာထဲမှာ ဆေးတွေခပ်ပြီးကျွေးတယ်ဆိုရင် အခုနကပြောတဲ့ ရစ်ဂမုန်းအမှုန့်တွေကို ဆေးစပ်ထားတဲ့ အစားအစာထဲမှာ ဖြူးထည့်လိုက်တစ်ခါတည်း ဝါထိန်ပြီးလာလိမ့်မယ် နန္တင်းလို ဖြစ်လာလိမ့်မယ် အဲဒီတော့ ဒီအစားကိုစားတော့ ဘာမှမဖြစ်ဘူး နန္တင်းလိုဝါထိန်ပြီးမလာရင် မစားနဲ့ အခုတင်ပြောသလို ဖြစ်လာမှစားတော့ သေတဲ့ဆေးပင်ဖြစ်သော်လည်း မသေတော့ဘူး အဆိပ်အတောက်တွေကိုလည်းနိုင်တယ်။ သေစေတတ်တဲ့ ဆေးတို့ကိုလည်းပြေပျောက်စေတယ် မြွေတို့ကျားတို့လည်း အနားတောင် မကပ်ဝံ့ဘူး အတော်ကြောက်ကြတယ်ကွဲ့ ကဲ.. ကဲ.. မောင်ဘသိုက်ရေ.. ဆရာကြီးအနေနဲ့... အခုလို တစ်ခုစီ လျှောက်ပြောနေရင် ဂမုန်းအမျိုးတွေပြောလို့ ပြီးမှာမဟုတ်ဘူး ဒီတော့ အခုရှိတဲ့

www.foreverspace.com.mm

ဂမုန်းတွေကို အားလုံးအစဉ်တိုင်း ပေါင်းပြီးပြုလုပ်လိုက်ရင် အခုပြောသလို တစ်ပေါင်းတည်း ပြီးတာပဲကွဲ့ တစ်မျိုးစီ လျှောက်ပြောနေမယ်ဆိုရင် ဂမုန်းကျမ်းကြီးတစ်ကျမ်း ဖြစ်သွားတော့မယ် ဂမုန်းတွေကိုသာတစ်ခုစီ ကောက်ယူပြီး ကျောက်ပျဉ်ပေါ်မှာကြိတ်တော့မယ်ကွယ်. . ကျောက်ပျဉ်ကျောက်သွားမှာလည်း ဆရာ့အနေနဲ့ အင်းချထားတော့မယ်”

ဟု ဆရာ မြကြီးက ပြောလိုက်သောအခါ ကျွန်ုပ်၏ စိတ်ထဲမှာ အတော်ပင် မကျေမနပ် ဖြစ်မိလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဂမုန်း အမျိုးမျိုးတို့ကို တစ်ခုစီ ပြောပြလိမ့်မည်ဟု ထင်ထားသည်။ ဝိန္ဓောဆရာမြကြီး ပြောသမျှကို နာခံမှတ်သားပြီး၊ မသိတာများကို မမေးရ၍စိတ်ထဲတွင် အထူးပင် မကျေမနပ် ဖြစ်နေမိသည်။

www.foreverspace.com.mm

ထို့ကြောင့် ဂမုန်းတွေကို ဆေးကြောပြီးစီစဉ်တုန်းကပင် ဦးသူတော်က ပြလိုက်သော အရုပ်ကဲ့သို့သော ဂမုန်းအကြောင်းကို ဦးသူတော်က မထိတထိ ပြောစဉ်ကပင် ဆရာမြကြီးအား အတော်မေးချင်နေသောကြောင့် ယခုမှာမူ ထိုဂမုန်းသို့မရောက်မီ စကားကိုဖြတ်လိုက်လေ၏ ။

ကျွန်ုပ်သည် မမေးရရင်မနေနိုင်အောင်ဖြစ်လာ၏ ဦးသူတော်ပြသော ဂမုန်းကို ရုတ်တရက်ထ၍ ကောက်ယူလိုက်ပြီးလျှင် ဆရာမြကြီးအား ပြသလိုက်ပြီးနောက် . . . ။

"ဒီဂမုန်းအကြောင်းကို ဆရာကြီးမသိဘူးလား ဆရာကြီး"

ဟု မေးလိုက်သောအခါ ဆရာမြကြီးသည် ကျွန်ုပ်အား ရုတ်တရက် ကြည့်လိုက်ပြီး . . .

"ဘာလဲ . . . မောင်ဘသိုက် . . . ဒီဂမုန်းက တခြားမဟုတ်ဘူးကွဲ့ 'ဘီလူးဂမုန်း'လို့ခေါ်တယ် ဂမုန်းကို

www.foreverspace.com.mm

သေသေချာချာ ကြည့်လိုက်ရင် ဘီလူးရုပ် ပေါက်နေတာ တွေ့ရတယ် မဟုတ်လား"

"ဦးသူတော်ပြောလို့ပါ ဆရာကြီး ဒီဂမုန်းကို ကောင်းကောင်း ကျကျနနစီရင်ပြီးစိုက်ထားရင် အတော် အဖိုးတန်တယ်ဆိုလို့ မေးတာပါ ဆရာကြီး"

"အေး. . ဟုတ်တာပေါ့ စီရင်တဲ့နည်းမှန် လမ်းမှန်နဲ့စီရင်ထားရင် ရုတ်တရက် တွေ့ရတဲ့အခါမှာတော့ အောက်လမ်းပညာများလားလို့တောင် အောက်မေ့ရုံသာမက အစောင့်ဘီလူးများလားလို့ အောက်မေ့ရတယ် . . ခြံဝင်းထဲမှာ စိုက်ထားရင် အဖော်လုံခြုံတယ် အတော်လည်း သတိထားရတယ်ကွဲ့"

"နောက်ပြီး သူ့ကိုများကျော်ဖြတ်သွားမိရင်လား တစ်စုံတစ်ခုက ပြုစားသလားလို့ အောက်မေ့ရတယ် အတော်ကြောက်စရာ ကောင်းတယ် လက်ခြေတို့ မလှုပ်နိုင် ဘဲရှိပြီး ဘီလူးဖမ်းစားသလို ဖြစ်နေတတ်တယ် ဒါမှန်းသိရင် တော့လွယ်တာပေါ့ ဆရာတို့စစ်တောင်ကို သွားတုန်းက ကြိတ်ပြီး ယူသွားတဲ့ ဂမုန်းနိုင်တွေကို မောင်ဘသိုက် မေ့သွားပလား"

"ဟုတ်ကဲ့ မမေ့ပါဘူး"

"အေး. . . အဲဒီဥနဲ့ လိမ်းကျံလိုက်ရင် တစ်ခါတည်း ပျောက်တာပဲ ပြောလိုက်ဦးမယ် ဂမုန်းဘီလူးရှိတဲ့ နေရာမှာသူခိုးသူဝှက် မရှိဘူးကွဲ့။ တချို့ဆရာကြီးများဟာ ဘုရားကျောင်းကန်တွေကို မသမာတဲ့လူတွေ ဖျက်ဆီးမှာ

www.foreverspace.com.mm

စိုးလို့ လေးထောင့်မှာဂမုန်းဘီလူးကို စီရင်ပြီးထားတတ်တယ်ကွဲ့ အဲဒါ မဟာအမှားတော်ကြီးပေါ့ ဂမုန်း ဘီလူးကိုစီရင်ထားတဲ့အတွက် ညညမှာ ဘီလူးတွေလျှောက်နေတာမြင်တော့ ဒီဘုရားမှာ ဘယ်သူလာရောက်ပြီး သုတ်သင်ရှင်းလင်းကြတော့မလဲ သစ်ပင်ချုံနွယ်တွေတက်ပြီးတော့ ပျက်စီးပါလေရော ဒါတွေဟာ ဘုရားကို ပျက်စီးမှာကြောက်လို့ စီရင်တယ် လာသူမရှိလို့ ထပ်ပြီးဆိုးသွားတာ (ကျားကြောက်လို့ရှင်ကြီး ကိုး. . . ရှင်ကြီး ကျားထက်ဆိုး) သလိုဖြစ်သွားတာပေါ့"

"ဒါကြောင့် ဂမုန်းဘီလူးကို ဆရာတို့က အသုံးမပြုဘဲ အခုလို တန်ခိုးရှိတဲ့နေရာမှာဂမုန်းပေါင်းတွေထဲထည့်ပြီးမှ သူ့နေရာနဲ့သူစီရင်စာပဲကွဲ့ သူတစ်ဦးတည်းကိုတော့ အတော်ကြာသွားပြီ ဆရာ ဂမုန်းတွေ စုပေါင်းပြီး စီရင်နိုင်ဖို့ကျောက်ပျဉ်ရော ကျောက်သွားရော အင်းချလိုက်မယ်ကွဲ့ ဂမုန်းတွေကိုသာ အစဉ်အတိုင်းလုပ်ပေတော့ကွဲ့"

ဟု ဗိန္ဓောဆရာမြကြီးက ပြောပြီးလျှင် ဆေးကြိတ်ကျောက် အနီးသို့သွား၍ ကန့်ကူဆံနှင့် အင်းချနေသည်ကိုတွေ့ရမှ ကျွန်ုပ်လည်း ဦးသူတော်နှင့်အတူ တဲကလေးအောက်သို့ ဆင်းလာပါတော့၏။ တဲပေါ်တွင်ကား ဆရာမြကြီး တစ်ယောက်တည်း အေးဆေးစွာနှင့် အင်းချ စီရင်ရင်း ကျန်ရစ်ခဲ့ပါတော့သည်။

ကျွန်ုပ်နှင့်ဦးသူတော်သည် တဲကလေး၏အနီး

www.foreverspace.com.mm

အနား တစ်ဝိုက်တွင်သွားလာ၍ သစ်သီးတို့ကိုလိုက်လံ ကောက်ယူပြီး ပြန်လာသောအခါ ဆရာမြကြီးသည် တဲကလေးပေါ်တွင် ယခင်ဂမုန်းတို့ကို တစ်ခုစီကိုင်၍ ကြည့်နေသည်ကိုတွေ့ရသည်။ ထိုအခါ မည်သည့် အတွက်ကြောင့် ဖြစ်လေသနည်းဟု အောက်မေ့ပြီး အနီးတွင်သွား၍ ထိုင်လိုက်သောအခါတွင် ဆရာမြကြီးသည် ကျွန်ုပ်အား ကြည့်ပြီးလျှင် ကျွန်ုပ်နှင့်ဦးသူတော်အား ဂမုန်းပင်နှစ်ခုကိုပေး၍ တဲကလေး၏အရှေ့ဘက် ဂမုန်းပင်နှင့်မနီးမဝေးတွင် စိုက်ထားရန်ပြောသဖြင့် သွား၍စိုက်ထားလိုက်သော အခါ ဦးသူတော်သည် ဂမုန်းပင်တွေ၏ အနီးဒ၌ခဏာရပ်ကြည့်နေလေတော့၏။

ထို့နောက် မည်သည့်အရာကို တွေ့ရသည် မသ ပါ။ ကျွန်ုပ်အားခေါ်၍ တဲပေါ်သို့တက်ပြေးသဖြင့် ကျွန်ုပ်လည်း ဘာမှမသိရဘဲ ဦးသူတော်နှင့်အတူ ပြေးလိုက်လာရတော့၏။

ကျွန်ုပ်မှာ ဘုမသိ၊ ဘမသိဆိုသလိုမသိပဲနှင့် တက်သာပြေး လိုက်ရပါသော်လည်း ကျွန်ုပ်၏ စိတ်ထဲတွင်ကား ကျွန်ုပ်တို့ ဂမုန်းစိုက်နေကြစဉ် စစ်တောင်ပေါ်မှ နတ်ကြီးသည်ရုတ်တရက်ပေါ်ပေါက်လာသည်ကို ဦးသူတော်က မြင်သဖြင့် တက်ပြေးလေသလားဟု အောက်မေ့မိ၏။

သို့သော်လည်း ကျွန်ုပ်၏ မျက်စိက မမြင်ရသောကြောင့်ဖြစ်လိမ့်မည်ဟုထင်လိုက်သည်။ ဆရာမြကြီး၏ အနားသို့ဝင်သွားလျှင် တီးတိုး ပြောလိုက်သဖြင့် ကျွန်ုပ်၏ စိတ်ထဲတွင်မသက်ာ သလိုဖြစ်လာမိပါ၏။

www.foreverspace.com.mm

ချက်ခနဲဆိုလျှင် သူတစ်ပါးထက်ပို၍ သိချင်နေသောကျွန်ုပ်သည် ဆရာကြီးနှင့်ဦးသူတော်၏ အနားသို့ပြေးဝင်သွားပြီးလျှင်တီးတိုးပြောသော စကားကိုနားထောင်လိုက်၏။ ကျွန်ုပ်တွေးထင်လိုက်သော နတ်ကြီးအကြောင်းပင်ဖြစ်နေသဖြင့် ကျွန်ုပ်သည် မအောင့်နိုင်ဘဲ ဦးသူတော်အား . . .

"ဘယ်နားမှာ မြင်လိုက်သလဲ ဦးသူတော် ကျွန်တော်လည်း မမြင်ရပါလား ဘယ်နေရာမှာလဲ"

ဟုမေးလိုက်သောအခါ ဆရာမြကြီးသည် ကျွန်ုပ်အား ရုတ်တရက် ကြည့်လိုက်ကာ. . .

"မောင်ဘသိုက် သတိမထားပဲ မြင်ပါ့မလား ဦးသူတော်က သတိထားလို့ . . မြင်တာကို ဘယ်နေရာပြောနိုင်မလဲ မောင်ဘသိုက်. . . ရဲ့"

ဟု ဆရာမြကြီးက ပြောလိုက်သဖြင့် ကျွန်ုပ်သည် ဘာမှမ ပြောနိုင်တော့ဘဲ တဲကလေးအပြင်ဘက်သို့သာ ကြည့်နေမိပါတော့၏။

ထိုခဏ၌ ဆရာမြကြီးသည် တဲကလေးပေါ်မှ အောက်သို့ ဆင်းသွားပြီးလျှင် တဲကလေး၏နောက်ဘက်သို့ ဝင်သွားသဖြင့် မည်သည့်အရာများနှင့် တွေ့နေမည်နည်းဟု တွေးထင်မိကာ တဲကလေး အောက်သို့သာလျှင်ဆင်း၍ လိုက်ချင်နေသော စိတ်တို့မှာတားမရ ဆီးမရ ဖြစ်နေပါတော့၏။

ထိုအခိုက်မှာပင် တဲအောက်မှ ဆရာမြကြီး၏

www.foreverspace.com.mm

တောက်ခေါက်သံကို ကြားလိုက်၏။ ထို့ကြောင့်တဲပေါ်တွင် မနေနိုင်တော့ဘဲ ဖြစ်ချင်ရာဖြစ်ဟု သဘောထားပြီးလျှင် တဲအောက်သို့ဆင်း၍ သွားပြီး ဆရာမြကြီးသည် ဝင်သွားသောနေရာဘက်ဆီသို့ကြည့်လိုက်၏။ ဆရာမြကြီးသည် ခြံအပြင်ဘက်သို့ ကြည့်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း အသာချောင်းကြည့်လိုက်ရာ ခြံအစပ်နားတွင် သစ်ပင် ကြီးတစ်ပင်အရင်း၌ ရပ်နေသော နတ်ကြီးကို တွေ့လိုက်ရသောအခါ ဆရာကြီးအနားသို့ ပြေးသွား၏။

"သစ်ပင်အရင်းမှာ ရပ်နေတယ် ဆရာကြီး စမတောင်က နတ်ကြီးအစစ်ပဲ ဆရာကြီးချလွှတ်လိုက်ပါ"

ဟု လှမ်း၍ အော်ပြောလိုက်ပါတော့၏။

ကျွန်ုပ်အော်၍ပြောလိုက်သည်နှင့် ဦးသူတော်မှာ ကျွန်ုပ်၏ အနားသို့ရုတ်တရက်ရောက်လာပြီးလျှင် ကျွန်ုပ်၏ လက်ကိုကိုင်လိုက်ကာ . . .

"မောင်ဘသိုက် အသာကြည့်နေကွဲ့ ဆရာကြီးလည်း မြင်ပါလိမ့်မယ်"

ဟု ပြောလိုက်သဖြင့်ကျွန်ုပ်သည် ထိုအကောင်ကြီးကို မျက်တောင်မခတ်ဘဲ ကြည့်နေမိပါတော့သည်။

နတ်ကြီးမှာကား ကျွန်ုပ်တို့ကိုသာလျှင် ရပ်ကြည့်နေသဖြင့် မည်သည့်အတွက်ကြောင့်ဟူ၍ မပြောနိုင်သော်လည်း ဂမုန်းတွေကြောင့်သာလျှင် လိုက်လာရမည်ဟု မှတ်ချက်ချလိုက်ရပါတော့၏။

ဆရာကြီးသည် ပါးစပ်မှတီးတိုးရွတ်ဆိုပြီးလျှင်

www.foreverspace.com.mm

မြေကြီးကို ဖနောင့်နှင့် ပေါက်လိုက်ကာ လက်ထဲတွင် ကိုင်ထားသော တစ်စုံတစ်ခုဖြင့် လှမ်း၍ပေါက်လိုက်၏။ ထို အခါ၌ စမတောင်မှနတ်ကြီးမှာ တစ်ခါတည်းပျောက်ကွယ် သွားသောအခါ ပြန်၍လှည့်လာပြီးလျှင် ကျွန်ုပ်နှင့် ဦးသူတော်အား . . .

"ဂမုန်းတွေကို မ,စီရင်သရွေ့ ဒီကောင်ကြီး ဒီကို ခဏ,ခဏလာနေတော့မယ် အခုတင်က မောင်ဘသိုက်နှင့်ဦးသူတော်သွားပြီး စိုက်လိုက်တဲ့ ဂမုန်းတွေကိုလည်း သူကပြန်ပြီးယူချင်တယ်ထင်တယ် ဒီခြံထဲကို ရောက်အောင်လည်း သူက မဝင်နိုင်ဘူး ဒါကြောင့်အပြင်ဘက်နားမှာနေပြီး အလစ်ချောင်းနေတာနဲ့တူပါရဲ့ကွယ် ကဲ . . . ကဲ တဲကလေးပေါ်မှာ နေကြပေတော့"

ဟု ပြောဆိုပြီးလျှင် ကျွန်ုပ်တို့အား တဲကလေးပေါ်သို့ပြန်၍ ခေါ်လာပါတော့၏။

ဆရာမြကြီးသည် တဲကလေးပေါ်သို့ရောက်သော အခါ ကျွန်ုပ်တို့ကို တဲကလေးအတွင်းမှ တစ်ခြားသို့ထွက်မသွားရန်မှာကြားပြီးလျှင် တဲကလေး ပတ်ပတ်လည်တွင် ဂါထာကို ရွတ်ဆိုပြီးမှ ယခင် အင်းတွေချထားခဲ့သော ကျောက်ပျဉ်နားတွင် ထိုင်လိုက်ပြီး ကာသု နက္ခတ္တံ သုမင်္ဂလံ အစရှိသော ဂါထာကိုရွတ်ဆို၍ အစပဋမ ကျွန်ုပ်တို့ အစဉ်တိုင်းထားခဲ့သော ဂမုန်းတို့ကို ယူပြီးလျှင် တစ်မျိုးစီယူ၍ ကြိတ်ပါတော့၏။

အမှန်စင်စစ်မှာ ထိုသို့ကြိတ်ခြင်းသည် ကျွန်ုပ်တို့

www.foreverspace.com.mm

သာလုပ်စေ၍ အနားမှထိုင်ပြီး စီမံရန်သာရှိ၏။ ယခုမူကား ဆရာကြီးကိုယ်တိုင် ကြိတ်နေသည်မှာ ထိုဂမုန်းတွေသည် အတော်ပင်အရေးကြီးကြောင်း ကောင်းစွာသိရပေတော့၏။ သာမညသာဆိုလျှင် ကျွန်ုပ်နှင့် ဦးသူတော်အား ကြိတ်ခိုင်းမည်မှာအမှန်ပင်ဖြစ်ပေတော့၏။

ထိုသို့ဆရာကြီးဂမုန်းတွေကို ကြိတ်နေစဉ်အနီးမှထိုင်၍ ကျွန်ုပ်သည် စီစဉ်ထားသော ဂမုန်းတွေကို တစ်ခုစီ တစ်ခုစီယူ၍ ပေးပြီးနောက် လက်ဦးဆရာကြီးပြောထားခဲ့သော ရစ်ဂမုန်းသို့တိုင်အောင် ဘာမှမပြောသေး။ ရစ်ဂမုန်းကို ကြိတ်ပြီးသောအခါ၌ ကျွန်ုပ်သည်ဝါကျင့်ကျင့်ရှိသော ဂမုန်းတစ်မျိုးကိုကိုင်၍ကြည့်လိုက်ကာ ထို ဂမုန်း၏အကြောင်းကို ဆရာကြီးအား မေးချင်နေ၏။ ရုတ်တရက် မမေးသေးဘဲကြည့်နေသည်ကို ဆရာမြကြီး လှမ်းကြည့်လိုက်၍ မြင်သောအခါ . . .

"ဘာကြည့်နေတာလဲ မောင်ဘသိုက် ဘာများကြံနေပြန်သလဲ ဘာမှမပြောအားသေးဘူး ပေးစမ်းပါမြန်မြန် မွန်းမတည့်မီ ပြီးအောင်ကြိတ်ရမယ် နောက်ပြီး ဒီဂမုန်းတွေကိုလည်း ဂါထာစုတ်ရဦးမယ် လေးလေးကန်ကန် လုပ်မနေနဲ့ဟော့"

ဟု သတိပေးပြောလိုက်သဖြင့် ကျွန်ုပ်သည် သိဒ္ဓိရှင်ဂမုန်းတွေအကြောင်းကို မေးချင်ပါသော်လည်း မမေးဝံ့တော့ဘဲ တစ်ခုပြီး တစ်ခုယူ၍သာပေးနေရပါတော့၏။

www.foreverspace.com.mm

ကျွန်ုပ်သည် ဂမုန်းအမျိုးပေါင်းတို့ကိုရေတွက်၍ ကြည့်လိုက်သောအခါ ဂမုန်းမျိုးပေါင်းသုံးဆယ်ပြည့်သော အခါ ဆရာမြကြီးသည် ကြိတ်ထားသော ဂမုန်းတို့ကို စုပေါင်း၍ သမအောင် တစ်ဖန်ထပ်၍ ကြိတ်နေပြီးမှ ကျေနပ်လောက်သောအခါတွင် ထည့်စရာတစ်ခုၦ ထည့်ပြီးသော ဦးသူတော်အား ရေခပ်ခိုင်း၏။ ကျောက်ပျဉ်ကို တစ်ဖန် ဆေးကြောပြီးမှ ကျွန်ုပ်တို့အား ပြောပြလေသည်။

"နောက်ထပ်ကြိတ်ရမယ့် ဂမုန်းတွေက အခု ကြိတ်တဲ့ ဂမုန်းတွေနဲ့ မရောဘူးကွဲ့ အခုကြိတ်တဲ့ဂမုန်း တွေက အထက်ဂမုန်းတွေလို့ ခေါ်တယ် ဆရာတို့ ပညာ စခန်းမှာ ဆေးတွေနဲ့ပေါင်းစပ်ပြီး အသုံးပြုရတယ်ကွဲ့ ဒါတွေကို တစ်ခုနဲ့တစ်ခုမရောနှောစေရဘူး သူ့အမျိုးနှင့်သူ သီးသန့်ထားရတယ်"

"နောက်ပြီးမှ လက်ဦးဂမုန်းတွေကို အားလုံးစု ပေါင်းပြီး တစ်မျိုးတည်း လုပ်ကြတယ် ဒါဟာ မဟာအမှား

www.foreverspace.com.mm

တော်ကြီးပေါ့ အရောရော အနှောနှော ဖြစ်ကုန်တော့ ဘာမှကောင်းကောင်းသုံးလို့မဖြစ်ဘူး ဒါတွေကို ကြပ်ကြပ် သတိထားရတယ် ကဲ ကုန်ကုန်ပြောလိုက်မယ် လက်ဦး ဂမုန်းတွေက စမွာနဝကိုးအင်းကွဲ့ စတုပီသထောင့်ထုတ်ပြီး ခံကြိတ်ရတယ်"

ဟု ဆရာမြကြီးက စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။

"ဒါကြောင့် ဆေးကြိတ်ဆေးဖော်ရာမှာလည်း အတော်နားလည်ထားဖို့လိုသေးတယ် အင်းတွေကိုတော့ နောက်အကြောင်းသင့်ရင် ဆရာချမပြပေါ့ကွယ် ဒါမှ တန်ခိုးသတ္တိနှင့်ပြည့်စုံပြီး သိဒ္ဓိဘက်ကို ပေါက်ရောက် တယ်ကွဲ့ ကဲ . . . ကဲ မောင်ဘသိုက်တို့ တော်ရာမှာနေကြဦးဆရာ အင်းချလိုက်ဦးမယ် နောက်ပြီးတဲ့အောက်ကိုလည်း ဆင်းမသွားကြနဲ့"

ဟုပြောဆိုပြီးလျှင် ဆရာမြကြီးသည် ကန်ကူဆံနှင့် ကျောက်ပျဉ်မှာ အင်းချနေသောအခါတွင် ကျွန်ုပ်တို့လည်း ခပ်ခွာခွာမှာ ထိုင်၍ နေလိုက်ရတော့၏။

ဆရာမြကြီးသည် စိတ်ရှည်စွာနှင့်ပင် အင်းကို ကျကျနနချပြီးလျှင် တစ်ဖန် ကျွန်ုပ်တို့ကိုခေါ်လိုက်ပြီးလျှင် ဂမုန်းတွေကို တစ်ဖန် ယူစေပြန်သည်။ ထိုအခါတွင် ကျွန်ုပ်သည် ဆရာမြကြီးအား မရမက မေးမည်ဟုကြံစည်မိပါသည်။ မည်သည့်အခါမဆို မေးနိုင်ပါသော်လည်း ယခု ဆရာမြကြီး ပြုလုပ်သောအခါ၌ အတော်ပင် မေးချင်နေ

www.foreverspace.com.mm

သဖြင့် စိတ်ထဲ၌မကျေမနပ် ဖြစ်နေသည်။

အမှန်စင်စစ်မှာ ကျွန်ုပ်က ဘယ်လိုပင်မေးသော်လည်း ဆရာမြကြီးသည် ကျွန်ုပ်အားပြောမည်မဟုတ်ချေ။ အင်းချနေစဉ်က ကျွန်ုပ်တို့ကို တော်ရာမှာနေဦးဟု ပြောလိုက်သည်ကို ထောက်၍ဘာ မှဝင် ရောက်မမေးရန်ပြောခြင်း ဖြစ်ပါသည်။

အကြောင်းမှာ အင်းချနေစဉ် ဆေးကြိတ်၍ မန္တာန်ဆိုနေ သောအခါ လက်ဖွဲ့ခါးလွဲ့ထိုးသောအခါတွင်လည်း မည်သူ့ကိုမှ စကားမပြောရ။ နေရာမရွှေ့ရဆိုသည်ကိုကောင်းစွာသိနေသဖြင့် ကျွန်ုပ်လည်းမမေးဘဲ အောင့်၍နေလိုက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ နောက်မှ မေးတော့မည်ဟု စိတ်ပိုင်းဖြတ်၍ ဗိန္ဓောဆရာမြကြီးခိုင်းသမျှကို အနားမှ လုပ်ပေးနေရပါတော့၏။

ထိုအခါ တဲကလေးနောက်ဘက်ဆီမှ လူသံလိုလို စကားပြောသံလိုလို တစ်ခုကြားလိုက်ရသောအခါ ခေါင်းကို ဆတ်ခနဲထောင်လိုက်ပြီး အောက်ဘက်သို့ လှမ်းကြည့်သည်ကို မြင်လိုက်ရ၏။ ကျွန်ုပ်လည်းကြည့်လိုက်ရာ လျှပ်စီးလက်သလို ဝင်းခနဲတစ်ချက်မြင်လိုက် ရပါသော်လည်း ဆရာမြကြီး၏ကိစ္စကို နှောင့်ယှက်ရာရောက်မည်စိုးသဖြင့် ဦးသူတော် အားစကားမပြောဘဲ နေရန်မျက်စိမှိတ်၍ ခေါင်းကို ရမ်းပြလိုက်ရပါသည်။

အသံမှာကား။ ။ နောက်ထပ်ထွက်ပေါ်မလာဘဲ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် ကျွန်ုပ်၏ စိတ်ထဲတွင်

www.foreverspace.com.mm

ဂမုန်းစောင့်နတ်ကြီးများ ခြံထဲသို့ ဝင်ရောက်လာပြန်ပြီ လားဟု အောက်မေ့မိသည့် အပြင်၊ အပြင်ဘက်ကိုလည်း ခဏခဏကွန်ဒြေမရအောင်ဖြစ်ကာ လှည့်ကြည့်နေမိပါသည်။

မကြာမီပင် ဆရာမြကြီးလည်း ဂမုန်းတွေကိုကြိတ်၍ ပြီးစီး သွားသောအခါ၌ ကျွန်ုပ်သည်မအောင့်နိုင်တော့ဘဲ ချက်ချင်းပင် ဆရာကြီးအား . . .

"အခုတင်က တဲကလေးနောက်ဘက်မှာ စကားပြောသံလိုလို ကြားရတယ်. . . ဆရာကြီး နောက်ပြီးကျွန်တော်တို့အပြင်ဘက်ကို ကြည့်လိုက်တဲ့အခါမှာလည်း လျှပ်စီးလက်သလို'ဝင်းခနဲ ဝင်းခနဲ' ဖြစ်သွားကာတွေ့ရတယ် ဆရာမြကြီး ဒါဟာဘာဖြစ်တယ်မသိဘူး ဆရာကြီး ဆေးကြိတ်နေတုန်း အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကျွန်တော်တို့ မပြောဘဲနေတာ ဆရာကြီး"

ဟုပြောလိုက်ရာဗိန္ဓောဆရာမြကြီးသည် ပြုံးရယ်ပြီးလျှင်. .

"ဒါတွေဟာ အဆန်းလုပ်ပြီးပြောနေရသလားမောင်ဘသိုက်ရဲ့ ဒါမျိုးဟာ ဖြစ်တတ်တာပဲ တစ်ခြားမမှတ်နဲ့ အခုဆရာကြိတ်နေတဲ့ ဂမုန်းတွေဟာ အတိုက်အခံဘက်မှာအသုံးပြုမယ်ဆိုတာ သူတို့ကလည်းသိတယ် မောင်ဘသိုက်ရဲ့ ဆရာဆေးကြိတ်တာကို ပျက်စီးအောင် လာပြီးနှောင့်ယှက်တာကွဲ့ ရှေ့ကိုမောင်ဘသိုက် သတိထားပြီးကြည့် အနှောင့်အယှက်တွေနဲ့ တွေ့ရတော့မယ် ဘယ်လို

www.foreverspace.com.mm

တွေ့တွေ့ ဆရာကလည်း ခုခံဖို့ အသင့်ပါပဲကွယ်”

“လက်ဦးကြိတ်တဲ့ဆေးကတော့ သိဒ္ဓိတစ်ခုခု ပေါက်ရောက်အောင် ကြံစည်ရမယ် ကဲ. . ကဲ ဒါတွေကို ပြောနေလို့ အရာမရောက်ဘူးကွဲ့ ကြိတ်ပြီးသား ဂမုန်း ပေါင်းတွေကိုယူခဲ့”

ဟု ဆရာမြကြီးက ပြောဆိုပြီးလျှင် တဲထဲသွား သဖြင့် ကျွန်ုပ်နှင့် ဦးသူတော်လည်း ဂမုန်းကြိတ်ပြီးသား တစ်ယောက်တစ်ခု ယူလာပြီးလျှင် ဆရာမြကြီးအနားသို့ ယူသွားရပါတော့၏။

ဆရာမြကြီးသည် ဂမုန်းပေါင်းတို့ကို အတောင့် လေး ပြုလုပ်၍ ဆေးနှင့်ရောသင့်သည်တို့ကိုရောပြီးလျှင် အလုံးတချို့၊ လေးထောင့် တသွယ်လုပ်ခဲ့ပြီးနောက် ဒုတိယ ကြိတ်သော ဂမုန်းပေါင်းတို့ကို ဆေးနှင့် ရောပြီးနောက် အရုပ်အမျိုးမျိုးပြုလုပ်နေသည်မှာ တစ်နေ့လုံး လိုလိုပင် ဖြစ်နေတော့၏။

သို့ဖြင့် ညအချိန်သို့ရောက်သောအခါတွင် ဆရာ မြကြီးသည် ဘုရားဝတ်ပြုပြီးသည်နှင့် တစ်နေ့လုံးပြုလုပ် လာခဲ့သော ဂမုန်းပေါင်းနှင့်တကွ အရုပ်အမျိုးမျိုးတို့ကို ဂါထာစုတ်နေသည်က တစ်ခါတစ်ရံ ဆရာကြီးကို ကြည့်ရ သည်မှာ နဖူးကြောကြီးတွေပင်ထောင်၍ ထလာ သည်ကို တွေ့ရ၏။ ထိုအခါ အတော်ပင် စိတ်ပါလက်ပါ နှင့်ပြုလုပ် နေကြောင်း ကောင်းစွာထင်ရှားနေရုံမက တစ်စုံတစ်ခု ဖျက်ဆီးမည်ကိုလည်း စိုးရိမ်ဟန်တူပါသည်။

www.foreverspace.com.mm

သိုနှင့်ပင် ကျွန်ုပ်သည် ဗိန္ဓောဆရာမြကြီး၏ အရိပ်အခြေကိုကြည့်ရင်း ညဉ့်နက်လာသောအခါတွင် ဆရာမြကြီးလည်း ဂါထာစုတ် အင်း စီရင်နေသဖြင့် အိပ်ချင်လာ၍ဦးသူတော်အားခဏထိုင်စောင့်ရန် တီးတိုးပြောလိုက်၏။ ထိုအခါ ဦးသူတော်ကပင် ကျွန်ုပ်အားမအိပ်ဘဲ စောင့်နေရန် ပြန်ပြောသဖြင့် အကြောင်းထူးလိမ့်မည်လောဟု အောက်မေ့ကာ မအိပ်ဘဲ စောင့်နေရပါတော့၏။

ဗိန္ဓောဆရာမြကြီးသည် ဒုတိယဂမုန်းပေါင်းတွေကို ပြုလုပ်ထားသော အရုပ်အမျိုးမျိုးကို တစ်ခုစီ တစ်ခုစီ ယူ၍စီရင်နေသော အခါတွင် ကျွန်ုပ်မှာစိတ်ဝင်စားလာပြန်သဖြင့် အိပ်ချင်သောအရာများပင် ပျောက်ကုန်ပြန်ပါတော့၏။

ထို့နောက် ဗိန္ဓောဆရာမြကြီးသည် ညဉ့်သန်းခေါင် အချိန်သို့ ရောက်ကာနီးတွင် အရုပ်ကလေးများကို လွယ်အိတ်ထဲတွင် တချို့တစ်ဝက်ထည့်၍ ကျွန်ုပ်တို့ဘက်သို့ လှည့်ကြည့်ပြီးလျှင် ကျွန်ုပ်တို့ ထိုင်၍ကြည့်နေသည်ကို မြင်သောအခါ . . . ။

"မောင်ဘသိုက် မအိပ်ကြသေးဘဲကိုးကဲ့ ဒါဖြင့်လာကြ ဆရာ ဂမုန်းပေါင်းနဲ့ စီရင်ထားတဲ့ အရုပ်တွေကို စမ်းသပ်ကြည့်ဦးမယ်"

ဟု ပြောဆိုကာ တဲကလေးအောက်သို့ ဆင်းသွားပါတော့၏။

ကောင်းကင်ပေါ်မှာ လမှာလည်း ဆီးနှင်းတွေ

www.foreverspace.com.mm

ကင်းကွာစွာဖြင့် သာချင်တိုင်း သာယာနေသည်။ ထိုညအဖို့ ကျွန်ုပ်၏စိတ်ထဲတွင် အထူးပျော်မြူးသလို ဖြစ်နေပါတော့၏။ အဘယ်ကြောင့်ဆိုသော် ဗိန္ဓောဆရာမြကြီးကလည်း အရုပ်တွေကို စီရင်ပြသစမ်းသပ်မည်ဆို၍ ပြောလိုက်သည်ကတစ်ကြောင်း စိတ်ကြည်နူးစရာဖြစ်သော သဘာဝ၏ရှုမျှော်ခင်း၊ သစ်ပင်တို့ကို ကြည့်ရခြင်းအားဖြင့် အတော်ပင်စိတ်ထဲမှာ ကြည်လင်နေပါတော့သည်။

သို့ဖြင့် တဲကလေးအောက်သို့ ရောက်သောအခါ ဗိန္ဓော ဆရာမြကြီးသည် ကျွန်ုပ်နှင့်ဦးသူတော်ကို နောက်ကလိုက်စေပြီးလျှင် တဲကလေး၏မြောက်ဘက်သို့ အတန်ထွက်လာပြီးနောက် နေရာကွက်လပ်တစ်ခုကို တွေ့ရသော အခါ ဗိန္ဓောဆရာမြကြီးသည် ထိုနေရာတွင် ရပ်လိုက်ပြီး

"ကဲ . . မောင်ဘသိုက် ဒီနားမှာလက်နေကြတော့ လက်ဦး နန္ဒိဝိသာလအမည်ပေးထားသော နွားမင်းကို အရင်လက်ဦး စမ်းသပ်ဦးမယ် ဘာမြင်မြင် မောင်ဘသိုက် ဆရာ့ကိုမမေးနဲ့နော် . . အသာကြည့်နေ"

ဟု ပြောထားခဲ့ပြီးလျှင် ရှေ့သို့အနည်းငယ်ခွာသွားပြီးမှ လွယ်အိတ်အတွင်းမှ ဂမုန်းပေါင်းကိုစီရင်ထားသော နွားရုပ်ကလေးတစ်ခုကို ဆရာမြကြီးကယူထုတ်လိုက်၏။ ထို့နောက်လက်ဝါးပေါ်တွင် တင်ထားပြီး အထက်ဆိုင်ရာ ဂိုဏ်းရှင်အား တိုင်ကြားလိုက်ပြီးလျှင် . . .

ဆရာကြီးသည် ယခင်လက်ဦးနေရာသို့ ဝင်သွားပြီးလျှင် မြေကြီးပေါ်မှ နွားရုပ်ကလေးကို ကောက်ယူ

www.foreverspace.com.mm

လိုက်၏။ ထို့နောက် လက်ဝါးပေါ်တွင် သေချာစွာတင်ပြီး ပွတ်သပ်ပြုလုပ်ပြီးမှ လွယ်အိတ်အတွင်းသို့ ပြန်လှည့်ထားလိုက်သည်။

ထို့နောက် တစ်ဖန် ဗိန္ဓောဆရာမြကြီးသည် လွယ်အိတ်အတွင်းမှ အရုပ်ကလေးတစ်ခုကို ယူထုတ်လိုက်ကာ လက်ဝါးပေါ်တွင်တင်၍ 'သုပဏ္ဏက ဂဠုန်မင်း'ဟု ပါးစပ်မှ တစ်ချက်ခေါ်လိုက်သလို ပြုလုပ်လိုက်သည်။

"ကဲ.. ဆိုင်ရာတို့က ဂဠုန်မင်းကိုပြပါလေတော့"

ခဏ၌ ဆရာမြကြီးသည် ထိုကျလာသောအရာကို ကောက်ယူလိုက်ကာ သုတ်ပွတ်နေမှ ဆေးဂဠုန်ရုပ်ဖြစ်ကြောင်းသိရပါတော့၏။

ထို့နောက် ဗိန္ဓောဆရာမြကြီးသည် လွယ်အိတ်အတွင်းသို့ ပြန်၍ထည့်လိုက်ပြီးလျှင် ကျွန်ုပ်တို့အား တဲကလေးသို့ပြန်ခေါ်လာပါတော့၏။ တဲကလေးပေါ်သို့ရောက်သောအခါ ဆရာမြကြီးသည် ဆေးရုပ်တွေကို ကောင်းစွာနေသားတကျ သိမ်းဆည်းထားပြီးနောက် ကျွန်ုပ်အား ပြောပြပါတော့၏။

"အခုနက ဆရာပြောတာ မှတ်မိသေးရဲ့လားကွဲ့ . . . မောင်ဘသိုက်ရဲ့ အထက်နဲ့အောက်ဆိုတာ ဘယ်လောက်ကွာခြားတယ်ဆိုတာ ဆရာ ပြောပြမယ် နောက်ပြီးပထမဦးဆုံးမှတ်ထားဖို့က ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါး ဆရာ၊ သမား၊ မိဘတို့ရဲ့ ဂုဏ်ကျေးဇူးနဲ့ သက်ဆိုင်သမျှကို အထက်လို့သေသေချာချာ

www.foreverspace.com.mm

မှတ်ထားကွဲ့" ဟု ဗိန္ဓောဆရာမြဲကြီးက ရှင်းပြလေသည်။

"အောက်ဆိုတာ လောဘ၊ ဒေါသ၊ မာန ဆိုတဲ့ အရာတွေနဲ့ စပ်လျဉ်းလာပြီး သူတပါးအသက်ကို သတ်ခြင်း၊ အစရှိတဲ့မကောင်းသော အကျင့်၊ မကောင်းသော ကြံစည်ခြင်းဆိုတဲ့ အရာတွေဟာ အောက်လမ်းလို့ မှတ်ရတယ်၊ တစ်ချို့အောက်လမ်းမှာရှိသေးတယ်၊ လောဘတက်လာတဲ့အခါ ဒေါသဖြစ်တဲ့အခါ၊ မာနထောင်လွှားတဲ့ အခါများမှာ သူတစ်ပါးကိုသေအောင် ပျက်စီးအောင် ဒုက္ခဖြစ်အောင် ပြုလုပ်တတ်တယ် ဒါတွေဟာဘယ်မှာ ကောင်းကျိုးပေးနိုင်မလဲ ကဲ . . . ဥပမာနဲ့ သေသေချာချာပြောပြမယ် အထက်နဲ့အောက် ကွာခြားပုံကို သေသေချာချာမှတ်ပေတော့ . . . "

www.foreverspace.com.mm



"မောင်ဘသိုက် ကြားဖူး သင်ဖူးမှာပဲ၊ တို့ ဘုရားလက်ထက်တော်က အာဠာဝကဆိုတဲ့ ဘီလူးကြီး ဟာ. . . ဘယ်လောက်တန်ခိုးနဲ့ ပြည့်စုံသလဲဆိုရင် ဘုရင်ကတောင် တစ်နေ့ကိုလူတစ်ယောက်ကျလာပြီး ဆက်နေရတဲ့ ဘီလူးကြီးပေါ့ သူ့နေရာကိုရောက်လာတဲ့ လူမှန်သမျှ ဘယ်တော့မှ ချမ်းသာပေးလေ့မရှိဘူး တိုတိုပြောကြပါစို့ တစ်နေ့တော့ မြတ်စွာဘုရားရဲ့ ရွှေညာဏ်တော်ထဲမှာ ဒီကနေ့ အာဠာဝကကို ဆုံးမပြီး အထက်လမ်း မဂ်ဖိုလ်တရားကို ဟောပြောမယ်လို့ ထင်မြင်လာသတဲ့"

"ဒါနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာလည်း ချက်ချင်းဆိုသလို အာဠာဝကရဲ့ ဗိမာန်ကြီးထဲသို့ တန်ခိုးအဘိညာဉ်နဲ့ ရောက်လာပြီး တစ်ခါတည်း ဝင်နေလိုက်တယ်ဆိုပါတော့ကွယ် အာဠာဝက ဘီလူးကြီးကလည်း ဒီတစ်ခါမှာမရှိဘူး နတ်ဘီလူးတွေ အစည်းအဝေးကိုသွားနေခိုက်နဲ့ ကြုံနေတော့ ဘီလူးကြီး မသိရှာဘူးကွဲ့

www.foreverspace.com.mm

အစည်းအဝေးက ပြန်လာတဲ့အခါမှာ သူရဲ့တန်ခိုးနဲ့ကြည့်လိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ သူရဲ့ဗိမာန်ထဲမှာဝင်ပြီး သီတင်းသုံးနေတာကို မြင်ရတဲ့ အခါမှာ ဒေါသ၊ မာနဆိုတဲ့ အောက်လမ်းတရားတွေက အာဠာဝက ဘီလူးကြီးကို ထိုးဆွပေးလိုက်တော့ အလိုလိုကမှ ဒေါသ၊ မာနတွေ ထောင်လွှားနေရတဲ့အထဲ အခုလို မြတ်စွာဘုရားကိုမြင်လိုက်ရင်ပဲ ယမ်းပုံမီးကျသလို မာနထောင်လွှားပြီး ဒေါသအိုးကြီးပေါက်ကွဲလာတော့တာပေါ့”

“အောင်မာ. . . ရာရာစစ ငါ့ဗိမာန်ထဲဝင်နေတာ ဘယ်သူလဲ အခု ချက်ချင်းသိစေမယ် တစ်ခါတည်း မှုန့်မှုန့်ညက်ညက်ကျအောင်ပြုလုပ်လိုက်မယ်ဆိုပြီး ဒေါသတကြီးနဲ့ခုန်လွှားပြီး လာလိုက်တာ တောင်ကြီးများတောင်ပဲ့ရွဲ့ပြိုပျက်သွားသတဲ့ မောင်ဘသိုက်ရဲ့ အောက်လမ်းဆိုတာများ ကြည့်စမ်း ဘုရားမှန်းတရားမှန်းတောင် မသိရှာဘူး ဘယ်လောက် ကြောက်စရာကောင်းသလဲ”

“အဲဒီတုန်းက ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း အာဠာဝကရဲ့ မောင်းမပရိသတ်တွေကို တရားဟောပြောပြီး သူတစ်ပါးရဲ့အသက်ကို မသတ်ဖို့ လောဘ၊ ဒေါသ မာနတရားတွေကိုမထားဖို့ အစရှိသည်ဖြင့် အထက်မဂ်ဖိုလ်သို့တက်ရောက်စေတတ်တဲ့ တရားတော်တွေကိုဟောပြောနေတာများဒေါသထွက်နေတဲ့အာဠာဝကကြီးကို ဂရုတောင်မစိုက်ဘူး တရားဟောပြောနေတယ် ဒီတစ်ခါမှာ ဗြုန်းဆို အာဠာဝကကြီးကလည်း ဗိမာန်အဝကို

www.foreverspace.com.mm

ရောက်လာတဲ့အခါမှာ သူရဲ့ ပရိသတ်တွေက ဘုရား၊တရား တော်ကို နာနေတဲ့နေရာမှာ တစ်ယောက်မှထပြီး သူကို မကြိုဆိုကြတော့ပိုပြီး ဒေါသအိုးကြီး ပေါက်ကွဲလာတာပေါ့"

"အဲဒီအခါမှာ အာဠာဝကကြီးက မြေကြီးကို ဖနောင့်နဲ့ပေါက်ပြီး မြတ်စွာဘုရားကို ယုတ်မာညစ်ညမ်းတဲ့ စကားတွေနဲ့ ပြောဆို တိုင်းတွာကာ ဗိမာန်ထဲက ခေါ်ထုတ်သတဲ့ ဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီလောက်ကြမ်းတမ်းယုတ်မာစွာ ပြောဆိုနေတဲ့ အာဠာဝက ဘီလူးကြီးကို မေတ္တာဓာတ်ဖြင့် အာရုံပြုပြီးနေတဲ့အခါ ပိုပြီးဒေါသထွက်လာသတဲ့"

"အဲဒီအခါမှာ မောင်ဘသိုက် စဉ်းစားစမ်း. . . အထက် လမ်းနဲ့ အောက်လမ်း ဘယ်လောက်ကွာသလဲ သူဗိမာန်ထဲ သူမဝင်ရဲအောင် ဖြစ်နေတာသာ ကြည့်တော့ . . ဘုရားရှင်ကိုယ်တော်မြတ်ကြီးထိုင်နေရုံနဲ့ ဘယ်လောက် တန်ခိုးကြီးနေစေကာမူ အခုလိုဒေါသကြီးနေတဲ့ ဘီလူး,မ ပြောနဲ့ သေအောင်ကြံစီမည့် နတ်ဗြဟ္မာတို့တောင် မကပ်နိုင်ဘူး"

"သို့သော် ဘုရားကိုအခုလိုအံတုဝံ့တဲ့ အာဠာဝက ကြီးကိုလည်း သာမည မအောက်မေ့နဲ့ သူလို တန်ခိုးကြီးတာ အင်မတန် ရှားတယ်"

"သူခေါ်ထုတ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဂရုမစိုက်ဘဲ နေတဲ့အခါမှာ အမျိုးမျိုးပေါ့ကွယ် ဓားစက်၊ လှံစက်တွေထက်ကြမ်းတဲ့ လက်နက်တွေနဲ့ မြတ်စွာဘုရား

www.foreverspace.com.mm

ကို မှုန့်မှုန့်ညက်ညက်ကြေအောင် လွှတ်တာပေါ့ သူလွှတ်လိုက်တဲ့ လက်နက်တွေဟာ တစ်ခြားလူဆိုရင် သူထင်သလို တစ်ခါတည်းနဲ့ မှုန့်မှုန့်ညက်ညက်ဖြစ်သွားစေနိုင်တဲ့ လက်နက်တွေပေါ့မဟုတ်လား မောင်ဘသိုက် အဲဒီလက်နက်တွေဟာ မြတ်စွာဘုရားနားကို ရောက်တော့ ပန်းတွေ၊ တံခွန်တွေဖြစ်ပြီး မြတ်စွာဘုရားရှေ့မှာ ကျရောက်ကုန်သတဲ့"

"ဒီတော့ အာဠာဝကကြီးဟာ ပိုပြီးဒေါသကြီးလာပြီး ဘီလူးတို့ရဲ့လက်နက်ဆိုတာ ဘီလူးတို့မှာ နတ်ဘီလူးကြီးတွေမှတစ်ပါး အောက်လက်ငယ်သားတွေမသုံးနိုင်ဘူး"

"ကဲ . . ဆိုပါတော့ ဘွဲ့ဖြူလက်နက်နဲ့ အစွမ်းကုန်ပြုလုပ်လိုက်သော်လည်း မြတ်စွာဘုရားရဲ့ ကိုယ်တော်မပြောနဲ့ မွေးညှင်းကလေးတစ်ပင်ကိုမှမထိဘူးတဲ့ ဘုရားရဲ့ရှေ့တော်မှောက်ကို ရောက်တဲ့အခါမှာ ပန်းဆိုင်း ဆွဲကြိုးတွေလိုသာဖြစ်ပြီး တည်နေသတဲ့ မြတ်စွာဘုရားကလည်း တန်ခိုးသိဒ္ဓိရှင် အာဠာဝကကလည်း တန်ခိုးကြီး တဲ့နတ်ဘီလူး ဒီတော့ အထက်လမ်းနဲ့ အောက်လမ်းကွာခြားချင်တိုင်း ကွာခြားနေတာပေါ့ အောက်လမ်းသမားက ဘယ်လိုပင်ပြုလုပ်စေကာမူ အထက်လမ်းပုဂ္ဂိုလ်မြတ်ကြီးကတော့ ဘာမှမဖြစ်တဲ့အပြင် အာဠာဝကကြီးကိုပင် မေတ္တာဓာတ်တော်ထားပြီး သနားနေရှာသေးတယ်လေ. . . "

"ဒီတော့ ဘီလူးကြီးဟာ စိတ်ထဲမှာ သူလွှတ်လိုက်တဲ့ လက်နက်တွေက တစ်ခုမှထိထိရောက်ရောက်မရှိတော့

www.foreverspace.com.mm

တစ်မျိုးကြံစည်ပြန်သကွဲ့ ဘယ်လို ကြံစည်သလဲဆိုရင် အသာတကြည်နဲ့ ချော့မော့ခေါ်ထုတ်ပြီးမှ ထွက်လာတဲ့ အခါ ခြေနှစ်ချောင်းကိုကိုင်ပြီး သမုဒ္ဒရာထဲ ပစ်လိုက်မယ်လို့ ကြံပြီးလျှင် မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးကို လေအေး ကလေးနဲ့ ပြောသတဲ့"

"ဘယ်လိုလဲ အရှင်မရှိဘဲ ထားခဲ့တဲ့ဗိမာန် အ တွင်းကိုဝင်နေတာ သင့်တော်သလား အခုထွက်ခဲ့ပါ ဗိမာန် အတွင်းမှ ကိုယ်လိုရာကို သွားပါလို့ ပြောသတဲ့ မြတ်စွာ ဘုရားကလည်း အာဠာဝကကြံစည်ကတည်းက အားလုံး သိပြီးပြီးကွဲ့ သူ့စိတ်ထဲမှာ ဘယ်လိုကြံစည်နေတယ်ဆိုတာ ကိုသိတဲ့ မဟာဉာဏ်တော်ကို ပရစိတ္တဝိဇာနာန ဉာဏ် တော် ခေါ်သကွဲ့"

"ဒီတော့ မြတ်စွာဘုရားကလည်း သူ့အကြံ အစည်ကို သိနေတော့ ဘယ်ထွက်လာမလဲ နေရာမရွေ့ ထိုင်မြဲထိုင်နေတယ် မတုန်မလှုပ် မကြောက်မလန့်ပေါ့ ကွယ် ဘယ်ကြောက်လန့်မလဲ အတုမရှိ ပုဂ္ဂိုလ်ကြီးကိုး ဒါနဲ့ ဘီလူးကြီးစိတ်ထဲမှာ အကြံဖြစ်လာသတဲ့ ဒီ အကြောင်း သိရအောင်မေးဦးမယ်ဆိုပြီး မြတ်စွာဘုရားကိုဘယ်လို ကြောင့် ဗိမာန်အတွင်းက မထွက်သလဲ အေးအေးပြောနေ တုန်း ထွက်လာအောင်ပြောတာ ဘာကြောင့် ထွက်မလာရ တာလဲလို့မေးတော့"

"ဒီတော့ မြတ်စွာဘုရားက အချင်းအာဠာဝက သင့်ရဲ့စိတ်ထဲ မှာ အခုလိုအေးအေးလူလူပြောလိုလာခဲ့လျှင်

www.foreverspace.com.mm

ခြေနှစ်ချောင်းကိုကိုင်ပြီး သမုဒ္ဒရာထဲကို လွှတ်ပစ်မယ်လို့ သင်ကြံစည်ထားတာကိုသိလို့ မထွက်ဘဲနေတယ် သို့သော် . . . ကြောက်လို့မထွက်ဘူးဆိုတာကိုတော့ သင်မထင်လေနဲ့ . . ငါတို့မှာ ကြောက်လန့်ခြင်းဆိုတာမရှိဘူး အာသဝေါကုန်ပြီးတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ သင်အခုထက်မက အမျိုးမျိုးပြုလုပ်သော်လည်း ကြောက်ခြင်း၊ လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းဆိုတာ မရှိဘူးမှတ်ပါ"

"သင့်ရဲ့ စိတ်သဘောထား မကောင်းတဲ့အကြံအစည်ကြောင့် ငါဘုရားမထွက်ဘူးလို့ ပြောလိုက်တဲ့အခါ အာဠာဝကကြီးဟာ အကြံတစ်မျိုးဖြစ်လာပြန်သတဲ့ . . . "

"အင်း . . . ငါကြံလိုက်သမျှကို သိနေပြီကိုး . . . ငါလွှတ် လိုက်တဲ့ စက်အမျိုးမျိုးနဲ့ ဘယ်ရန်သူမှ မခံနိုင်တဲ့ ဘွဲ့ဖြုလက်နက် တွေတောင် အနားကို မရောက်နိုင်တာဟာ သာမည မဟုတ်ဘူးထင်တယ်။ သို့သော်လည်း အခုလို ကြံစည်ပြီးခေါ်လို့မရရင် တစ်မျိုးနဲ့ ခေါ်ဦးမယ် အခုလို ငါကြံတာကိုသိနေလို့ မထွက်ရင် သူ့ကိုဘာမှ မလုပ်ပါဘူး ငှါဗိမာန်ထဲကသာ ထွက်ရင်တော်ပြီလို့ ကြံပြီး . . . "

"ကဲ . . . ငှါ ဗိမာန်ထဲကသာ ထွက်ပြီးသွားလိုရာသွားပေ တော့။ ဘာမှမလုပ်ပါဘူးဟု ပြောလိုက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ နားမလည်တဲ့ကလေးတွေကို အလိုလိုက်ပြီးဆုံးမ တတ်တဲ့ မိဘများလို ဘီလူးကြီးပြောတဲ့အတိုင်းပဲ ဗိမာန်ထဲကထွက်လာမယ်လို့ကြံပြီး ထိုင်ရာမှ ထလာသတဲ့"

www.foreverspace.com.mm

"ဒီတော့ . . . အာဠာဝက ဘီလူးကြီးကလည်း အင်း . . . ဒီလိုဆိုတော့ တစ်မျိုးကြံဦးမယ်ဆိုပြီး မြတ်စွာဘုရားကို ကောင်းပြီ ဗိမာန်အတွင်းမှာ နေချင်ရင်နေဦးလို့ ပြန်ပြောလိုက်တဲ့အခါ မြတ်စွာဘုရားကလည်း ပြန်ပြီး ပထမနေရာမှာ ပြန်ထိုင်နေတယ် ဒီတစ်ခါခေါ် လို့ထွက်လာရင် ခြေနှစ်ချောင်းကိုင်ပြီး ဟိမန္တာတောင်ဘက်ကို လွှတ် ပစ်လိုက်မယ်လို့ ကြံစည်ကာ အခုတင်ကလို ပြန်ပြီး ခေါ်ထုတ်ပြန်တယ် ဒီလိုခေါ်လိုက်ရင်ပဲ မြတ်စွာဘုရားက မထွက်လာပြန်ဘဲ ထိုင်မြဲထိုင်နေပြန်သတဲ့"

"အဲဒီတော့ အာဠာဝကကြီးက မေးပြန်သတဲ့ . . ဘာဖြစ်လို့ အခုတင်ကလို မထွက်ပြန်သလဲလို့ မေးတော့ ဘုရားက ဒီတစ်ခါထွက် ရင် ခြေနှစ်ချောင်းကိုကိုင်ပြီး သင်ဟာ ဟိမန္တာတောင်ဘက်ကို လွှတ် ပစ်လိုက်မယ်လို့ကြံတယ်မဟုတ်လား ဒါ့ကြောင့် သင့်ရဲ့ မကောင်း သောစိတ်ထားကြောင့် ငါမထွက်ဘူးလို့ အမိန့်ရှိလိုက်တဲ့အခါ အာဠာဝကဘီလူးကြီးဟာ ဘာမှထပ်မပြောနိုင်ပဲ သူ့စိတ်ထဲမှာ အာဂပုဂ္ဂိုလ်ကြီးပဲလို့ အမျိုးမျိုး တွေးတောနေတဲ့အခါမှာတော့ စိတ် အနည်းငယ်ပျော့ပျောင်းလာမှန်းကို သိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အထက်လမ်းရဲ့ လက်နက်ဖြစ်တဲ့ တရားဓမ္မစက်ဖြင့် တစ်ချက်တည်း လွှတ်လိုက်တယ် အာဠာဝကကြီးလည်း ခွေကျသွားတာပေါ့ . . "

"ဘီလူးကြီးခွေကျသွားတယ်ဆိုတာ လက်နက်တွေနဲ့ထိပြီး ကျသွားသလို တရားတော်ရဲ့တန်ခိုး ဘုရားရဲ့

www.foreverspace.com.mm

တန်ခိုးကြောင့် စိတ်ပျော့ပျောင်းသွားပြီး ဘုရားကိုကြည်ညိုလာပြီး ဒေါသတွေပြေပျောက်သွားတာကို ပြောတာကွဲ့ ဒီအခါမှာ မြတ်စွာဘုရားက ဂါထာတစ်ပုဒ်သာ ဟောရတယ် အာဠာဝကကြီးအောက်လမ်းက အကျွတ်တရားရပြီး အထက်လမ်းဆိုတဲ့ မဂ်ဖိုလ်လမ်းကို ချက်ချင်းမြင်ပြီး ဘုရားရှင်ကို ဒူးတုပ်ရှိခိုးရတယ်။ အဲဒါ အာဠာဝကကြီးကို တရားဓမ္မစက်ဖြင့် တစ်ချက်တည်းဖြတ်လိုက်မှ အထက်လမ်းကို ယုံကြည်တဲ့ သောတာပန် အာဠာဝကကြီးဖြစ်သွားတယ်”

“အထက်လမ်းကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်မှန်သမျှ အထက်လမ်းကို ရောက်နေသမျှ ပုဂ္ဂိုလ်တွေဟာ သူတစ်ပါးရဲ့အသက်ကို သတ်ခြင်း၊ မကောင်းတဲ့စိတ်သဘောထားတွေကို ဘယ်တော့မှ မပြုတော့ဘူး ဒါလည်း ထင်ရှားအောင် ဆရာဆက်ပြီး ပြောလိုက် ဦးမယ် အခုတင်က ပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားရဲ့ တရားတော်ကိုနာရလို့ သောတာပန်တည်ပြီးတဲ့ အာဠာဝကဘီလူးကြီးဟာ တစ်နေ့ကို လူတစ်ယောက်ကျ သူစားဖို့ ဘုရင်က ဆက်နေတဲ့အကြောင်းကို ပြောပြီးပြီနော် သူ့ဆီကို ရောက်လာရင် အရှင်လတ်လတ် တစ်ခါတည်းစားလိုက်တာပဲ။ ဘယ်လောက်ရက်စက်တယ်ဆိုတာသာ ကြည့်တော့. . .”

“အခုတော့ အထက်လမ်းပုဂ္ဂိုလ်ဖြစ်သွားတော့ သူ့ဇီမာန်ထဲက မြတ်စွာဘုရားထွက်လာတဲ့အခါ သူကလည်း နောက်ကထွက်လိုက်လာလို့ အပြင်လည်းရောက်ရော အခုနပြောတဲ့ ဘုရင်ကလည်း ထောင်ကျနေတဲ့

www.foreverspace.com.mm

လူကြီးတွေကုန်လို့ ကလေးတွေကို ဆက်သနေရတဲ့ အခါနဲ့ ကြုံပြီး မင်းချင်းယောကျ်ားတွေက ကလေးတစ်ယောက်ယူလာ၍ ဆက်သနေကျ အာဠာဝက ဘီလူးကြီးကို လာပြီး ဆက်တဲ့ အခါဖြစ်နေခိုက် ဘုရားရှင်နှင့် ရင်ဆိုင်တိုးမိသတဲ့"

"အဲဒီတော့ မြတ်စွာဘုရားကလည်း အာဠာဝက ဘီလူးကြီးကို ကြည့်ပြီး ဘယ်လိုလဲ အာဠာဝက သင့်ဖို့ စားတော်လာဆက်နေတာကို သွားပြီးယူလိုက်ပါလား အခုစားလိုက်ပါလားလို့ ပြောတဲ့အခါ အာဠာဝကဘီလူးကြီးဟာ ထိုအခါမှာ အရင်က လုပ်လာခဲ့တဲ့အောက်လမ်းအကြောင်းတွေကိုရှက်ပြီး မြတ်စွာဘုရားကို မျက်နှာငယ်နဲ့ပြန် ကြည့်ရှာသတဲ့"

"အရင်တုန်းကဆိုရင် အောက်လမ်းသမားပီပီ လာပြီးဆက်တာနဲ့ တစ်ခါတည်း ကျွတ် . . . ကျွတ်မြည် အောင်ဝါးစားပြီး သွား ပြီ. . . အခုတော့ အထက်လမ်းမှာ ဆရာကြီးအထွဋ်အမြတ် ပုဂ္ဂိုလ်ကြီးက ဆုံးမထားလို့ အထက်လမ်းပုဂ္ဂိုလ်ဖြစ်နေတော့ သူတစ်ပါး အသက်ကို သတ်ပြီးစားဖို့မပြောနဲ့ မိမိကိုရည်ရွယ်ပြီး သတ်လာတာကိုတောင် မစားတော့ဘူးကွဲ့ မကောင်းတဲ့ စိတ်ထားတွေလည်း တစ်ခါ တည်းပျောက်ကုန်တယ် သူ့စိတ်ထဲမှာ ကောင်းတဲ့အကြံအစည်တွေသာ ဖြစ်ပေါ်လာတာပဲ"

"ဒီတော့ အာဠာဝကဘီလူးကြီးက သူ့ကို ဆက်သလာတဲ့ သူငယ်ကလေးကိုယူပြီး မြတ်စွာဘုရားကို လျှဒါန်းရှာတယ် ဒါမှ မြတ်စွာဘုရားကလည်း ကလေးကို မင်းချင်း

www.foreverspace.com.mm

ယောကျ်ားတို့ထံ ပြန်အပ်ကာ တရားဟောပြီးမှ ပြန်လွှတ်လိုက်တယ် နို့မဟုတ်ရင် အာဠာဝက ကြီး ဗိုက်ထဲတစ်ယောက် ရောက်ပြန်ဦးမယ် အဲဒါတွေဟာ အထက် လမ်းနဲ့ အောက်လမ်း ကွာခြားပုံပေါ့ဆိုတဲ့ ရတနာသုံးပါးနဲ့ဆရာသမား မိဘဂုဏ်ကျေးဇူးကို အမြဲအောက်မေ့တယ် မကောင်းတဲ့ စိတ်ထားကိုပါ ပယ်ဖျောက်ကြတယ် ကောင်းတဲ့ အကြံအစည်ကိုကြံပြီး ကုသိုလ် တရားကို အားထုတ်ကြတယ် သူတစ်ပါးရဲ့အသက်ကို မညှင်းပန်း မနှိပ်စက် မသတ်ဖြတ်ကြဘူး မာနမထားဘူး ဆုံးမစရာရှိရင် မှတ်သားလောက်အောင် ဆုံးမတတ်ကြတယ်”

“အောက်လမ်းလိုက်တဲ့သူများကတော့ အခုဆရာပြောခဲ့တဲ့အတိုင်း ပြောင်းပြန်ပေါ့ ရတနာသုံးပါး ဆရာသမား မိဘဂုဏ်ကျေးဇူးကို ဘယ်မှာနေမှန်းမသိဘဲ လောဘ၊ ဒေါသ၊ မာန အစရှိတဲ့ အောက်လမ်းတရားအတိုင်းကောင်းတဲ့ စိတ်ထားကို မကြံစည်ဘဲ၊ မကောင်းတဲ့ အကြံအစည်တို့ကိုသာ အမြဲကြံစည်နေတတ်တယ်၊ သူတစ်ပါးအသက်ကို သတ်ဖို့ ဒုက္ခဖြစ်အောင်ကြံဖို့ဆိုတာများတော့ အောက်လမ်းသမားများမှာ ဝန်မလေးဘူးကွဲ့ ကုသိုလ်တရားများကို ဆိုလိုတာကတော့ သူတို့ စိတ်ထဲမှာရှိကို မရှိဘူးဆိုသလို အကုသိုလ်စိတ်တွေသာ အမြဲကြံစည်နေကြတာပဲ”

“ဒါကြောင့် မောင်ဘသိုက် အထက်လမ်းနဲ့ အောက်လမ်း အပြိုင်အဆိုင် လုပ်ကြပြီဆိုရင် အထက်လမ်း

www.foreverspace.com.mm

ဆရာရဲ့လက်ချက်နဲ့ အောက်လမ်းသွား ဆရာတို့ဟာ တစ်ခါတည်းဝပ်သွားတာသာများ တယ်ကွဲ့။ အခု ဆရာပြောတာ ရှင်းတယ်မဟုတ်လား"

"နောက်ပြီး . . ထပ်ပြောရဦးမယ်ဆိုရင် မိုးလင်းလို့တော့ ကုန်နိုင်မှာမဟုတ်ဘူး ဒါကြောင့် ရတနာသုံးပါး ဆရာသမား မိဘဂုဏ်ကျေးဇူးနဲ့ ပဥ္စသီလငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲတဲ့သူတွေကို အထက်လမ်းလိုက်တဲ့ပုဂ္ဂိုလ်တွေလို့ အမြဲအောက်မေ့ပါ"

"တစ်စုံတစ်ခု ဒုက္ခတွေကြုံလာရင် ပြောခဲ့တဲ့ ရတနာသုံးပါး ဆရာသမား မိဘဂုဏ်ကျေးဇူးကို အထပ်ထပ်သာအားထုတ်ပါ မိမိကြံစည်သမျှ အလိုခပ်သိမ်းပြည့်စုံနိုင်တယ်ကွဲ့ အမြဲတမ်းအားထုတ်နေ တဲ့ ပုဂ္ဂိုလ်တွေကို လည်းစောင့်မကြည့်ရှုတယ် အဲဒါ တစ်ထစ်ချသာ မှတ်ထားလိုက်ပေတော့ ကဲ. . . ကဲ ညဉ့်လည်းအတော်နက်လာပြီ အိပ်ကြပေတော့ ကဲ. . ကဲ မနက်မိုးလင်းမှ တစ်ခါမောင်ဘသိုက် မေးချင်တာကိုမေးပေါ့ ဟုတ်ပြီလား"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်သည် နောက်ထပ်ဘာမှမပြောတော့ဘဲ အိပ်လိုက်ရပါတော့၏။

www.foreverspace.com.mm

နံနက် အိပ်ရာမှနိုးလာသောအခါ နေပင်ထွက်နေပြီဖြစ်သဖြင့် ကျွန်ုပ်၏အနားတွင် အိပ်နေသော ဦးသူတော်ပင်လျှင် ဆရာကြီးနှင့်အတူ ထိုင်၍ လက်ဖက်ရည်ကြမ်းသောက်နေသည်ကို မြင်ရမှ ကမန်းကတမ်းထ၍ တဲကလေးအောက်ဆီဆင်းသွား၏။ ပြီးလျှင် မျက်နှာသစ်ခြင်း အစရှိသော ကိစ္စတို့ပြီးဆုံးမှ ပြန်၍တက်လာ သောအခါတွင် ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ်ကို ထပ်၍မေးသောအခါ ကျွန်ုပ်လည်းကြားဖူးနားဝရှိသဖြင့် ဆရာမြကြီးအား မကျေနပ်သော အရာများကို မေးလိုသဖြင့်။

"ဒီလိုပါ ဆရာကြီး ညက ဆရာကြီး ပြောတဲ့အတိုင်းဆိုရင် အာဠာဝကဘီလူးကြီးဟာ အထက်မင်္ဂဖိုလ်လမ်းကို လိုက်တဲ့သူဖြစ်သွားတယ်ဆိုတာကိုသိရပါပြီ ဆရာကြီး ဒါပေမဲ့. . . အခုလူတွေဟာ အာဠာဝက ဆေးတွေထိုးနှံပြီး အာဠာဝကမှော်ဆိုတာ သွင်းနှံပြုလုပ်နေတာက ဘယ်လိုလဲ ဆရာကြီး. . . သူတို့ကို ကြည့်လိုက်တဲ့အခါ

www.foreverspace.com.mm

အာဠာဝက ဝင်ပူးလာတယ်ဆိုပြီး အတော်ဒေါသကြီးကြတယ် ဖိနှိပ်တုပ်ထားတာတောင် အံကြိတ်ကြိတ်နဲ့ တစ်ဖက်သားကို ဒေါသကြီးနေတာဟာဘယ်လိုလဲ ဆရာကြီး . . . ”

ဟု မေးလိုက်သောအခါ၌ ဆရာကြီးသည် ကျွန်ုပ်အားကြည့်ပြီးလျှင် . . .

“ဒါတွေကို မောင်ဘသိုက်က သိချင်နေပြန်သကိုး . . . ဒီအကြောင်းတွေဟာမေးမယ်ဆိုလည်း မေးစရာပါပဲ ညကပြောတဲ့ အတိုင်းဆိုရင်မေးသင့်ပါပေ တယ် . . . အာဠာဝကကြီးနဲ့ မဆိုင်သော်လည်း နာမည်က တူနေတာကိုး ဒီတော့ ပြောရတာပေါ့ကွယ်”

“ဒီလိုကွဲ့ . . . တစ်ချို့လူမိုက်အားပေးဆိုတဲ့ သဘောမျိုးကို ပြုလုပ်တတ်တဲ့ ဆရာတွေရှိတယ်ကွဲ့ အာဠာဝကမှော်ဆိုပြီး ထိုးနှဲပြု လုပ်ကြတာဟာ တကယ်စင်စစ်တော့ ဆရာပြောတဲ့အတိုင်း သောတာ ပန်တည်ပြီးတဲ့ အာဠာဝကဘီလူးကြီးကတော့ ဘုရားတရားတော်ကို နာရလို့အလွန်စိတ်နှူးညံ့တယ်။ သို့သော်လည်း အထက်ဆိုင်ရာဂိုဏ်း ဆရာကြီးက ပင့်ခေါ်လို့ရှိရင် တစ်ခါတစ်ရံ သူ့ရဲ့ အပေါင်းအသင်းတွေကို လွှတ်တတ်တယ်”

“ဒါတွေကို သေသေချာချာ စဉ်းစားလိုက်ရင် အထင်းသား ပေါ်နေတယ်ကွဲ့ အာဠာဝက ဘီလူးမင်းကြီးဟာ အခုလိုကြမ်းတမ်း ယုတ်မာစွာ ပြောဆိုဖို့ နေနေသာသာ သူတို့အနားကိုတောင် မကပ်ဘူး။ လာပြီးလည်း မပူးကပ်ဘူး”

www.foreverspace.com.mm

"ဒါဖြင့် ဘယ်သူတွေလာပြီး ကပ်နေတာလဲ ဆရာကြီး. . . သူတို့ဝင်ပူးလို့ရှိရင် ငါ အာဠာဝကလေး ဘာလေး ညာလေးပြောဆိုနေကြတာက ဘာတွေလဲ ဆရာကြီး. . အဲဒါ သေသေချာချာ ရှင်းပြပါဦး ဆရာကြီး"

"အေးကွယ်. . . ပြောရတာပေါ့. . အခုတင် မောင်ဘသိုက်က ပြောသလို ဝင်ရောက်ပူးကပ်လာတဲ့ အခါ ငါ အာဠာဝကလို့ ပြောဆို ကြိမ်းမောင်းလာတာမဟုတ်ဘူး အတုတွေကွဲ့။ အတုနဲ့ အစစ်သိချင်ရင် ဘုရားကို ရှိခိုးခိုင်းကြည့်ပါလား ရမလားလို့ အဲဒီလိုရင် သိရောမဟုတ်လား"

"ဆရာပြောတဲ့ အာဠာဝကကြီးက ဘုရားတရားသံဃာဆိုတဲ့ ရတနာသုံးပါးကို တရားတော်နာရတဲ့နေ့ကစပြီး အတော် ကြည်ညိုတယ်ကွဲ့ မှားတဲ့အယူဝါဒဆိုတာတွေနဲ့ ဘုရားတရားမှာ ယုံမှား သံသယကင်းခြင်းဆိုတဲ့ ဝိစိကိစ္ဆာတရားတို့ကို အားလုံးငယ်ပြီးတဲ့ ပုဂ္ဂိုလ်၊ ဒီတော့ အခုပြောသလို လုပ်ဇာတ်ဆိုတဲ့နေရာမှာ အာဠာဝက ဘီလူးကြီးစစ်စစ်က ဘယ်တော့မှ မလာဘူးဆိုတာမှတ်ထားလာတာက သရဲ၊ သဘက် အောက်လမ်းကို အားပေးတဲ့ နတ်စုတ်၊ နတ်ယုတ်တွေက ငါဘာပဲ ညာပဲဆိုပြီး ကြောက်လန့်အောင် မာယာဆင်ကြတာကွဲ့ စင်စစ် အာဠာဝက မဟုတ်ဘူး နားလည်ပြီလား မောင်ဘသိုက်"

"နောက်ပြီး ဆက်ပြောလိုက်ရဦးမယ် အတိုက်အခိုက်တွေမှာ ပုဏ္ဏကဘီလူးကြီးမဟုတ်ဘူး သရဲ တစ္ဆေ

www.foreverspace.com.mm

တွေကို ခေါ်ပြီး တိုက်ထား ကြတာပဲ အခုတင်ကပြောသလို ပုဏ္ဏကနတ်ဘီလူးကြီးဟာလည်း မြတ်စွာဘုရားရဲ့တရား တော်ကိုနာရလို့ သောတာပန်တည်ပြီး ပုဂ္ဂိုလ်ပဲ သောတာပန် ပုဂ္ဂိုလ်များဟာ ဘယ်တော့မှအကုသိုလ်တရားတွေကို မလုပ်တော့ဘူးကွဲ့ သရဲ တစ္ဆေတွေကို တိုက်ထားပြီး လူတွေကြောက်လန့်အောင်ပုဏ္ဏကတိုက်တယ်လို့ ဝါဒဖြန့် ထားကြတာလေ . . . ”

“ဒါတွေဟာ အောက်လမ်းသမားတွေရဲ့လက် ချက်ပေါ့ သရဲ တိုက်ကိုပုဏ္ဏကတိုက်လို့ ခေါ်တယ်ဆိုတာ မှတ်ထား နောက်ဆုံးတော့ ကြမ်းကြမ်းတမ်းတမ်းပြုလုပ် တတ်လို့ ပုဏ္ဏကလို့ အမည်ပေးထားတာလည်းဖြစ်ချင်ဖြစ် မယ် တကယ်အစစ်အမှန် ပုဏ္ဏကကြီးတော့ ဒီလိုဟာ မျိုးကို လာရောက်ဖို့မပြောနဲ့ . . ”

“ဒါဖြင့် ဆရာကြီး . . . ဒါတွေဟာ အစစ်အမှန် တစ်ခုမှ မဟုတ်ဘူးပေါ့ . . . ဆရာကြီး”

“အေး . . . ဘာတစ်ခုမှ အစစ်အမှန်မဟုတ်ဘူး ဒါတွေကို အောက်လမ်းဆရာလုပ်တဲ့လူတွေက ညာပြီး သရဲပူး တစ္ဆေပူးစေပြီး အပြောခိုင်းတာကို လူတွေက အ ဟုတ် အောက်မေ့နေတယ် နောက်ဆုံး ရတနာသုံးပါးနဲ့ စပ်ဆိုင်တဲ့ ဂါထာ အင်းအစရှိတဲ့ဟာတွေနဲ့ ပြုလုပ်လိုက် ရင် ဒီအကောင်တွေ ဘာမှမလုပ်နိုင်တဲ့အပြင် တစ်ခါတည်း ထွက်ပြေးရတာပါပဲ”

“အာဠဝက နတ်ဘီလူးကြီး ပုဏ္ဏကနတ်ဘီလူး

www.foreverspace.com.mm

ကြီးဟာ ဘုရားတရားနဲ့စပ်ဆိုင်တဲ့သူတွေကို ၎င်းအထက်လမ်းဂိုဏ်းဆိုင်ရာတွေလည်းဖြစ်တယ် ကဲ. . . ကဲ ပြောနေလို့ မပြီးသေးဘူး ဆရာတို့ ဂမုန်းပေါင်းတွေကို တချို့တစ်ဝက်စီရင် လို့ပြီးသော်လည်း လက်ဦးကြိတ်ထားတဲ့ ဂမုန်းတွေနဲ့ ရောနှောစီရင်ဖို့ပန်းပေါင်းတွေကိုလည်း လိုသေးတယ်"

"ဒီကနေ့ အချိန်လည်းရတယ် နက္ခတ်ကလည်းကြုံတယ် ပန်းပေါင်းတောင်ကိုသွားပြီး ပန်းပေါင်းတွေနဲ့ အထက်မှာ အပေါ်မှာ သာနေတတ်တဲ့ ဂမုန်းတွေကိုလည်း ရှာယူရဦးမယ် အဲဒါတွေကိုတော့ ဆင်လွတ် ဂမုန်းတွေလို့ ခေါ်သကွဲ့ ကဲ. . . ကဲ ပြောနေတာနဲ့ အချိန်တောင်နီးကပ်နေပြီ ဟိုရောက်တော့ သိမှာပေါ့ကွယ်. . . "

ဟု ပြောပြီးလျှင် ဗိန္ဓောဆရာမြကြီးသည် ပန်းပေါင်းတောင်သို့သွားရန် ပြင်ဆင်နေသဖြင့် ကျွန်ုပ်၏ စိတ်ထဲတွင်လည်းဘာကြောင့်ရယ်မသိ အထူးပင် ပူပန်မှုစိတ်တွေ ဖြစ်ပေါ်လာမိတော့သည်။

ကျွန်ုပ်သည် ယခင် ပန်းပေါင်းတောင်ကို သွားစဉ်ကအဆိပ်ပါသော ပန်း၏အနံ့ကိုသွားစဉ်က ရှုရှိုက်မိသောကြောင့် အတော်ပင် ခံလိုက်ရသည့်အပြင် ဆရာမြကြီးနှင့် ဦးသူတော်တို့သာ ကျွန်ုပ်အား မကယ်ဆယ်ပါက အမှန်ပင် ပန်းပေါင်းတောင်တွင် သေမည်မုချ ဖြစ်ပေ၏။ ယခုလည်း တစ်ဖန်သွားမည်ဟု ဆရာမြကြီးက ပြောလိုက်သည်နှင့် ကျွန်ုပ်၏ စိတ်ထဲတွင် တထိတ်ထိတ်နှင့် ဖြစ်နေပါတော့၏။

www.foreverspace.com.mm

ကျွန်ုပ်နှင့် ဗိန္ဓောဆရာမြကြီးတို့နှစ်ဦး 'သွားကြမယ်'ဟု တဲကလေးအောက်ဆီသို့ ဆင်းရောက်လာခဲ့သော အချိန်အခါ၌မူ မိတ်ဖော်သဟာယဖြစ်သူ ဦးသူတော်မှာ ဆယ်တောင်မက ရှည်သော တံချုတစ်ခုနှင့် မီးတုတ်ကြီးတစ်ခုကို အဆင်သင့်ပြင်၍ စောင့်နေသည့်အပြင် လက်ထဲတွင်လည်း တောက်တိုမယ်ရ ခုတ်ထစ်ရန် ဓားကလေးတစ်ချောင်းကိုလည်းကိုင်၍ စောင့်နေသဖြင့် တစ်ခါတည်း ထွက်လာကြပါတော့၏။

"ဦးသူတော်၏ အိမ်မှ ထွက်သောအခါတွင် စမတောင်မှ ယူခဲ့သော ဂမုန်းတို့ကို မျက်နှာမှစ၍ အားလုံး သုတ်လိမ်းစေပြီးလျှင် ဆက်လက်၍လာကြရာ တောင်ကုန်းကလေး၏ ထိပ်သို့ရောက်သောအခါ၍ ဆရာကြီးသည်ယခင် ကျွန်ုပ်ရောက်ခဲ့သော ပန်းပေါင်းတောင်သို့လှမ်း၍ ကြည့်နေပြန်သဖြင့် မည်သည့်အရာဖြစ်လေ သနည်းဟု အောက်မေ့ကာ လှမ်းကာကြည့်လိုက်သောအခါတွင်ယခင် မြင်ရသကဲ့သို့ပင် မြင်ရပြန်၏။ ထို့ကြောင့် ကျွန်ုပ်မှာ မထူးခြားသော်လည်း ဆရာမြကြီးကရပ်၍ပင် ပန်းပေါင်းတောင်ဆီ ဒုတိယ အကြိမ်စိုက်ကြည့်နေပြန်၏။ ထိုအခါတွင်မူကား မမေးဘဲ မနေနိုင်အောင် ဖြစ်လာကာ . . . .

"ဘာတွေ့ရသလဲ ဆရာကြီး ကျွန်တော်တော့ ပန်းတွေဝါ ထိန်နေတာကိုသာတွေ့ရတာပါပဲ ဆရာကြီး"

ဟု မေးလိုက်မိပြန်လေတော့၏။

"အင်း. . မောင်ဘသိုက်ကတော့ မေးတော့မယ်

www.foreverspace.com.mm

ဒီလိုကွဲ့ သတိမမူ ဂူမမြင်ဆိုသလို ရုတ်တရက်သာ ဆိုရင်ဒီအတိုင်းမြင်ရတာပဲ ပန်းပင်တွေ သစ်ပင်တွေကြားမှာ ဆရာအရင်တုန်းက မောင်ဘသိုက်ကိုပြောတာ မှတ်မိသေးလား အစောင့်တွေရှိတယ်ဆိုတာလေ ဒါတွေရှိနေတာကို ဆရာ မြင်တွေ့နေရတယ် . . . ကွဲ့"

"ပန်းစားဘီလူးတွေဆိုပါတော့ကွယ် လာပြီးမှ တော့ မထူတော့ပါဘူး ပန်းပေါင်းတောင်ကို ရောက်အောင် သွားပြီးမှ ဒီအကောင်တွေကို တိုက်ထုတ်ပြီး ယူရမှာပဲ အကြောင်းသင့်ရင် ဆရာပြောတဲ့အတိုင်း အထက်ဆိုင်ရာ အာဇ္ဇာဝကပုဏ္ဏကတို့နဲ့ ဆုံးမရမယ်လို့ထင်တယ်ကွဲ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ထိုအခါတွင်မူ ကြောက်စိတ်တို့မှာ တစ်ခါတည်း ပျောက်သွားသလို ဖြစ်လာပါတော့၏။

ဗိန္ဓောဆရာမြကြီးသည် ယခင်ကျွန်ုပ်သွားရာ ဘက်သို့ မသွားဘဲ ဦးသူတော် ရှေ့ဆောင်လမ်းပြ ပြုလုပ်သည့်အတိုင်း ပန်းပေါင်း တောင်ကလေး၏ မြောက်ဘက်သို့လှည့်ပတ်၍ သွားပြီးလျှင် ပန်းပေါင်းတောင်၏အနီးသို့ ချဉ်းကပ်သောအခါ၌ ကျွန်ုပ်သည် ဆရာ မြကြီးပြောသည့်အတိုင်း ပန်းပင်သစ်ပင်တွေ၏ အကြားတွင် ဘီလူး တွေရှိသည်ဆိုသည်ကို နောက်က လှမ်း၍ကြည့်ပါသော်လည်း ဘာမှ မမြင်ရသဖြင့် ဆရာမြကြီးသည် ကျွန်ုပ်အား တခြားသို့ ထွက်မသွားရအောင် ပြောလေသလောဟု အောက်မေ့မိပါသည်။

www.foreverspace.com.mm

ထိုသို့ကျွန်ုပ်၏စိတ်ထဲတွင် အောက်မေ့သည့်အတိုင်း ဆရာမြကြီးသည် ယခုကဲ့သို့ ကိစ္စဖြင့်သွားလာရာ၌ မည်သည့်အခါမှ မပြောတတ်ကြောင်းကို တစ်ဖန်စဉ်းစားမိပြန်သောအခါတွင် ကျွန်ုပ်၏ မျက်စိရိုးရိုးဖြင့် မမြင်ခြင်းကြောင့်ဖြစ်လိမ့်မည်ဟု တစ်ဖန်အောက်မေ့ကာ အစောင့်ဘီလူးတွေကို မြင်လိုမြင်ငြား သစ်ပင်တွေကြားမှာ လိုက်၍ကြည့်နေမိပါတော့၏။

သို့နှင့်ပင် ကျွန်ုပ်တို့သည် မြောက်ဘက်အရပ်မှ ပန်းပေါင်းတောင်ကလေးသို့ဝင်ရောက်မိသောအခါ ဆရာမြကြီးသည် မြေကြီးကို ဖနောင့်နှင့် ပေါက်လိုက်ပြီးနောက် အဟန့်ဂါထာကို ရွတ်ဆိုလိုက်လျှင် ကျွန်ုပ်တို့အား ကြည့်၍

"ဘယ်လိုလဲ . . မောင်ဘသိုက်. . တွေ့ရမြင်ရရဲ့လား"

ဟု မေးလိုက်၏။ ထိုအခါ ကျွန်ုပ်သည် ခေါင်းကိုခါပြလိုက်သဖြင့် ဆရာကြီးသည် သတိရသလိုဖြစ်ကာ. .

ထိုခဏ၌ ဆရာမြကြီးသည် တောင်ကလေးအနီး၌ပင် ခေတ္တရပ်တန့်ပြီးနောက် တလှုပ်လှုပ်တရွရွနှင့် သွားကာ စားသောက်နေသော ဘီလူးကောင်တွေကိုကြည့်၍ ပါးစပ်မှလည်း တိုးတိုးနှင့်ရွတ်ဆို နေသည်ကို တွေ့ရသောအခါ ကျွန်ုပ်မှာ ကြောက်လန့်စွာနှင့်ပင် ဆရာကြီးနှင့် ဦးသူတော်၏ အကြား၌ ရပ်၍နေလိုက်ရ၏။

ဆရာကြီး ပြောသည့်အတိုင်း စိတ်ချလက်ချပင် ညွှန်ပြသော ပန်းတို့ကို ဦးသူတော်က တံချူနှင့်ချူလိုက်

www.foreverspace.com.mm

ကျွန်ုပ်က ကောက်ယူ၍ လွယ်အိတ်အတွင်းသို့ ထည့်နေရပါတော့သည်။

ထိုသို့ကောက်ယူနေစဉ်မှာပင် အနီးရှိ ဝါထိန်နေသောပန်းပင်ကြီးတစ်ပင်ကိုမြင်၍ ကျွန်ုပ်သည် ကောက်ယူရန်သွားမည်ဟုကြံပြီး ခြေလှမ်းပြင်လိုက်သောအခါ ဆရာကြီးသည် ကျွန်ုပ်အား . . .

"မောင်ဘသိုက် အဲဒီအပင်က ပန်းကိုမခူးရဘူး ဒီပန်းဟာ ပန်းပေါင်းဖော်စပ်တဲ့နေရာမှာ မထည့်ရဘူးကွဲ့"

ဟု တားလိုက်သဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် အဘယ်အတွက်ကြောင့် ဆရာမြကြီးသည် တားလိုက်ရသနည်းဟု အောက်မေ့ကာ စဉ်းစား၍မရအောင်ဖြစ်ပြီး. .

"ဘယ်လိုကြောင့်လဲဆရာကြီး ဒီပန်းတောင်မှာရှိတဲ့ ပန်းတွေဟာဘယ်ပန်းဖြစ်ဖြစ် အသုံးဝင်တာချည်းပဲ မဟုတ်လား ဆရာကြီး"

ဟု မေးသောအခါ . . .

"အဲ. . . ဒါကြောင့် မောင်ဘသိုက်တို့ကို ပြောရခက်တယ်လို့ ဆိုတာပေါ့ အခု သွားခူးမယ့်ပန်းတွေကို ကြည့်လိုက်စမ်း ဝတ်ဆံရှိရဲ့လား"

ဟု ပြောလိုက်သဖြင့်ကျွန်ုပ်သည် တစ်ပင်လုံးဝါထိန်နေအောင် ပွင့်နေသောပန်းတွေတိုင်း ဝတ်ဆံမရှိကြောင်း သိရပါတော့၏ ။

"ဟုတ်တယ်ဆရာကြီး ဝတ်ဆံတွေမရှိဘူး ဝတ်ဆံမရှိလို့ လား ဆရာကြီး"

www.foreverspace.com.mm

"အေး. . . ဟုတ်တယ် ဝတ်ဆံမရှိတဲ့ ခရေ ရင်ခတ်တွေဟာ အထက်ဆေးကြီးဖော်စပ်ရာမှာမထည့်ရဘူးကဲ့ကော်၊ သရဖီအစရှိတဲ့ ဝတ်ဆံရှိတဲ့ပန်းတွေသာ အထက်ဆေးဖော်စပ်ရာမှာ အသုံးဝင်တယ်ကွဲ့ ဒါကြောင့် ဆေးအကြောင်းတွေကို နားမလည်တဲ့ ဆရာတွေသာ တွေ့ရာရှစ်သောင်းပန်းအမျိုးမျိုးကို စုပေါင်းပြီးဖော်တော့ ပင်ပန်းကျိုးမနပ်ဘဲ ပန်းပေါင်းဆိုလို့နာမည်သာရှိပြီး ဘာမှအသုံးပြုလို့ ခရီးမရောက်ဘူး မဟုတ်လား. . . "

ဘယ်လောက်ခဲယဉ်းတယ် မှတ်သလဲ မြို့ထဲ၊ ရွာထဲမှာရှိတဲ့ ပန်းပေါင်းတစ်ထောင်နဲ့ အခု မောင်ဘသိုက်လွယ်အိတ်ထဲမှာထည့်ထားတဲ့ ပန်းတစ်ပွင့်နဲ့ ဘယ်သူက အစွမ်းထက်တယ် ထင်သလဲ. . ဒီတောင်မှာရှိတဲ့ ပန်းတစ်ပွင့်ဟာ တစ်ပွင့်ဆိုတစ်ပွင့် ဆိုသလောက် တန်ခိုးအာနိသင်ရှိတယ်ကွဲ့. . . ပန်းမြင်တိုင်း အခုလို ဖော်စပ်လို့ရ မယ်ဆိုရင် ဒီလောက်ခဲယဉ်းတဲ့ နေရာကိုတောင် မလာဘူး. . . ဆရာပြောတဲ့ ပန်းတွေကိုသာခူးစမ်းပါ. . . "

ဟု ပြောဆိုပြီးလျှင် ဦးသူတော်ကို ခူးရန်ညွှန်ပြနေသဖြင့် ကျွန်ုပ်လည်း နောက်ထပ်ပြန်မပြောတော့ဘဲ ဦးသူတော်ခူးသမျှကို လွယ်အိတ်အတွင်းသို့သာ ကောက်ထည့်နေရပါတော့၏။

ကျွန်ုပ်သိသောပန်း၊ မသိသောပန်းအစရှိသဖြင့် ပန်းအမျိုးပေါင်း (၉၀) ကျော်လောက်ရှိသော်လည်း ဆရာမြကြီးသည်လျှောက်၍ကြည့်နေသဖြင့် ကျွန်ုပ်သည် ဘယ်

www.foreverspace.com.mm

လောက်များခွေးဦးမည်နည်းဟု သိချင်လာသောကြောင့် . .

"အခု ခွေးထားတာ ပန်းအမျိုး(၁၀၀)လောက်ရှိပြီ မဟုတ်လား ဆရာကြီး"

ဟု မေးလိုက်သောအခါဆရာမြဲကြီးသည် ကျွန်ုပ်အား ပြုံး၍ ကြည့်လိုက်ပြီး . . . .

"မောင်ဘသိုက် ရေတွက်ထားသလား. . အေးဟုတ်တယ် တစ်ရာကျော်နေပြီ ပန်းအမျိုးပေါင်း (၁၂၀) ပြည့်အောင်ယူရမယ် ကွဲ့. . . "

ဟု ပြောပြီးလျှင် အလိုရှိရာကို ခွေးစေ၍ကျေနပ်လောက်မှ ကျွန်ုပ်တို့အားခေါ်ပြီးလျှင် ပန်းပင်တစ်ပင်အောက်တွင်ထိုင်နေတော့၏။

"ပန်းတွေကတော့ စုံပါပေသကွယ်. . . အနုံတွေကလည်း ကြိုင်သင်းနေလေတော့ စိတ်တောင်ကြည်လင်လာသကွဲ့ ဒါကြောင့် ဒီနေရာများကို ရည်ရွယ်ပြီး ဆရာတို့တွေ့ရတဲ့ ဆေးကျမ်းပုရပိုက် ပေစာများမှာ ဘုရားမှာလည်းတဝဂူပန်းမှာလည်း တဝဂူ ဘယ်မှာ ချူလို့ တွေ့ရတယ် အထက်ထက်က ဆရာကြီးတွေကတော့ နည်းမှန်လမ်းမှန်တွေကို ပြောထားပြထားခဲ့တာပါပဲ. . . ဒါတွေကို မသိလို့ ဆရာတွေ အမှားမှား အချော်ချော် ဖြစ်နေကြတယ်. . . "

"နေပါဦး ဆရာကြီး. . . အခုပြောတာ ဘုရားမှာ တဝဂူ ဆိုတာက ဒီနေရာနဲ့ ဘာဆိုင်လို့လဲ ဆရာကြီး. . . တဝဂူဘက်က ပန်းကို ချူရမယ်ဆိုတာ ဒီပန်းပေါင်းထောင်

www.foreverspace.com.mm

မှာ တဝဂူရှိလို့လား ဆရာကြီး ကျွန်တော် မတွေ့သေးဘူး”

“သြော်. . ခက်ပါဘိ. . မောင်ဘသိုက်ရယ် ကဲ . . ကဲ ဆရာပြောပြမယ် သေသေချာချာ မှတ်ထား . . ဘုရားမှာတဝဂူ ဆိုတာက ဒီလိုကွဲ့ ဘုရားစေတီပုထိုးတွေမှာ ပြုလုပ်ထားတဲ့ဂူတွေကို တွေ့တယ်မဟုတ်လား အဲဒီဂူလေးတွေကို မြင်တိုင်းတဝဂူလို့ မအောက်မေ့ပါနဲ့ စေတီပုထိုးများမှာ မြောက်ဘက်အရပ်မှာပြုလုပ်ထားတဲ့ ဂူကို တဝဂူလို့ခေါ်တယ်. . . ”

“ဘုရားလေးမျက်နှာရှိနေပြန်ရင် တဝဂူလို့မခေါ်ပြန်ဘူးကွဲ့ လေးမျက်နှာမရှိတဲ့ မြောက်ဘက်ကဂူတစ်ခုတည်းရှိတဲ့ နေရာမှာ တဝဂူခေါ်တယ်. . . အဲဒီတဝဂူကို ဘယ်အတွက်ကြောင့် ဆရာများ ဥပမာပေးထားသလဲဆိုရင် ဒီတဝဂူမှာ ကာယသိဒ္ဓိ၊ ပိယသိဒ္ဓိ ဆိုတဲ့ ဆေးဝါးအင်းအိုင် ဂါထာ မန္တာန် မန္တရားများကို စီရင်တဲ့အခါမှာ အကျိုးပြီးစေနိုင်တယ်ကွဲ့. . တခြားနေရာမှာ စီရင်လို့ အကျိုး မပြီးဘူးလားလို့ မေးစရာရှိတယ် ဒီတော့ ဆရာပြောမယ် တခြားနေရာမှာလည်းရတယ် တဝဂူလောက် အစွမ်းမထက်ဘူး အစွမ်းထက်ချင်း တူရင် တဝဂူမှာစီရင်တာကသာတယ် ဆိုတာမှတ်ထားပါ. . . ”

“နောက်ပြီး ပန်းမှာလည်းတဝဂူဘက်က ချူဆိုတာက ဒီတောင်မှာ တဝဂူရှိလို့ပြောတာ မဟုတ်ဘူး ဘုရားမှာ တဝဂူကို ဘယ်အရပ်က ပြုလုပ်ထားသလဲ မြောက်ဘက်အရပ်ကမဟုတ်လား ဒီ အရပ်ကိုစွဲမှတ်ပြီး ပန်းပေါင်း

www.foreverspace.com.mm

ဆေးပေါင်းများကို စုဖော်ယူမယ်ဆိုရင် မြောက်ဘက်အရပ် မြောက်ဘက် မျက်နှာကဝင်ပြီး ခူးရမယ် ချူရမယ် လို့ ဆိုတယ်ကွဲ့. . . အဲဒီလိုယူပြီး စီမံမယ်ဆိုရင် ဆရာတို့ အလိုရှိ တဲ့ သိဒ္ဓိပြီး အောင်စီမံနိုင်တယ်လို့ဆိုတယ်. . . ”

“အခု ဆရာတို့ပန်းပေါင်းတောင်ကို တက်လာကြ တာတောင် ကလေးရဲ့မြောက်အရပ်က ဝင်ပြီးလာကြတယ် မဟုတ်လား . . . မြောက်အရပ်မှာ သိဒ္ဓိပြီးစေတတ်တဲ့ ပန်းပေါင်းဂမုန်းပေါင်းတွေ ရှိတယ်ဆိုတာကို အသေအချာ ပြထားတယ် အရင် မောင်ဘသိုက် ဒီကို တစ်ခေါက် ရောက်လာတုန်းက တောင်ဘက်ကျကျက ဝင်လာ တယ်မ ဟုတ်လား. . . ဒီတော့ဘာဖြစ်သလဲ အဆိပ်ပန်းတွေမ ဟုတ်တဲ့ ပန်းတွေကို ချူရှိုက်မိပြီး အခုလိုစိတ်ကြည်လင်ခြင်း မရှိဘဲ ဒုက္ခဖြစ်ခဲ့တယ်မဟုတ်လား. . . ”

“တောင်ဘက်မှာ အခုလိုလည်းမပြည့်စုံဘူး. . . ဒီလိုပြည့်စုံ စွာနဲ့ သိဒ္ဓိပြီးစေတတ်တဲ့ တန်ခိုးအာနိသင်တွေရှိ လို့ ဘီလူးတွေဟာ ကောင်းရာကိုသာ စားသောက်ကြပြီး ကြာတော့သူတို့ဟာ ပန်းပေါင်းတွေရဲ့တန်ခိုး အာနိသင် ကြောင့် အခုဆရာတို့အဟန့်အတားလုပ်တာတောင် ဂရုမစိုက်ဘူးမဟုတ်လား. . အဲဒီသတ္တိကိုသာကြည့်တော့ ပန်းပေါင်းရဲ့တန်ခိုး သတ္တိဟာ ဆေးဝါးနဲ့မစီမံသေးပေမယ့် အတော် တန်ခိုးရှိတယ်. . . ”

“ဒါ့ကြောင့် ပန်းပေါင်းများကိုယူပြီး စုပေါင်းရမယ် ဆိုရင် မြောက်ဘက်အရပ်ဝင်ပြီးခူးယူဖို့ ဘုရားမှာလည်း

www.foreverspace.com.mm

တဝဂူ ပန်းမှာလည်း တဝဂူဝလို့ မှတ်သားကြတယ်ဆိုတာ မှတ်ထား။ ။ ။"

"ကဲ။ ။ ။ ကဲ ပြောနေရင် အချိန်အတော်ကြာသွားပြီ ဆရာတို့လည်း အလိုရှိတဲ့ပန်းတွေကိုလည်းရပြီ တောင်ခြေရင်းမှာလည်း နန္ဒဝိသာလကြီးက ရန်သူတွေကို ဆရာတို့ကိစ္စပြီးအောင် စောင့်နေရှာသေးတယ် ဒီတော့ပြန်ပြီး နန္ဒဝိသာကို သိမ်းဆည်းရဦးမယ် ကဲ။ ။ ။ လာကြ လာကြ"

ဟုပြောပြီး ဆရာကြီးသည် တောင်အောက်ဘက်သို့ ဆင်းလာသဖြင့် ကျွန်ုပ်နှင့်ဦးသူတော်လည်းလိုက်ပါလာရတော့၏။

တောင်ခြေရင်းသို့ရောက်သောအခါ ကျွန်ုပ်တို့အားခေါ်ကာ တောင်ကလေးမှ ထွက်ခွာလာတော့၏။

တောင်ကလေးနဲ့ခပ်ကွာကွာသို့ ရောက်သောအခါ ဆရာကြီးသည် ပန်းပေါင်းတောင်ဘက်သို့လှည့်ပြီး ဂိုဏ်းဆိုင်ရာတို့အား ယခု ကိစ္စပြီးပြီဖြစ်ကြောင်းပြောဆိုတိုင်တည်ထားခဲ့ပြီးလျှင် ဦးသူတော်၏ တဲကလေးရှိရာသို့ ပြန်၍လာကြပါတော့၏။

တဲကလေးသို့မရောက်မီ ဆရာကြီးသည် မည်သည့် စကားကိုမှမပြောဘဲ ရှေ့ကသာသွားနေသဖြင့် မည်ကဲ့သို့သော အကြံအစည်ကို ကြံဖန်နေသနည်းဟု အောက်မေ့ကာ နောက်နားကပ်၍ လိုက်လာသော အခါ၌ တစ်ခါတစ်ရံ ကျွန်ုပ်၏နားထဲတွင် ပန်းပေါင်း တောင်ဘက်မှ အသံတွေ လိုလိုကြားရသဖြင့် နောက်သို့ပြန်၍လှည့် ကြည့်

www.foreverspace.com.mm

မိသောအခါများတွင် ဦးသူတော်လည်း ကျွန်ုပ်ကဲ့သို့ပင် ပြန်၍ လှည့်ကြည့်သည်ကို တွေ့နေရသဖြင့် ဆရာကြီးအား ကြည့်သောအခါ သွားမြဲသာသွားနေပါတော့သည်။

ကျွန်ုပ်တို့ကြားရသည်မှာ အမှန်ပင်ဖြစ်မည်ထင်၏။ ကျွန်ုပ် တို့ ကြားသလို ဆရာကြီးလည်းကြားမည်မှာ သေချာပါသည်။ မည်သည့်အတွက် မကြားယောင်ဆောင်၍ သွားနေသည်ကိုသာ စဉ်းစား၍မရပါ။ အရေးကြီးသောအခါဖြစ်စေ ယခုကဲ့သို့ အသံများကိုကြားရပါက ကျွန်ုပ်တို့အား သတိပေးစမြဲဖြစ်ပါသည်။

ကျွန်ုပ်တို့အား မသိစေချင်၍လောဟု အမျိုးမျိုးတွေးမိသည် သာမက ထိုအသံကိုပင် သွားလာတိုင်းကြားနေရသဖြင့်ဆရာကြီးအား မမေးဘဲ မပြောဘဲ မနေနိုင်အောင် ဖြစ်လာတော့ကာ . . . ။

"ဆရာကြီး ပန်းပေါင်းတောင်ဘက်က အသံတွေလိုလိုကြားရတယ် ဆရာကြီး. . ဘာအသံတွေလဲ မသိဘူး"

ဟုပြောလိုက်ရာ ဆရာကြီးသည် ကျွန်ုပ်တို့အားလှည့်၍ပင် မကြည့်ဘဲ မပြောချင်လေသောကြောင့် . .

"အေး. . . အေး ဆရာလည်းကြားပါတယ် လာ . . . လာ"

ဟုသာ စကားကို ဖြတ်၍နောက်ထပ်ဆက်ရန် လမ်းမရှိဘဲ ဖြစ်သွားလေတော့၏။

ကျွန်ုပ်သည် ထိုကဲ့သို့ ဆရာကြီး ပြောလိုက်သည်ကိုပင်လျှင် အားမလို အားမရဖြစ်ကာ ဆရာကြီးသည်

www.foreverspace.com.mm

ဘေးရန်တစ်ခုခုကို မြင်နေပြီလား။ ထိုအကြောင်းတွေကို ကျွန်ုပ်အားမပြောချင်သောကြောင့် ယခုကဲ့သို့ ပြတ်ပြတ်တောင်းတောင်း ပြောလိုက်လေလောဟု အောက်မေ့ကာ မကျေမချမ်းဖြစ်သည်သာမက အသံကြားရာဘက်သို့ သာ ခဏခဏ လှည့်ကြည့်နေမိပါ၏။

အသံများမှာ တစ်စတစ်စ ဝေးလာသောအခါ၌ မကြား တစ်ချက် ကြားတစ်ချက်ဖြစ်ပြီး တစ်ခါတစ်ရံ ပူးပူးဝါးဝါးလိုသာ ကြားရတော့သဖြင့် ဦးသူတော်၏ ခြံအနားသို့ရောက်သောအခါတွင် ကား လုံးလုံး မကြားရတော့ချေ။ ဗိန္ဓောဆရာမြကြီးသည် ခြံကြီးအတွင်းသို့ ဝင်မိသောအခါ ဝါးနှစ်ရိုက်ခန့်ရောက်မှ ကျွန်ုပ်တို့အား လှမ်းကြည့်ပြီးလျှင် . . . .

"ကဲ. . . မောင်ဘသိုက် ဆရာ့ကို ဘာများမေးချင်သလဲ"

ဟု အရင်းမရှိ အဖျားမရှိမေးလိုက်သောကြောင့် ကျွန်ုပ်မှာ ရုတ်တရက်ကြောင်၍ကြည့်နေမိ၏။ ကျွန်ုပ်၏ စိတ်အထင်တွင် တဲကလေးသို့ရောက်မှ ပြောလိမ့်မည်ဟု ထင်မိပါသည်။ ယခုမှာမူ ခြံကြီးထဲသို့ ဝင်မိသည်နှင့် ပြောလိုက်သောကြောင့် အံ့အားသင့်၍ ကြည့်နေသေးသဖြင့် ဆရာကြီးကပင် ထပ်၍ . . .

"လမ်းမှာကြားရတဲ့အသံကို သိချင်သလား. . ."

"ဟုတ်ကဲ့ ဆရာကြီး. . . ကြားစကတည်းက သိချင်နေတာပဲ ဆရာကြီး. . ."

www.foreverspace.com.mm

"အဲဒါ. . . မောင်ဘသိုက်တို့ အသံမကြားမီက တည်းက ဆရာကကြိုတင်သိထားပါတယ် နောက်မှပြောမယ် လမ်းမှာပြောလို့ မဖြစ်ဘူးဆိုပြီး ခြံထဲကို အမြန်လျှောက်လာခဲ့ရတယ် ဒီအသံတွေဟာ တခြားမဟုတ်ဘူး ပန်းစားဘီလူးတွေရဲ့အသံပါပဲ ဆိုင်ရာတွေကိုပြန်လွှတ်ဖို့ ဆရာတိုင်တည်ထားခဲ့တယ်မဟုတ်လား ဒီတော့ ဆိုင်ရာတွေကလည်း ဆိုင်ရာကိုပြန်သွားတယ်"

"ဒီအခါမှာ သတ္တဝါကောင်တွေဟာ ဒေါသဖြစ်ပြီး ပန်းပေါင်းတောင်ကိုပြန်လာကြပြီး ဆရာတို့ခွေးယူလာတဲ့ ပန်းတွေဟာ သူတို့ အမွှန်အမြတ်ထားတဲ့ အာဟာရဖြစ်တဲ့ ပန်းတွေဖြစ်တော့ နောက်ဆုံးမှာ ယူရမလား ဆိုပြီး ဒေါသဖြစ်ကြတာပေါ့. . ပန်းစားဘီလူးတွေဟာ ဆရာတို့နောက်ကို မလိုက်လာတာ ကံကောင်းတယ်"

"ဒါကြောင့်. . . လမ်းမှာ မောင်ဘသိုက် မေးတုန်းက ဆရာ ဘာမှမပြောဘဲ ဒီကိုရောက်အောင်သာပြန်လာတာပေါ့"

ဟုပြောလိုက်မှ ကျွန်ုပ်သည် တွေးတောပြီး သက်ပြင်းကြီးကို ချမိပါတော့သည်။

လောကီအစီအရင်များမှာ မိမိကိုယ်ကိုယ် အထင်ကြီးပြီး မည်သည့်အခါမှ ပေါ့ပေါ့ဆဆမလုပ်အပ်ကြောင်း၊ ၎င်းအပြင် မာနကြီးပြီး ထောင်လွှားဝါကြွား၍လည်း မပြုအပ်ကြောင်း၊ မြွေဟောက် မြွေပွေးများကို ငယ်ငယ်လေးပဲဟု မထီလေးစားပြုလုပ်လျှင် သူတို့၏ အဆိပ်က အလွန်

www.foreverspace.com.mm

ပြင်းထန်ကြောင်းကို ထိုအခါမှကျွန်ုပ်သည် တစ်စ တစ်စ တွေးတောမိပါတော့၏။

ထိုအခါမှ ဆရာကြီးသည် ပန်းပေါင်းတောင်မှ အလိုရှိသော ပန်းတွေကို ယူခဲ့ပြီးနောက် မိမိ၏နေရာသို့ မရောက်မီ အစောင့်အရှောက် ဟူသမျှ အကုန်အစင်သိမ်းခဲ့သည်မှာ မိမိ၏ပညာကို ယုံကြည်၍ ဒီအကောင် တွေလိုက်ပြီး မနှောင့်ယှက်နိုင်ဘူးဆိုတာ အမှတ်တမဲ့ထွက်၍ လာရာ၌ ယခုကဲ့သို့ အနှောင့်အယှက်အသံကို ကြားလိုက်ရသောအခါတွင် တကယ့်ဆရာကြီးပင်ဖြစ်သော်လည်း အတော်စိုးရိမ်သွားပြီးလျှင် စိတ်ချရမည့်နေရာသို့ အရောက်ပြန်လာ ခြင်းကိုထောက်၍ ဆရာမြဲကြီးသည် ပန်းစားဘီလူးတွေ လိုက်၍ လာမည်ကို စိုးရိမ်သဖြင့် ကျွန်ုပ်မေးလိုက်သည်ကိုပင် ပြန်၍မပြောပဲ ဆရာများစီမံထားသော ခြံကြီးအတွင်းသို့ ပြန်ရောက်အောင်လာခြင်းကို မပြောဘဲနှင့် ကောင်းစွာသိရသော ကျွန်ုပ်သည် စဉ်းစားလိုက်တိုင်း နောက်ကြောင်းကို အတော်ပင်စိုးရိမ်မိသွားပါတော့၏။

သို့နှင့် ကျွန်ုပ်တို့သည် ဦးသူတော်၏တဲကလေးသို့ ရောက်သောအခါတွင်မူကား မိုးချုပ်တော့မည်ဖြစ်သဖြင့် ထွေထွေရာရာ ပြောဆိုမနေကြတော့ဘဲ သိမ်းဆည်းတန်သရွေ့ သိမ်းဆည်းပြုလုပ်ကြကာ မိုးချုပ်သည်နှင့် တစ်ပြိုင်နက် ဆရာကြီးသည် ထုံးစံအတိုင်း ဘုရားဝတ်ပြုနေသောကြောင့် ကျွန်ုပ်လည်း ဘုရားကိုရှိခိုးပြီးလျှင် နေ့ခင်း

www.foreverspace.com.mm

ကမြင်ရသော ဘီလူးကောင်တွေကို စွဲလမ်းကာ တဲကလေး အောက်သို့ပင် မဆင်းဝံ့အောင် ဖြစ်နေပါတော့၏။

ထိုအခိုက်မှာပင် နေ့ခင်းက အသံကဲ့သို့ပင် ပူးပူး ဝါးဝါးအသံတွေကို ခြံကြီး၏အတွင်းဘက်မှလိုလို အပြင်ဘက်မှာလိုလို မသဲမကွဲ ကြားလိုက်ပြန်သောအခါ ကျွန်ုပ်သည် ဦးသူတော်အနားသို့ ထ၍သွား ပြီးလျှင် ဆရာကြီးမကြားနိုင်ရန် လေသံဖြင့်မေးလိုက်သောအခါ ဦးသူတော်သည် ကျွန်ုပ်အား တိတ်တိတ်နေရန် လက်ဟန်၊ ခြေဟန်ဖြင့် ပြုလုပ်လိုက်သောကြောင့် မနေနိုင်တော့ပဲ . . .

"ဘာအသံတွေလဲ ဦးသူတော် သိရင်ပြောစမ်းပါဦး. . ."

"နေ့ခင်းက ဘီလူးကောင်တွေနဲ့တူတယ် ဒီအကောင်တွေ အခုထိတောင် ဒေါသထွက်တုန်း ထင်တယ်"

"ဆရာကြီးကို ပြောလိုက်မှဖြစ်မယ်ထင်တယ် ဦးသူတော် သူတို့ ဒီကိုရောက်လာတော့မှ သိလို့ ဆရာကြီးက နောက်ကျနေရင် မခက်ပေဘူးလား. . ."

"အောင်မာ. . မောင်ဘသိုက်က အခု ဒီကကြားရတဲ့ အသံကို ဆရာကြီးလည်း ကြားမှာပါပဲကွယ် မကြားပဲမနေပါဘူး ဂရုမစိုက်လောက်လို့ဖြစ်မယ်ထင်တယ် နောက်ပြီး ဒီခြံထဲကို ရန်သူ တွေမဝင်နိုင်ဘူးဆိုတာကိုလည်း အသိသားနဲ့ အလကားကြောက်နေရတယ်ကွယ်"

"ကျွန်တော်က ကြောက်လို့ပြောတာမဟုတ်ဘူး ဦးသူတော် မဝင်နိုင်မလာနိုင်ဘူးဆိုတာ ဖယ်ထား. . . အ

www.foreverspace.com.mm

ကယ်၍ ဝင်လာခဲ့ရင် အခုလိုပဲ ငုတ်တုတ်ခံရမလား ဦးသူတော်"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ အခု ကြားရတဲ့ အသံဟာ ခြံအတွင်းကမှမဟုတ်ဘဲ. . . ဒီပန်းစား ဘီလူးတွေ မပြောနဲ့ မနေ့ညက ဂမုန်းစောင့်နတ်ကြီးဟာ တကယ် စင်စစ် တောင်ပိုင်ရှင်ကြီးကွ အထက်က ဆရာကြီးတွေမှ တစ်ပါး ဘယ်သူမှကပ်လို့မရဘူးကွဲ့. . . အဲဒီ တောင်ပိုင်ရှင် ကြီးတောင် ဒီအထဲမဝင်နိုင်တာ ဒီအကောင် တွေက အခုလို သူတို့အစား အစာကို ယူလာလို့ ဒေါသဖြစ်ရုံမှ တစ်ပါး ဘာတတ်နိုင်မလဲ ဒါတွေကိုမြင်လို့ ဆရာကြီး လည်း အမြင်သားနဲ့ စိုးရိမ်နေသေးသလား ဘာမှမပူနဲ့. . "

ဟု ပြောနေစဉ်မှာပင်လျှင် ဗိန္ဓောဆရာမြဲကြီးသည် ဘုရားဝတ်ပြု၍ပြီးသဖြင့် ဘုရားကိုရှိခိုးလိုက်ပြီး ကျွန်ုပ်နှင့် ဦးသူတော်ကိုကြည့်လိုက်ပြီးလျှင် . . . .

"မောင်ဘသိုက်နဲ့ ဦးသူတော် ဘာများကြံစည်နေပြန်ပြီလဲ ဦးသူတော် သတိထားနော် မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့ တစ်ခါတစ်ရံ ဆရာတောင် မောင်ဘသိုက်ပြောတာကို တကယ် အဟုတ်ထင်ရတယ် ကြံကြံစည်စည်တော့ တကယ်ပြောတယ်ကွဲ့. . . "

ဟုပြောလိုက်သဖြင့် ကျွန်ုပ်လည်း မပြောရမနေနိုင်အောင် ဖြစ်လာကာ။

"အိုး. . . ဟို ကျွန်တော် ဘာမှမကြံပါဘူး ဆရာကြီး အစောတုန်းက ပူးပူးဝါးဝါးနဲ့ကြားလိုက်တဲ့အသံတွေ

www.foreverspace.com.mm

ကိုပြောနေတာပါ ဆရာကြီး"

"ဒါတော့ ဆရာလည်း ကြားလိုက်ရသားပဲ ဂရုစိုက်စရာ မဟုတ်ဘူးဆိုပြီး ဆရာလည်း ဘုရားကို အာရုံပြုနေခိုန်လေ. . . တကယ်စင်စစ်မှာတော့ ဆရာတို့ ဒီကဘုရားကို အာရုံပြုနေရင် ဘာကောင်မှလာပြီး မနှောင့်ယှက်နိုင်ဘူးကွဲ့. . . ရတနာ သုံးပါးရဲ့ ဂုဏ်ကျေးဇူးဟာ ဘယ်လောက် အကျိုးကြီးတယ်ဆိုတာ တကယ်လုပ်ကိုင်ကြည့်မှသိတယ်. . . "

"ပါးစပ်ပြောနဲ့မဟုတ်ပဲ တကယ်ထိထိရောက်ရောက် စွဲစွဲမြဲမြဲ ရတနာသုံးပါးကို အာရုံပြုနေရင် ဒီလိုဘီလူးတွေမပြောနဲ့ ရတနာသုံးပါး ဆရာသမား မိဘဆိုတဲ့ အနန္တောအနန္တငါးပါးကို အမြဲ အောက်မေ့ဖို့ ဆုံးမလိုက်တယ်မဟုတ်လား ပြောလိုက်တဲ့အတိုင်း ဒီကောင်ကြီးကို တိုက်ထုတ်လိုက်တာမဟုတ်လား. . . "

"ဘာမှ ထွေထွေထူးထူး မစဉ်းစားနေနဲ့တော့ ဒီအကောင်တွေလည်း အရင်ကြားရတဲ့အသံမှတစ်ပါး ဘာမှမလုပ်နိုင်ဘူး ဒီတော့ စိတ်ချလက်ချသာ အိပ်ကြပေတော့"

ကျွန်ုပ်နှင့်ဦးသူတော်လည်း နောက်ထပ် ဘာမှဆက်၍မပြောတော့ဘဲ ဆရာမြဲကြီးပြောသည့်အတိုင်း ဘုရားကို အာရုံပြုပြီးလျှင် မိမိတို့နေရာ၌ အသီးသီး အိပ်လိုက်ရပါတော့၏။

www.foreverspace.com.mm

နံနက်အိပ်ရာမှ ထသောအခါ ဆရာမြကြီးသည် မနေ့က ကျွန်ုပ်တို့ယူခဲ့သော ပန်းပေါင်းတို့ကို ယခင် ဂမုန်းတွေကဲ့သို့ပင် ရွေးချယ်စေပြီးနောက် ဂမုန်းတွေကိုကြိတ်သကဲ့ ကျောက်ပျဉ်ကျောက် သွားတို့၌ အင်းတို့ကိုချပြီးလျှင် ကျွန်ုပ်တို့ကို အနားမှာနေစေ၍ ကြိတ်ပါတော့၏။

ဆရာမြကြီးသည် ပန်းပေါင်းတို့ကိုကား ယခင် ဂမုန်းတွေကဲ့သို့ အရုပ်တွေမပြုလုပ်ဘဲ အတောင့်ကလေးတွေကိုသာ ပြုလုပ်၍ထားသဖြင့် ဆေးရင်းကြီးတို့တွင် အသုံးပြုရန်ဖြစ်ကြောင်းသိရပေ တော့၏။ တချို့တစ်ဝက်ကို နတ်ဆေးတွေနှင့် ရောနှောပြီးလျှင် ဆေးတောင့်ပေါ်၌ အမည် နာမတို့ကို ဆိုင်ရာဆိုင်ရာ ရေးမှတ်ထား လိုက်သည်ကို တွေ့ရသဖြင့် အထက်သိဒ္ဓိလမ်းတွင် အသုံးပြုရာ၌ လည်းကောင်း၊ ပထမံရုပ်မှုန့်တွက်ရာတွင် ကန့်ကူဆံ လုပ်ရန် လည်းကောင်း အထူးသီးသန့်၍ပြုလုပ်သည်ကို သိရပေတော့၏။

www.foreverspace.com.mm

ထို့နောက် ဆရာမြကြီးသည် ထိုနေ့တစ်နေ့လုံး လိုလိုပင် ဂါထာစုတ်ခြင်းဖြင့် အမျိုးမျိုးစီရင်နေသော ကြောင့် ကျွန်ုပ်နှင့် ဦးသူတော်မှာ ခြံအတွင်းရှိ သစ်သီးဝလံတို့ကို လျှောက်၍ကောက်ယူ နေပါတော့သည်။

ထိုအခိုက် တဲကလေးဘက်မှ စကားပြောသံလိုလို ကြား လိုက်ရသဖြင့် နားထောင်လိုက်ရာ ဆရာမြကြီးနှင့် လူတစ်ယောက် စကားပြောနေသည်ကို ကြားသိရသော ကြောင့် အတော်ပင် အံ့သြမိ ပါတော့၏။

အားလုံးပေါင်းမှ တဲကလေးတွင် ကျွန်ုပ်တို့ဆရာ တပည့်နှစ်ယောက်နှင့် ဦးသူတော်ပါတွက်လျှင် သုံးယောက် သာရှိကြောင်း စာဖတ်သူတို့ သတိထားမိကြပေမည်။ ယခုမှာမူ ကျွန်ုပ်နှင့် ဦးသူတော်သည် ဆရာမြကြီး ဆေးဝါး စီရင်နေသည်ကို အနှောင့်အယှက်ဖြစ်မည် စိုး၍ ခြံထဲတွင် နေခိုက် တဲကလေးပေါ်မှ ဆရာမြကြီးနှင့် စကား ပြောသံ ကြားရပြန်သောအခါ ကျွန်ုပ်တို့ကဲ့သို့ပင် ဂမုန်းတွေကို ရှာရန်လာသော ဆရာကြီး တစ်ဦးဦးဖြစ်နိုင်သည်။

"ဦးသူတော် တဲကလေးဘက်က ဆရာကြီးနဲ့ စကားပြောနေသံကို ကြားတယ် ဘယ်သူများဖြစ်မယ် ထင်သလဲလာ. . သွားကြည့်ကြစို့ ဦးသူတော်"

ဟု ပြောလိုက်ရာ . . .

"ဟုတ်တယ်. . . မောင်ဘသိုက် ဘယ်သူများတော့ မသိဘူး ဒီနေရာကို လာတဲ့သူတွေဟာ တခြားတော့ မဟုတ်ဘူး အထက် ဂိုဏ်းဆိုင်ရာတွေသာ လာတတ်တယ်

www.foreverspace.com.mm

အခုလည်း ဆရာကြီးနဲ့စကားပြောနေတာ အထက်ဆရာကြီး တွေများဖြစ်နေမလားမသိဘူးလာ . . သွားရအောင်”

ဟုပြောကာ ကျွန်ုပ်တို့သည် တဲကလေးသို့ လာကြရာ၌ စကားပြောသံမှာ အသေအချာကြားရသော်လည်း တဲကလေးပေါ်၌ ဆရာကြီးမှတစ်ပါး တခြားတစ်စုံတစ်ယောက်ကိုမျှ မမြင်သောကြောင့် တဲကလေး အောက်မှရပ်ပြီး ကြည့်နေမိပါသည်။

ဆရာကြီးကို ကြည့်လိုက်သောအခါ၌ ဘုရားခန်းဘက်သို့လှည့်၍ ရိုသေစွာထိုင်နေသည်ကို တွေ့ရပြန်သဖြင့် ဘုရားခန်းဘက် တွင် မည်သူများရှိလေမည်နည်းဟု အောက်မှေ့ကာ သေချာစွာကြည့်လိုက်ပါသော်လည်း ကျွန်ုပ်၏မျက်စိဖြင့် ဘာမှကြည့်၍မမြင်ချေ။

ကျွန်ုပ်တို့ဆရာကြီးအား တစ်စုံတစ်ခုကို ပြောနေသံကိုကား အဆက်မပြတ်အောင်ပင် ကြားနေရသဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် ပြောနေသူကိုမတွေ့ရဘဲ အသံသာကြားရခြင်းကိုပင်လျှင် မကျေမချမ်း ဖြစ်နေမိပါ၏။

ယခုပြောနေသောသူမှာ မည်သူနည်း။ လူလော၊ နတ်လော သို့မဟုတ် အထက်ဆရာကြီးတစ်ဦးဦးပင်လော၊ ၎င်းပြင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့များပင် ဖြစ်လေသလော။ သိဒ္ဓိအမျိုးမျိုးကို ပေါက် ရောက်ပြီးသော သူများပင် ဖြစ်လေသဘောဟု အမျိုးမျိုးတွေးတော မိပါသည်။

ထို့ပြင်မှတစ်ပါး ကျွန်ုပ်တို့ဆရာမြကြီးအား ပြောနေသော စကားတို့၏အသံကို အနီး၌နေ၍ ပြောနေသကဲ့

www.foreverspace.com.mm

သို့ပင် ကြားရသည်မှာ မိမိကိုယ်ကိုဖျောက်၍ ကျွန်ုပ်တို့အား မမြင်စေချင်သောကြောင့် ယခုကဲ့သို့ ကွယ်ထားလေသလော အမျိုးမျိုးတွေးတောမိပါတော့သည်။

ထိုအခိုက်မှာပင် ဆရာမြကြီးသည် ခေါင်းကိုမတ်မတ်ထားပြီး တစ်စုံတစ်ခုကို ပြန်ပြောလိုက်သည်ကို တွေ့ရသောအခါ အမှန်ပင် ဆရာကြီးရှေ့၌ တစ်စုံတစ်ယောက် သေချာစွာရှိနေပြီကို အတတ်လောက်ပင် သိရပေတော့၏။ အမှန်စင်စစ် ကျွန်ုပ်တို့အား မတွေ့မမြင်စေချင်၍သာ ကိုယ်ပျောက်အတတ်ဖြင့် မိမိ၏ကိုယ်ကို ဖျောက်ထားသည်ဟု ထင်လိုက်မိကာ ဦးသူတော်အား . . .

"အခု စကားပြောနေတာကို ဦးသူတော်လည်း ကြားရတယ်နော်. . လူကိုကော တွေ့ရသလား ဦးသူတော်. . . "

"အေးကွယ်. . . ဦးသူတော်လည်း ကြည့်တာပဲ ဆရာကြီးမှတစ်ပါး ဘယ်သူ့ကိုမှ ကြည့်လို့မမြင်ဘူး အထက်ဆရာကြီးတစ်ဦးဦး အမှန်ပဲကွဲ့ ဆရာကြီးကို အမိန့်ပေးပြောနေတာကို ထောက်လိုက်ရင် အမှန်မလွဲဘူး ဆရာကြီးရဲ့ အထက်ဂိုဏ်းဆရာကြီးများဖြစ်နေသလားမသိဘူး. . . "

"ဘယ်အထက်က အမိန့်ပေးတာလဲ ဦးသူတော်. . ကျွန်တော့်အထင်ကတော့ ကျွန်တော်တို့မမြင်စေချင်လို့သာ ကိုယ်ပျောက် အတတ်နဲ့ ကိုယ်ကိုဖျောက်ထားတယ်ထင်တာပဲ ဦးသူတော်. . . "

www.foreverspace.com.mm

"မောင်ဘသိုက်ကလည်း ပြောရော့မယ်. . . အကြောင်းမရှိဘဲ အထက်က ဘယ်လိုမှ အမိန့်မပေးဘူး အကြောင်းတစ်ခုခုရှိလို့သာ အခုလိုလာပြီး ဘယ်လိုလုပ် ဘယ်လိုကိုင် ဘယ်လိုသွား ဘယ်လို စီရင်သင့်တယ်ဆိုတာကို လာပြောတာဖြစ်မယ် သိဒ္ဓိပေါက်ပြီးလို့ ထွက်ရပ်ပေါက်ပြီးတဲ့ အထက်ဂိုဏ်းဆရာကြီးတွေဟာ အဝေးကနေပြီး အာရုံပြုလိုက်ရင်လည်း ဒီက အာရုံအပြုခံရတဲ့သူကလည်း ပြန်ပြီး အထက်ဆရာကြီးတွေကို အာရုံပြုလိုက်ရင် အနားမှာကပ်ပြီး ပြောနေတာလို့လည်း ဖြစ်တတ်တယ်ကွဲ့. . . "

"မောင်ဘသိုက်နဲ့ ဦးသူတော်ကသာ ဆရာကြီး အာရုံပြု ပြီးနေတုန်းကို အနှောင့်အယှက်မပေးပဲ အခုလို တဲကလေးအောက်မှာနေပြီး အသာထိုင်ကြည့်နေတာက ကောင်းမယ်ထင်တယ် ဘယ်လိုအမိန့်ပေး ပြောဆိုနေတယ်ဆိုတာကိုသာ နားထောင်ရမယ် ဒါကြောင့် အသာနေရအောင်. . . "

"မဟုတ်ဘူး ဦးသူတော်. . . ဘယ်သူဘယ်ဝါသိရအောင် တဲပေါ်တက်ကြည့်ရရင် မကောင်းဘူးလား. . . ဒီအောက်က ကြည့်လို့မမြင်ရင် အပေါ်ကတက်ပြီးကြည့်ရင် မြင်ရလိမ့်မယ် အပေါ်က တက်ပြီးကြည့်ရင် မကောင်းဘူးလား. . ဒီတော့ ဘယ်သူဘယ်ဝါဆိုတာ သိရတာပေါ့"

"မတက်ပါနဲ့ မောင်ဘသိုက်ရယ် . . . ဆရာကြီးကို မနှောင့်ယှက်ချင်ပါနဲ့ နောက်တော့လည်း မေးမြန်းကြည့်ရင်လည်း အကုန်လုံး သိရမှာပဲ မဟုတ်လား. . . "

www.foreverspace.com.mm

"အခု ဦးသူတော်ပြောတာက ဟုတ်တော့ဟုတ်ပါရဲ့ . . . ဘယ်သူ ဘယ်ဝါဆိုလို့ မမြင်ရတာက ခက်တယ် ကျွန်တော့်စိတ်ထဲမှာ အခု ဦးသူတော်ပြောတဲ့ အထက်ဆရာကြီးတွေဆိုတာကိုသာ သိပ်ပြီး တွေ့ချင်နေတယ်"

"မောင်ဘသိုက်တို့ ဦးသူတော်တို့ကို မမြင်စေချင်လို့ အခုလို မမြင်ပဲဖြစ်နေတာကို ဘာပြုလို့မြင်ချင်နေရသေးလဲ . . . ဦးသူတော်တို့ကို မြင်စေချင်တွေ့စေချင်ရင် အခုလို ဘယ်ဖြစ်မလဲ. . . ဒီအနားမှာထိုင်ပြီး အမိန့်ပေးနေရိုးမှန်မယ်ဆိုရင် အခုလောက်ရှိ မြင်ရရောပေါ့ အခုတော့ အနားကပဲ ဆုံးမတာလား. . . အဝေးကပဲ ဆုံးမအမိန့်ပေးနေတာလားမှ မသိဘဲ ဆရာကြီးမှတစ်ပါး အခုနေတော့ သူတော်လည်း မပြောတတ်ဘူး"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် ဦးသူတော်ပြောသော စကားတို့ကို စဉ်းစားရင်း နောက်ကြောင်းကိုပြန်၍ သတိရလာ၏။ ဦးသူတော်နှင့် တွေ့ကတည်းကစ၍ ဒီအကြောင်းကိုမမေးဘဲနေခဲ့ရာ အထက်က အမိန့်ပေးသည်ဆိုသောစကားကို သတိရလိုက်သဖြင့် မေးလိုက်၏။

"အလောင်းတော်ကဿဖမှာ ကျွန်တော်တို့ရှိနေတုန်း ဦးသူတော်ကို မည်သူကအမိန့်ပေးလို့ ကျွန်တော်တို့ကို လာခေါ်တာလဲ"

"နောက်ဆုံးပြောမယ် မောင်ဘသိုက် . . . သူတော်. . . အခုလိုတောထဲမှာနေတာဟာ အခုပြောခဲ့တဲ့ မကောင်းတဲ့အကြံအစည်တွေကို ဘယ်တော့မှမကြံဘူး

www.foreverspace.com.mm

အထက်က အမိန့်ပေးတဲ့ အတိုင်း ပြုလုပ်တယ် သွားလာတယ် အထက်ဂိုဏ်းဆိုင်ရာတွေရဲ့ အလုပ်ဟူသမျှကို ကူညီတယ် ဘုရားကို အမြဲအာရုံပြုတယ် တစ်ခါတစ်ရံ ဦးသူတော်တို့လည်း အထက်ဆရာကြီးတွေနဲ့တွေ့တာပေါ့ မောင်ဘသိုက်လည်း တွေ့ချင်ရင် ရတနာသုံးပါး ဆရာသမား မိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အမြဲအောက်မေ့ကာ နှလုံးသွင်းပြီး မကောင်းတဲ့အကြံအစည်တွေကို ပယ်ဖျောက်ရမယ် လောဘ ဒေါသဆိုတဲ့ဟာတွေကို နည်းနိုင်သမျှနည်း အောင်စောင့်ထိန်းနေရင် မကြာပါဘူး ဘယ်နေ့ ဘယ်ရက် ဆိုတာကိုတော့ ဦးသူတော် မပြောနိုင်ဘူးပေါ့ ဒါပေမဲ့ တစ်နေ့တော့ အမှန်တွေ့ရမယ်. . . ”

“အခုကြည့်ပါလား. . . ဆရာကြီးက တဲကလေးပေါ်မှာ ဘုရားကို အာရုံပြုပြီး အထက်ဆရာကြီးတွေကို တောင့်တကာ ဆေးဝါးတွေနဲ့ ဂမုန်းတွေ ပန်းပေါင်းတွေကို စီရင်နေတဲ့အခါ မောင်သတိုးစက္ကနဲ့ ဦးသူ တော်က ခြံထဲမှာလျှောက်ပြီး သွားလာနေတုန်း စကားပြောသံတွေကြားရတယ်မဟုတ်လား အခု လာကြည့်လည်း စကားပြောသံကြားရတယ် မဟုတ်လား ဆရာကြီးမှတစ်ပါး ဘယ်သူ့မှမမြင်ဘူး ဒါဟာ အခု ဦးသူတော်ပြောခဲ့တဲ့အတိုင်း ဆရာကြီးက ဘုရားကို အာရုံပြုနေတာကိုး. . . ဆရာကြီး ကိုယ်တိုင် ဆုံးမသြဝါဒ ပေးနေတာကို နားထောင်နေတာကိုလည်းတွေ့ရတယ် အထက်က အမိန့်ပေးနေတာ ညွှန်ကြားနေတာတော့ အမှန်ပဲကွဲ့. . . ”

www.foreverspace.com.mm

"အထက်ဆရာကြီးတွေနဲ့ တွေ့ဖို့ကတော့ ဦးသူတော်ပြောသလို တခြားသူတွေမှာ ခဲယဉ်းသလောက် ဆရာကြီးအတွက်မှာတော့ မခဲယဉ်းဘူးဆိုတာကိုတော့ ကျွန်တော်သိပါတယ်. . . တစ်ခါတစ်ရံ ကျွန်တော် အိပ်နေတုန်းကို သန်းခေါင်ကျော်လောက်မှာ အထက် ဆရာကြီးတွေနဲ့ စကားပြောနေတာကိုလည်း တွေ့ဖူးပါတယ်. . . အခုနေ့ခင်းကြီးစကားပြောနေရက်သားနဲ့ ဘယ်သူဘယ်ဝါ မသိရတာက အဲဒါကျွန်ုပ်ရဲ့စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာပဲ ဦးသူတော်. . . "

"ဒါကတော့ နောက်မှ ဆရာကြီးကို မေးကြည့်ပေါ့ . . . အခုတော့ အသာကြည့်နေတာက ကောင်းပါတယ် ဘာမှ မနှောင့်ယှက်ပါနဲ့ ပြောတဲ့စကားတွေကို အသာနားထောင်နေတာက အကျိုးရှိတယ် မှတ်သားသင့်သမျှကို မှတ်သားရတာပေါ့. . . "

ဟုပြောပြီးလျှင် ဗိန္ဓောဆရာမြကြီးရှိရာသို့ အသာကြည့်၍ နေလိုက်သဖြင့် ကျွန်ုပ်လည်း အနားတွင်ရပ်ကာ တဲကလေးအောက်မှလှမ်း၍ ဆရာကြီး၏ အရိပ်အခြေကိုသာ ကြည့်နေရပါတော့၏။

အတန်ကြာသော် စောင့်ဆိုင်း၍ ကြည့်နေရပါသော်လည်း စကားပြောသံမှတစ်ပါး မည်သည့်အရာမှ မထူးခြားလာသောကြောင့် ပျင်းရိချင်သလိုလိုဖြစ်လာသော အခါ ကျွန်ုပ်သည် တဝါးဝါးနှင့်သမ်းဟန် ပြုလုပ်လိုက်သောအခါကျ ဦးသူတော်သည် ပါးစပ်ကိုလက်နှင့် ပိတ်

www.foreverspace.com.mm

လိုက်လေသည်။

ထိုအခါ ကျွန်ုပ်၏မျက်စိထဲတွင် အဝတ်ဖြူစင်ကြယ်ဝတ်၍ ဘုရားခန်းဘက်သို့လှည့်နေသော ဆရာကြီးတစ်ယောက်ကို ဝိုးတိုးဝါး တားမြင်လိုက်ရပြီးနောက် မျက်စိကိုပွတ်သပ်၍ ကြည့်လိုက်သောအခါမှ ထိုသို့ မြင်ရသော သဏ္ဌာန်မှာ ရုတ်တရက်ပျောက်ကွယ်သွားသဖြင့် ဦးသူတော်ဘက်သို့လှည့်၍ ဘယ်လိုလဲ ဦးသူတော်ဟု မေးထိုးပြ၍ မေးလိုက်မိ၏။ ထိုအခါ ဦးသူတော်သည် ကျွန်ုပ်အားပြုံးရယ်လိုက်ပြီးလျှင် . . .

"မောင်ဘသိုက် မတွေ့လိုက်ဘူးလား ထင်ထင်ရှားရှားပါပဲကွယ်"

ဟုပြောလိုက်သဖြင့် မကျေမနပ်ဖြစ်လာကာ. .

"ဘယ်မှာထင်ရှားလို့လဲ ဦးသူတော်. . ကျွန်တော့်မျက်စိမှာတော့ ဝိုးတိုးဝါးတားသာတွေ့ရပါတယ် ဘယ်သူဘယ်ဝါလို့ မခွဲခြားတတ်ဘူး"

ဟုပြောလိုက်သဖြင့် ဦးသူတော်သည် ကျွန်ုပ်အားသေချာစွာ စိုက်ကြည့်ပြီးမှ . . .

"မောင်ဘသိုက်က ဘယ်လိုအာရုံပြုနေမှန်းမှမသိဘဲ သူတော်ဖြင့် အထင်အရှားတွေ့လိုက်ရတယ် ဘယ်သူဘယ်ဝါတောင် သိလိုက်ရသေးတယ်"

"ဟုတ်တယ် ဦးသူတော် ကျွန်တော်က အာရုံကောင်း ကောင်းမပြုဘဲ ပျင်းပျင်းရိရိဖြစ်လာတာကိုတော့ ဝန်ခံပါတယ် ဦးသူတော်မြင်ရတာက ဘယ်သူလဲ ဦးသူ

www.foreverspace.com.mm

တော် ကျွန်တော် မသိရဘူးလား။ . . ”

“ဒါတော့ ဆရာကြီးကိုမေးပေါ့။ . . သူတော်က တော့ ဘိုးဘိုးကြီးလို့သာ ပြောနိုင်တယ် မောင်ဘသိုက် အာရုံပြုဖို့ သတိပေးတာ ရမှမရဘဲ ဒီတော့ ဘယ်သူဘယ် ဝါဆိုတာကို ဆရာကြီးကိုသာ မေးပေတော့”

ဟုပြောဆိုနေစဉ်မှာပင် ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ်အား လှမ်း၍ခေါ်လိုက်သဖြင့် တဲကလေးပေါ်သို့ တက်၍ပြေးသွားကာ ဗိန္ဓောဆရာမြကြီးအနီး၌ထိုင်၍ နေလိုက်စဉ် ဦးသူတော်လည်း နောက်မှ ရောက်လာသဖြင့် ထိုင်မိသောအခါ . . .

“မောင်ဘသိုက်နဲ့ ဦးသူတော် ဘယ်ကိုသွားနေ ကြတာလဲ . . . အထက်ဆရာကြီးတစ်ပါး ကြွလာပြီး ဆရာ့ကိုသွန်သင်ဆုံးမ သွားတယ်ကွဲ့”

ဟုပြောလိုက်ရာ အတော်ပင်သိချင်နေသော ကျွန်ုပ်သည် . . .

“ဘယ်ကလဲဆရာကြီး . . ကျွန်တော်မသိရဘူး လား ကျွန်တော်လည်း သိချင်ပါတယ်”

“မောင်ဘသိုက်တို့က ဘယ်သွားနေတာလဲ အခုလို ထွက်ရပ်ပေါက်သိဒ္ဓိမြောက်ပြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဦး ကိုတွေ့ဖို့ အတော်ခဲယဉ်းတယ် တွေ့ချင်ပါတယ်ဆိုရင် တောင် မတွေ့ရ မမြင်ရဘူးကွဲ့ . . ဆရာသမားတို့ရဲ့ ဂုဏ် အင်္ဂါနဲ့ညီညွတ်မှသာ တွေ့ရတယ်ဆိုတာ မှတ်ထားပါ . . . နောက်ပြီး ပျင်းရိငြီးငွေ့တဲ့သူမျှားကိုတော့ အထက်

www.foreverspace.com.mm

ဆရာကြီးဟာ ဘယ်တော့မှ ထင်ရှားအောင် မပြဘူးဆိုတာ မှတ်ထားပေတော့. . . ”

ဟုပြောလိုက်သောအခါ ဦးသူတော်သည် ကျွန်ုပ်အား ရုတ်တရက် လှမ်းကြည့်လိုက်သောကြောင့် ကျွန်ုပ်၏ အကြောင်းကို သိသွားသဖြင့် ဆရာမြကြီးသည် ယခုကဲ့သို့ ပြောလေသလောဟု အောက်မေ့ကာ အထူးပင် ထိတ်လန့်သလိုဖြစ်သွားတော့၏။

ဗိန္ဓောဆရာမြကြီးပြောသည်တို့မှာ အမှန်ကို ပြောနေပါ သော်လည်း ကျွန်ုပ်၏အဖြစ်အပျက်နှင့်တူနေသောကြောင့် ဆရာကြီး ပြောသမျှကို ဘာမှပြန်၍မပြောရဲအောင်ဖြစ်ကာ ကြောင်၍ကြည့်နေမိစဉ် . . .

“မောင်ဘသိုက်တို့ ဘယ်နားကို သွားနေကြတာလဲ. . . ”

ဟု ထပ်၍မေးလိုက်မှ ကျွန်ုပ်တို့ကြားရ တွေ့ရသည်တို့ကို ပြန်၍ ပြောပြလိုက်ပြီးလျှင် နောက်ဆုံးဝိုးတိုးဝါးတား မြင်လိုက်ရသည်ကိုပြောလိုက်မှ ဆရာမြကြီးက ကျွန်ုပ်တို့အား . . .

“ဦးသူတော်ကော မတွေ့လိုက်ဘူးလား”

“သူတော်တော့ တွေ့လိုက်ရပါတယ်. . . မောင်ဘသိုက်ကို အထက်ဆရာကြီးတွေရဲ့အကြောင်း ရှင်းလင်းပြောနေရတဲ့ အတွက် ဘယ်လိုပြောသွားတယ် ဆိုတာကိုတောင် ကောင်းကောင်းမသိလိုက်ရဘူး”

ဟု ကျွန်ုပ်အား အပြစ်ချနေသောကြောင့် . . .

www.foreverspace.com.mm

"ဒါကတော့ ကျွန်တော်လည်း သိချင်သေးတာကိုး . . . နောက်ပြီး ဘယ်သူဘယ်ဝါဆိုတာကိုလည်း မမြင်ရ လေတော့ ပိုပြီး သိချင်လာပြန်တာနဲ့ မေးတာပါ. . . ဦးသူ တော်တို့လို မြင်ရတွေ့ရနေရင် ကျွန်တော်လည်း ဘယ်မေး မလဲ အသာကြည့်နေမှာပေါ့. . . "

"မောင်ဘသိုက် ဘယ်လိုပြောနေတာလဲ ဦးသူ တော်က မောင်ဘသိုက် မေးသမျှကိုပြောနေရလို့ ဘာမှ မသိလိုက်ဘူးလို့ပြောသားပဲ မောင်ဘသိုက်ကို အပြစ် ပြောတာမှမဟုတ်ဘဲ ဦးသူတော်လည်း မသိလို့ ပြောတာ ကို မောင်ဘသိုက်က အပြစ်တင်တယ် . . ဒီတော့ ဆရာ ပြောမယ် အခု ဒီကိုကြွလာတာ ဆရာတို့ဂိုဏ်းစဉ် အတိုင်း ထွက်ရပ်ပေါက် သိဒ္ဓိပေါက်သွားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါး ပေါ့. . . "

"ဆရာတို့ဂိုဏ်းသားတွေကို အမြဲလိုက်ပြီး ဆုံးမ သွန်သင်နေတဲ့ အထက်ဆရာကြီးပေါ့ . . . မောင်ဘသိုက် က ဝိုးတိုးဝါးဝါးမျှသာ မြင်လိုက်ရတာဟာ မောင် ဘသိုက်စိတ်ထဲမှာ တစ်စုံတစ်ခုကို အာရုံပြုနေလို့ အခု မြင်ရသလို မြင်ရတာကိုပဲ တော်ပါသေးတယ်"

"ဒါဖြင့် ကျွန်တော်တို့ တော်သေးတာပေါ့ ဆရာ ကြီး"

ဟု ရယ်မောရှ ပြောလိုက်သောအခါတွင် ဗိန္ဓော ဆရာမြကြီးကလည်း . . .

"အေး . . . ဒီနေရာမှာနေရင် စိတ်ကောင်းထား

www.foreverspace.com.mm

သမျှ အထက်ဆရာကြီးတွေနဲ့ မကြာခဏတွေ့ရမှာပဲ ဒီနေရာကိုလည်း သိဒ္ဓိပေါက် ဆရာကြီးတွေ စီမံထားတယ်ဆိုတာကိုလည်း ပြောခဲ့ပြီးပြီ မဟုတ်လား ဒီတော့ ဒီနေရာမှာနေသမျှ စိတ်ကောင်းကောင်းနဲ့ ဘုရား တရားကို မြဲမြဲအာရုံပြုပေးသမျှ တွေ့ရလိမ့်မယ်ကွဲ့. . . ”

“လုံ့လ ဝီရိယနဲ့သာ ရတနာသုံးပါး ဆရာသမား မိဘတို့ရဲ့ ဂုဏ်၏ကျေးဇူးကို အမြဲအောက်မေ့ သတ္တဝါတို့ကို မေတ္တာပို့ အမျှဝေ. . . ဒီလိုသာလုပ်နေရင် အထက်ဆရာပုဂ္ဂိုလ်ကြီးများက စောင်မကြည့်ရှုလိမ့်ဦးမယ် ကြိုးစားပြီးသာ ရတနာသုံးပါးကို အမြဲဆည်းကပ် ကိုးကွယ်တဲ့လူတွေကို သူတော်ကောင်းနတ်ကောင်း စောင်မဆိုသလိုပေါ့. . . ”

“မောင်ဘသိုက်မှာ ကောင်းတဲ့စိတ်ထားရှိရင် ကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ အမြဲတွေ့ရမယ် မကောင်းတဲ့စိတ်ဖြစ်နေရင် အထက်ပုဂ္ဂိုလ်ကြီးတွေနဲ့ တွေ့ရမယ်မဟုတ်ဘူး ဒီတော့ ဆရာပြောတဲ့အတိုင်း ဒီနေ့ကစပြီးအခုလို လျှောက်ပြီး သွားလာမနေဘဲ ဘုရားကို အာရုံပြုနေပါ အထက်ဆရာကြီးတွေကို တွေ့လိမ့်မယ်. . . ”

ဟုပြောသဖြင့် ကျွန်ုပ်သည် သိဒ္ဓိမြောက်ထွက်ရပ်ပေါက်သော ပုဂ္ဂိုလ်ဆရာကြီးသမားကြီးတို့ကို အတော်ပင် တွေ့ချင်နေသဖြင့် ဆရာကြီး ပြောသည်တို့ကိုပြုလုပ်ရန် စိတ်ပိုင်းဖြတ်လိုက်မိပေသည်။

“ဒီကနေ့ကစပြီး ကျွန်တော် ဘုရားကို အာရုံပြုပါ

www.foreverspace.com.mm

တော့မယ် ဆရာကြီး . . . မေတ္တာပို့ အမျှဝေခြင်းကိုလည်း ကျွန်တော်အမြဲလုပ်ပါ့မယ် အထက်ဆရာကြီးတွေကို မကြာခဏတွေ့ရရင် ကျေနပ်ပါပြီ. . . ”

ဟု ပြောလိုက်ရာ ဗိန္ဓောဆရာမြဲကြီးသည် အတော်လေးပင် ဝမ်းမြောက်သွားပြီး . . . .

“အေး. . . အေး ဘုရားကို များများသာ အာရုံပြုပါ မကြာပါဘူး တွေ့ရပါလိမ့်မယ် ဒီနေရာမှာသာ ကောင်းကောင်းအားထုတ် တွေ့ရမယ်လို့ ဆရာဝန်ခံပါတယ်ကွယ် ကဲ. . . ကဲ ဆရာကြီးလည်း အထက်က အမိန့်အတိုင်း စီရင်စရာတွေကိုစီရင်ရဦးမယ် ပြောနေလို့လည်း မပြီးသေးဘူး ကဲ. . . ကဲ အေးအေးဆေးဆေးနေကြတော့ ဟုတ်လား. . . ”

ဟုပြောဆိုကာ ယခင်ဆေးတွေနှင့်ရော၍ ရော၍ ကြိတ်ကာ စီရင်ထားသော ဂမုန်းပေါင်း၊ ပန်းပေါင်းတို့ကို အမျိုးမျိုးစီရင်နေသဖြင့် ကျွန်ုပ်လည်း ဆရာကြီးပြောသည့် အတိုင်း ဘုရားကို အာရုံပြု မေတ္တာပို့ အစရှိသဖြင့် တစ်နေ့လုံးငြိမ်သက်စွာနှင့်ပင် နေလိုက်ရပါသည်။

www.foreverspace.com.mm

ကျွန်ုပ်၏စိတ်ထဲတွင် ယခုကဲ့သို့ ပြုလုပ်နေခြင်းသည်ကား ယခုပင်လာ၍တွေ့တော့မည်ဟု အောက်မေ့မိသည့်အပြင် အထက်ဆရာကြီးများနှင့်အတူ သွားလာရလိမ့်မည်ဟုလည်း ထင်မှတ်နေမိပါ၏။

တစ်နေ့လုံး ဘုရားရှိခိုးခြင်း၊ စိပ်ပုတီးစိပ်ခြင်းတို့ကိုပြုလုပ် နေသဖြင့် အခါတိုင်းကဲ့သို့ ပြောဆိုမေးမြန်းခြင်းမရှိဘဲ နေသောအခါ ဆရာကြီးသည် ကျွန်ုပ်အားကြည့်၍ ပြုံးလိုက်ပြီး . . .

"မောင်ဆသိုက် အခုလို ဘုရားရှိခိုး ပုတီးစိပ်တာဟာ စိတ်ထဲက မအေးချမ်းဘူးလား. . . အခုလိုသာဘုရားကိုအာရုံပြုနေရင် မကြာပါဘူးကွယ် သိဒ္ဓိမြောက်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေကို တွေ့ရပါလိမ့်မယ်"

"ကျွန်တော်လည်း အထူးတွေ့ချင်တာပဲ ဆရာကြီး"

ကျွန်ုပ်၏စိတ်ထဲတွင်ကား ထိုကဲ့သို့ပုဂ္ဂိုလ်ကြီးများ

www.foreverspace.com.mm

နှင့် တွေ့လျှင် ဘယ်လိုပြောမည်ကိုလည်း စိတ်ကူးထားပါ ၏။ သို့သော် တွေ့ရသောအခါတွင်မူ အဘယ်သို့ဖြစ်မည် မသိရသေးပါ။ ဗိန္ဓောဆရာ မြကြီး၏ ဆုံးမသောစကားကို ယုံကြည်ပြီး ဘုရားကိုအာရုံပြုနေပါတော့သည်။

သို့ဖြစ်၍ ညအချိန်သို့ရောက်သောအခါ ကျွန်ုပ်သည် ယခင်နေ့များကလို တောင်မြောက်စိတ်မကူးဘဲ ဘုရားကိုသာ အထပ်ထပ်ရှိခိုးပြီးလျှင် မေတ္တာပို့အမျှဝေပြီး စိပ်ပုတီးကိုကိုင်၍ အရဟံဂုဏ်တော်ကို စိပ်နေပါသည်။ ဗိန္ဓောဆရာမြကြီးလည်း ဘုရားကို အာရုံပြုပြီးဖြစ်သဖြင့် ကျွန်ုပ်အားခေါ်လိုက်ကာ အောက်ပါအတိုင်း အားပေးစကားဆိုလိုက်ပြန်သည်။

"အေး. . . အေး မောင်ဘသိုက် အခုလုပ်နေတဲ့ အလုပ်ဟာ အတော်ကောင်းတယ်ကွဲ့. . ဆရာ နေ့ခင်းက ပြောသလို အထက်ဆရာကြီးများနဲ့တွေ့ရ တော့မယ်လို့ ထင်တယ် သို့သော် မောင်ဘသိုက်ကို တစ်ခု မှာထားမယ် အထက်ဆရာကြီးများကို တွေ့ရတဲ့အခါ ဘယ်အချိန် ဖြစ်ဖြစ် ထကြွလုံ့လ ဝီရိယရှိပြီးနေဖို့ သတိထားကွဲ့"

"ဒီလိုနေရင် အထက်ဆရာကြီးတို့က အာရုံပြုတတ်တယ် နောက်ဆုံးမှာ ဘုရားတရားကိုအာရုံပြုဖို့ အရေးကြီးတာပဲ မောင်ဘသိုက်ရေ"

ဟုပြောသဖြင့် ကျွန်ုပ်လည်း နားထောင်နေစဉ် မှာပင် ဦးသူတော်သည် တဲကလေးအောက်သို့ဆင်းသွားပြီး တစ်စုံတစ်ခု ပြုလုပ်နေသကဲ့သို့ တစ်ချက်ချက်အသံကို

www.foreverspace.com.mm

ကြားလိုက်ရပြန်၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် ဗိန္ဓောဆရာမြကြီး ပြောဆိုနေသည်ကိုပင် သတိမထားနိုင်တော့ပဲ ဦးသူတော် ဘာများလုပ်နေသည်ကိုပင် သိချင်လာ၍ တဲကလေးအောက်သို့ လှမ်း၍ကြည့်မိရာ

"မောင်ဘသိုက် ဦးသူတော်နောက်ကို လိုက်ချင်ပြန်ပြီလား . . . ဦးသူတော်ကိစ္စနဲ့ ဦးသူတော်ရှိပါစေ. . . မောင်ဘသိုက်သာ ဘုရားကို အာရုံပြုပြီးနေပါ"

ဟုပြောပြီးလျှင် ဗိန္ဓောဆရာမြကြီးလည်း ဆေးတွေကို ဂါထာစုတ်ခြင်းပြုလုပ်နေသဖြင့် ကျွန်ုပ်သည် အိပ်ရာပေါ်တွင်ထိုင်၍ ပုတီးစိပ်နေလိုက်ရပါတော့၏။

သို့နှင့် ဦးသူတော်လည်း တဲကလေးပေါ်သို့ပြန်တက်လာပြီးလျှင် အခါတိုင်းကဲ့သို့ စကားပြောဆိုခြင်းမရှိဘဲ အိပ်ရာ၌ထိုင်၍ ဘုရားကို ကန်တော့ကာအိပ်နေတော့၏။ ကျွန်ုပ်လည်း ဆရာမြကြီး ဂါထာမန္တရားတွေ စုတ်နေသည်ကိုကြည့်ရင်း အိပ်ချင်လာသဖြင့် အိပ်ရာပေါ်တွင် အိပ်ကာ ဆရာမြကြီးပြောသော စကားကိုစဉ်းစားနေစဉ် မှေးခနဲဖြစ်ပြီး အိပ်ပျော်သွားပါတော့သည်။

မည်မျှလောက် ကြာသွားသည်မသိပါ။ တစ်စုံတစ်ယောက်က ကျွန်ုပ်၏လက်ကို ကိုင်၍ဆွဲလှုပ်လိုက်သောအခါ၌ ရုတ်တရက် လန့်သွားသော်လည်း မျက်စိကိုဖွင့်ကြည့်လိုက်သောအခါ ဦးသူတော် သည် ကျွန်ုပ်၏လက်ကို ဆွဲ၍နှိုးနေသည်ကို တွေ့လိုက်ရသဖြင့် ရုတ်တရက် ခေါင်းထောင်၍ထလိုက်ကာ ဆရာကြီးဘက်ကို ကြည့်

www.foreverspace.com.mm

လိုက်သောအခါတွင် ဆရာမြကြီးမှာ ဘုရားစင်ရှေ့၌ သေချာစွာထိုင်ကာ နေ့ခင်းကကဲ့သို့ တစ်စုံတစ်ယောက်၏ အမိန့်ကို နာခံသလို တွေ့ရပြန်သဖြင့် အထက်ဆရာများ ကြွလာလေသလောဟု အောက်မေ့ပြီး ဦးသူတော်အား ဘာလဲဦး သူတော်ဟု လေသံဖြင့် မေးလိုက်ရာ ဦးသူတော် ကလည်း ကျွန်ုပ်နားဆီသို့ ကပ်လာပြန်၏။

"ထတော့လေ မောင်ဘသိုက် ဆရာကြီးကို အထက်က အမိန့်ပေးနေတယ် ထ. . . ထ စကားမပြောနဲ့ အသာနားထောင်နေ ခဏကြာမမြင်ရပဲနေဦးမယ်"

ဟုပြောသဖြင့် ကျွန်ုပ်လည်း ထထိုင်လိုက်ပြီး ဘေးပတ်လည်ကို ကြည့်၍ ဘာမှမမြင်ရသောအခါ ဦးသူတော်ကိုကြည့်ပြီး . . .

"ဘယ်မှာလဲ ဦးသူတော် အထက်ဆရာကြီးကို ကျွန်တော် လည်း မမြင်ရပါလား"

ဟု ပြန်မေးလိုက်မိပြန်၏။

"အသာနေ မောင်ဘသိုက်. . . ဒီကို မရောက် သေးဘူးကွဲ့ . . . ဆရာကြီးလည်း အာရုံပြုနေတယ် ကြွလာရင် မောင်ဘသိုက် မြင်ရအောင်လို့ တမင် အိပ်ရာကနှိုးထားတာကွဲ့ ဘုရားကို အာရုံပြုနေပါ မောင် ဘသိုက်"

ဟုပြောကာ ဦးသူတော်လည်း ဆရာကြီးကဲ့သို့ ဘုရားဘက်လှည့်၍ အာရုံပြုနေသဖြင့် ကျွန်ုပ်သည် အထက်ဆရာကြီး ကြွရောက် လာသောအခါ ကြည့်ရန်

www.foreverspace.com.mm

ကိုသာ စိတ်ထဲက လှုံ့ဆော်နေသောကြောင့် စိတ်မငြိမ်အောင်ဖြစ်နေရသည်။

ထိုသို့ ဖြစ်နေစဉ်မှာပင်လျှင် နေ့ခင်းက ဆရာမြကြီးပြောသော စကားတို့ကို ပြန်၍အောက်မေ့လာတော့ကာ ဘုရားကိုအာရုံပြုရန် သတိရလာပြန်၏။ ရတနာသုံးပါး ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အမြဲအောက်မေ့တဲ့ ပုဂ္ဂိုလ်များကို အထက်ဆိုင်ရာတို့က အာရုံပြုတတ်တယ်ဟု ဆရာမြကြီးပြောသောစကားကို အောက်မေ့ လိုက်သောအခါမှ ကျွန်ုပ်လည်း ဆရာကြီးများကဲ့သို့ ဘုရားကို အာရုံပြုနေပါတော့၏။

ထိုအခိုက်မှာပင်လျှင် ဘုရားခန်းဘက်သို့ ရိပ်ခနဲ မြင်လိုက်ရပြန်၏။ ကျွန်ုပ်သည် အလန့်တကြား ကြည့်လိုက်သောအခါ၌ ကျွန်ုပ်၏ မျက်စိထဲတွင် ဝိုးတိုးဝါးတား သဏ္ဌာန်ဖြူကြီးတစ်ခုသည် ဆရာကြီး၏ရှေ့၌ ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်၏စိတ် ထဲတွင် စွဲလမ်းနေ၍ ဖြစ်လေသလောဟုအောက်မေ့ကာ မျက်စိကို ပွတ်သပ်ပြီး ကြည့်လိုက်သောအခါ၌လည်း မြင်ရသည့်အတိုင်းပင် ရှိနေသဖြင့် ဦးသူတော်ပြောသည့်အတိုင်းပင် အထက်ဆရာကြီး ကွဲရောက်လာပြီဟု မှတ်ချက်ချမိလိုက်ပါ၏။

တစ်အောင့်လောက်ကြာသောအခါမှာမူ ကျွန်ုပ်မြင်ရသည် မှာ အဝတ်ဖြူစင်ကြယ်စွာ ဝတ်ဆင်ထား၍ ဣန္ဒြေရစွာထိုင်နေသော ပုဂ္ဂိုလ်ကြီးတစ်ပါးကို မြင်လိုက်

www.foreverspace.com.mm

ရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် ဘယ်ကဲ့သို့ ဖြစ်သွားမည်မသိပါ။ အတော်ပင် ကြည်ညိုလာတော့ သည် သာမက ထိုပုဂ္ဂိုလ်ကြီးကိုပင် သေချာစွာကန်တော့လိုက်ပါတော့သည်။

မကြာမီ အထက်ဆရာကြီးသည် ကျွန်ုပ်တို့အားလုံးကို ကြည့်ပြီးမှ ကျွန်ုပ်တို့ဆရာကြီးအား . . .

"ဘယ်လိုလဲ အခု ဆေးဝါးတွေစုဆောင်းနေတာ ပြည့်စုံပါပြီ လော"

ဟု ရုတ်တရက် အောင်မြင်စွာသောအသံဖြင့် မေးလိုက်စဉ်မှာပင် ကျွန်ုပ်၏ဆရာမြကြီးသည် ထိုအခါမှ ခေါင်းမော့လာကာ

"အထက်ဆိုင်ရာ ဆရာကြီးတို့ရဲ့ ဂုဏ်ကျေးဇူးကြောင့် ဖော်စပ်ပြုလုပ်စီရင်ရန် ပြည့်စုံသလောက် ပြည့်စုံပါပြီဟု ဆိုရသော်လည်း ပညာစခန်းမှာ အထူးဂရုစိုက်ရမည့် အရာများက ရှိနေသေးသဖြင့် ထိုအရာများကို ညွှန်ကြားပြသရန်လိုအပ်ပါတယ် ဆရာကြီး"

ဟု ပြောလိုက်ရာ . . . .

"အေး. . . အေး ဒီနေ့ပင် လာသွားတဲ့ ပညာဒိပ္ပဆရာ ညွှန်ကြားတဲ့အတိုင်း ပြုလုပ်မယ်ဆိုရင် ပြီးမြောက်စရာ အကြောင်းရှိတယ် နောက်ပြီး. . . အခုရထားတဲ့ ဂမုန်းပေါင်း ပန်းပေါင်းတို့ကိုလည်း သိဒ္ဓိရှင်လမ်းဘက်မှာ ကြိုးစားဖို့တိုက်တွန်းပါတယ် . . . ဒီနေ့ကစပြီး နောက်ခုနစ်ရက်အတွင်းမှာ အခုရှိတဲ့ ဆေးဝါးတွေကို အပြီးစီရင်

www.foreverspace.com.mm

၍ အဆင်သင့်ပြင်ဆင်ထားပါလေ . . . ခုနစ်ရက်မြောက်သောနေ့တွင် ပညာဒိပွဆရာပြန်လာပြီး ညွှန်ကြားပြသပါလိမ့်မယ် . . . ညွှန်ကြားပြသတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်လျှင် သိဒ္ဓိရှင်စခန်းကို ရောက်နိုင်တယ်. . . ”

“ကြိုးစားက ဘာမဆိုဖြစ်နိုင်တယ် နောက်ပြီး . . . အခု ရက်တွေမှာ ပေါ့ပေါ့မနေဘဲ ဂရုတစိုက်လေ့လာနေတဲ့အခါမှာ အလှည့်ကျ တစ်ယောက်စီ ဒီကိုလာလိမ့်မယ် လက်ဦးအစ ပထမမှာ ကြမ်းတမ်းသော အာဟာရတွေကို ခြိုးခြံဖို့အရေးကြီးတယ်. . . ပြီးမှ တစ်ဆင့်စီတက်ပြီး သိဒ္ဓိအမျိုးမျိုးကို အားထုတ်ပါလေတော့”

ဟု ပြောပြီးသည်နှင့် အထက်ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်တို့ ဆရာကြီး ပြန်၍မပြောမီပင်လျှင် ရုတ်တရက် ပျောက်ကွယ်သွားသောကြောင့် ကျွန်ုပ်၏စိတ်ထဲတွင် ဟာတာတာကြီးလို ဖြစ်သွားပါတော့၏။

ဆရာကြီးအား သိဒ္ဓိလမ်းစဉ်ကို သိရုံမျှ သွန်သင်ပြောဆိုနေသည်မှာ ရုတ်တရက် ဆရာသမားတို့နှင့် မနေဘူး၊ အတူမသွားမလာဘူးသော သူတို့မှာ ဘာတွေပြောနေသလဲဟု ထင်မိပါသည်။ ကျွန်ုပ်အဖို့ တွင်မူကား အထက်ပုဂ္ဂိုလ်ကြီး ပြောထားခဲ့သော စကားများမှာ ထွက်ရပ်ပေါက်လမ်းကို ရှာနေကြ ကြိုးစားနေကြသောသူတို့အတွက်၌ အထူးပင် နှစ်သက်ဖွယ်ကောင်းနေသော စကားများသာဖြစ်သဖြင့် နောက်ဆုံးတွင် သိဒ္ဓိလမ်းကို အားထုတ်ပါလော့ဟု ပြောလိုက်သည်မှာ အတော်ပင် နက်နဲလှသည်ဟု

www.foreverspace.com.mm

ကျွန်ုပ်၏စိတ်ထဲတွင် ယူဆလိုက်ကာ သက်ပြင်းကြီးကိုပင် ချမိပါတော့၏။

သိဒ္ဓိလမ်းကိုလိုက်ရာ၌ ရုတ်တရက် အပြောလွယ် သလောက် အလုပ်တွင်ခဲယဉ်းသော ပညာလမ်းဖြစ်ပေသည်။ စာဖတ်သူများအား ဗဟုသုတဖြစ်အောင်နှင့် သိလွယ်အောင်ပြောရပါမူ ယခုအခါ အင်း၊ အိုင်၊ ဂါထာ၊ မန္တာန်၊ မန္တရားတွေနှင့်စီရင်၍ လူတို့အား ကာယသိဒ္ဓိ၊ ဝိယသိဒ္ဓိ အစရှိသည်တို့ကို ပြုလုပ်ပေးနေကြသည်မှာ ကျွန်ုပ်တို့၌ အတော်ပင် ရယ်စရာဖြစ်နေပါတော့၏။

ထို့နောက် ဆရာကြီးသည် ကျွန်ုပ်တို့အား ထိုင်နေကြသည်ကို တွေ့ရသောအခါ . . . .

"ကဲ. . . အထက်က အမိန့်လာ၍ပေးသွားတာ မောင်ဘသိုက် ကြားရပြီမဟုတ်လား ဒီနေ့ကစပြီး ဆရာတော့ နေ့မနေ ညမနေဆိုသလို ပြုလုပ်စီရင်ရတော့မယ် အလှည့်ကျပုဂ္ဂိုလ်ကြီးတွေလည်း လာနေကြလိမ့်မယ် . . . သို့အတွက် မောင်ဘသိုက်တို့က ဆရာကိစ္စများနေတဲ့ အခါမှာ တခြားတစ်ပါးကို မသွားကြပဲ အေးအေး နေကြဖို့ ဆရာသတိပေးထားမယ် နောက်ပြီး. . . မတော်တာတွေကို မကြံစည်လေနဲ့ကွယ်"

"ဟုတ်ကဲ့ ဆရာကြီး. . . ဘာမှ မဖြစ်စေရပါဘူး ဆရာကြီး စိတ်ချပါ. . . "

ဟု ပြောလိုက်ရပါတော့သည်။

"အေး. . . အေး ဘာမှမပြောရစေနဲ့ကွယ်

www.foreverspace.com.mm

အိပ်ကြပေတော့. . . မနက်ဖြန် မိုးလင်းမှပြောပြရတာ ပေါ့ကွယ် အခုတော့ အချိန်ကလည်း သိပ်မရှိတော့ဘူး အအိပ်ပျက် မခံကြနဲ့တော့”

ဟု ပြောဆိုပြီးလျှင် ကျွန်ုပ်တို့အား အိပ်ခိုင်းပါတော့၏။

ဆရာကြီးက အိပ်ခိုင်း၍သာ အိပ်လိုက်ရပါသည်။ စောစောတုန်းက အထက်ဆရာကြီး ပြောသွားသော စကားတွေကို အထပ်ထပ် အပြန်ပြန်စဉ်းစားရင်း တော်တော်နှင့်အိပ်လို့မပျော်နိုင်အောင် ဖြစ်နေပါတော့၏။ ထိုသို့ စဉ်းစားနေစဉ်မှာပင် နေ့ခင်းက ကြွလာသည် ဆိုသော သိဒ္ဓိမြောက်ပုဂ္ဂိုလ်ကြီးမှာ အခုပြောခဲ့သည့် စကားတို့တွင် ပညာဒိပ္ပ အမည်ရှိသော ပုဂ္ဂိုလ်ကြီးကား မည်သည့်ပုဂ္ဂိုလ် ဖြစ်သည်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်နေရင်းမှ အိပ်ပျော်သွားပါတော့သည်။

www.foreverspace.com.mm

နံနက် အိပ်ရာမှနိုးလာသောအခါ ဆရာမြကြီးသည် ခါတိုင်းကဲ့သို့ ဘုရားဝတ်ပြုပြီးလျှင် ဆေးတွေဝါးတွေကို တစ်ခုစီယူ၍ အစီအစဉ်အတိုင်းသေချာစွာ ထားပြီးလျှင် ဆေးကြိတ်ကျောက်ပျဉ်ကိုလည်း ရှေ့၌ထား၍ အင်းအမျိုးမျိုးတို့ကိုချကာ ကျောက်သွားမှာလည်း ဂါထာတွေကို ရေးနေလေ၏။ ထိုကျောက်သွားတစ်ခုလုံး လက်ကိုင်မည့်နေရာသာ ကျန်၍ အပြည့်ရေးထားသည်ကို တွေ့ရပြန်၏။ ကျွန်ုပ်သည် နေ့တိုင်းကဲ့သို့ လျှောက်မသွားတော့ပဲ ဆရာမြကြီး၏ အနားမှာပင်လျှင်ထိုင်၍ ဆရာမြကြီး ပြုလုပ်စီရင်နေသည်တို့ကို ဂရုတစိုက်ကြည့်နေမိပါ၏။

ထိုသို့ ကျွန်ုပ်ထိုင်၍ကြည့်နေသည်ကိုလည်း ဆရာမြကြီးသည် မည်သည့်စကားကိုမှ မပြောချေ။ ဆေးဝါးတွေကိုသာ စီရင်ရန် ပြုလုပ်နေပြန်၏။ ညက အထက်ဆရာကြီး အမိန့်ပေးထားခဲ့သည်တို့ ကို ကြံဖန်၍ ပြုလုပ်နေသည်မှာ ထင်ရှားနေပါတော့၏။ ထိုခဏ၌ ဆရာကြီး

www.foreverspace.com.mm

သည် ကျွန်ုပ်အားတစ်ချက်ကြည့်လိုက်ကာ . . .

"မောင်ဘသိုက် ဆေးတွေကို သွားမကိုင်နဲ့နော်။ နောက်ပြီး ကျောက်ပျဉ် ကျောက်သွားတို့ကိုလည်း သွားမထိနဲ့။ အားလုံး စီရင်ထားပြီးပြီ ဆရာ အောက်ကို ခဏဆင်းဦးမယ် အခုလိုပဲ ထိုင်နေပေါ့ကွယ်"

ဟုပြော၍ တဲကလေးအောက်သို့ ဆင်းသွားသောအခါ ကျွန်ုပ်၏ဝါသနာအိုးတို့ကို ပြေး၍ဝင်လာပါတော့၏။

ဆရာမြကြီး တဲကလေးအောက်သို့ ဆင်းသွားသောအခါ၌ ကျွန်ုပ်၏စိတ်ထဲတွင် ဆရာကြီးစီရင်ထားခဲ့သော အင်း၊ အိုင်၊ ဆေးဝါးတို့ကို သွားကြည့်ချင်စိတ်တို့က ထိန်းမရနိုင်သောကြောင့် ကျွန်ုပ်၏ အနားတွင် ဦးသူတော်ရှိ၊ မရှိကြည့်လိုက်သောအခါ ကျွန်ုပ်၏မနီး မဝေးမှာပင် ငြိမ်သက်စွာထိုင်၍ ပုတီးစိပ်နေသော ဦးသူတော်ကို တွေ့လိုက်ရသဖြင့် ဦးသူတော်ကိုပင် တစ်ဖက်လှည့်၍တိုင်ပင်ရန် စိတ်ထဲတွင် ဖြစ်ပေါ်လာပြန်သဖြင့် ဦးသူတော်အနီးသို့ ထသွားပြီးလျှင် မျက်နှာကိုရွှင်နိုင်သမျှ ရွှင်အောင်ထားလိုက်ရပေသည်။

"ဦးသူတော် ဆရာမြကြီးတော့ အောက်ကို ဆင်းသွားပြီ. . . ဆရာမြကြီး စီရင်ထားခဲ့တဲ့ အင်းတွေ ဆေးတွေကို အနားသို့သွားပြီး ကြည့်ရှုရအောင်လား ဦးသူတော်"

ဟု ပြောလိုက်ရာ ဦးသူတော်မှာ မျက်လုံးပြူး

www.foreverspace.com.mm

သွားပြီးလျှင် . . .

"မောင်ဘသိုက် ဆရာကြီး အခုတင်ပြောသွားတာများ သတိမရဘူးလား. . ဆေးတွေ စီရင်ထားခဲ့တဲ့ ကျောက်သွား ကျောက်ပျဉ်တွေကို မထိကိုင်ပါနဲ့လို့ ပြောထားခဲ့တယ် မေ့သွားပလား မလုပ်ပါနဲ့"

"မဟုတ်ဘူး ဦးသူတော် ကျွန်တော်ကလည်း ဆေးတွေကို ဝင်ပြီး ကိုင်တွယ်ကြည့်ရှုဖို့ ပြောတာမှ မဟုတ်ဘဲ ကြည့်ရုံသာကြည့်ဖို့ ပြောတာပါ ဘာကြောင့်လဲဆိုရင် . . . ဒီမှာ ဦးသူတော် အခု ဆရာကြီးကတော့ အထက်ကအမိန့်အတိုင်း စီရင်ထားတာ မှန်ပေတယ်"

"ဒါပေမဲ့. . . ဆရာကြီး စီရင်ထားတဲ့ အင်းတွေဟာ ဘယ်လို အင်းလဲ ဘယ်လိုချထားသလဲဆိုတာ သိရအောင်သာပြောတာပါ . . အခုလိုသိထားရပြီဆိုရင် ကျွန်တော်တို့လည်းချပြပြီး အခုလို စီရင်နိုင်တာပေါ့ ဒါမှမသိရင် ဘယ်လိုစီရင်တတ်မလဲ နောက်ကို စီရင်တတ်အောင် ကြည့်ထားတာ မမှားပါဘူး ဦးသူတော်"

ဟု ကျွန်ုပ်က မလိမ့်တပတ်ပြောလိုက်၏။ ထို အခါ ဦးသူတော်သည် ကျွန်ုပ်စကားကို စဉ်းစားသလို လုပ်ပြီးမှ သဘောပေါက်လာဟန်ဖြင့် . . .

"အေး . . . မောင်ဘသိုက်ပြောတာတော့ ဟုတ်ပါတယ် ဆရာကြီးအမိန့်က မထိရဘူး မပြုလုပ်နဲ့လို့ ပြောထားခဲ့တယ် နောက်ပြီး . . . အခုလိုပဲ ထိုင်နေကြလို့ ပြောထားတာမဟုတ်လား အစီအရင်များကို စီရင်ထားပြီး

www.foreverspace.com.mm

ရင် ဘယ်တော့မှ တိတ်တဆိတ် ကိုင်ခြင်း၊ ပြုခြင်းတို့ကို မလုပ်ရဘူး မောင်ဘသိုက် . . စီရင်ထားတဲ့လူမှတစ်ပါး တခြားမည်သူမှ ဆက်ပြီးမလုပ်ဘူး. . . တစ်ယောက် ကဝင်လုပ်လိုက်ရင် အစီအရင်တို့ဟာ အကုန်ပျက်သွားတတ်တယ် ကွဲ့. . . ”

“ဦးသူတော်ကော အခု ဆရာကြီးစီရင်ထားတဲ့ အင်းတွေကို သိလို့ပြောတာလား ဒါဖြင့် ကျွန်တော်သိအောင် ပြောပြပါ ဦးသူတော်”

“ဒါကတော့ ဘာမှထင်မနေနဲ့ ကျောက်ပျဉ်ကျောက်သွားမှာ ချတာ ဘာအင်းရှိမလဲဆိုရင် စမွာနဝဇမ္ဗူတုံ ခြသ့ေ်လက်ထောက် အဋ္ဌမုတ်တို့ကလွဲပြီး ဘာရှိမလဲ. . . အခုပြောတဲ့ အင်းတွေပေါ့ နောက်ပြီး . . . ကျောက်သွားမှာချရေးထားတာက မှော်ကိုးပါး ဆုတောင်းဂါထာပေါ့ တခြားဘာမှမရှိဘူး အထက်ဆရာကြီးတွေ အစီအရင်မှာ ဒါတွေဟာ သေချာစွာချတတ်ဖို့ စီရင်တတ်ဖို့နဲ့ ဘယ်က စချရင် ဘာဖြစ်မယ်ဆိုတာ အရေးကြီးတယ် အင်းဖြစ်ရုံနဲ့ မပြီးသေးဘူး”

“မောင်ဘသိုက် အင်းသားအစရှိတာတွေလည်း အတော်အရေးကြီးသေးတယ် အင်းဆိုရုံနဲ့ စွမ်းတာမဟုတ်ဘူး အင်းဘောင် တားလိုက်ကတည်းက ဘယ်လိုရွှတ်ရမယ်ဆိုတာ အကုန်သိထားရတယ် အင်းဘောင်တားရုံတင်မကဘူး အင်းဘောင်ဆက်ရင် ဘယ်လိုဆိုရတယ်ဆိုတာလည်း ရှိသေးသကွဲ့”

www.foreverspace.com.mm

"တကယ်လုပ်မှ တကယ်ခက်တယ် အခုပြော သလို ခက်ခက်ခဲခဲ မဟုတ်ဘဲ လူတိုင်းချတတ် စီရင်တတ်ရင် လူတိုင်းပဲဆိုပါတော့ အားလုံး ဝိဇ္ဇာတွေဖြစ်ကုန်မှာ အမှန်ပဲ သူတော်တို့တောင် အခုထက်ထိ အင်းတွေ ဘာတွေ မချတတ်သေးဘူး"

"အခု. . . ဆရာကြီး အင်းတွေစီရင်နေတုန်းမှာ ကိစ္စတစ်ခု ပေါ်ပေါက်လာလို့ မဟုတ်လား ဒါမှမဟုတ် အခိုန်လိုနေသေးလို့လား မသိဘူး ဒါကြောင့် မောင် ဘသိုက်နဲ့ ဦးသူတော်တို့ ဘာမှမနှောင့်ယှက်ဘဲ အသာ ထိုင်နေတာကောင်းမယ်"

ဟု ပြောလိုက်သည့်အခါ ကျွန်ုပ်မှာ ဦးသူတော် ပြောသော စကားတို့ကို မချေပနိုင်အောင်ဖြစ်နေပါတော့ သည်။

ထိုအခိုက်မှာပင်လျှင် တဲကလေးအောက်မှ တက် လာသော ဆရာကြီးကို တွေ့ရသဖြင့် နောက်ထပ် ဘာမှ စကားမပြောကြဘဲ အသာထိုင်၍နေလိုက်သောအခါဆရာ မြကြီးသည် ကျွန်ုပ်နှင့်ဦး သူတော်အား . . .

"ဘာများ တိုင်ပင်နေကြတာလဲ. . အခုလိုနေရ တာ အတော် ပျင်းနေတယ်ထင်တယ် ဘုရားကို အာရုံပြု နေပါ အခုလိုနေရင် မောင်သတိုးစက္က မြင်ချင်တဲ့အရာတွေ ကို တွေ့ရမြင်ရလိမ့်မယ်"

ဟု ပြော၏။

ထိုသို့ပြောပြီး ဆေးဝါးတွေထားသောနေရာတွင်

www.foreverspace.com.mm

ယခင်ထိုင်ရာ၌ပင် ပြန်၍ထိုင်လိုက်ကာ နေရာသားတကျ ရှိ၊ မရှိ ဆေးတွေ အင်းတွေကို ကြည့်ရှုစစ်ဆေးနေတော့၏။

ဗိန္ဓောဆရာမြကြီးသည် တဲကလေးအောက်သို့ ဆင်းသွား သည်မှာ မည်သည့်ကိစ္စကြောင့် ဆင်းသည်မသိ လိုက်ရသော်လည်း ကျွန်ုပ်အား ပြောပုံကိုထောက်ချင့်သော အားဖြင့် မကြာမီပင် တစ်စုံတစ်ခုတွေ့ရတော့ မည်ဟု အောက်မေ့မိ၏။ ထို့အပြင် အထက်ဆရာကြီးတစ်ပါးများ ကြွလာလေမလားဟုလည်း အောက်မေ့မိပါ၏။

ဦးသူတော်မှာကား မတုန်မလှုပ်ထိုင်နေသဖြင့် ကျွန်ုပ်သည် စကားဆက်၍ပြောရန်ကိုပင် ခက်နေတော့၏။ ထို့ကြောင့် ဆရာကြီး ပြောသည့်အတိုင်း စိပ်ပုတီးကို ကိုင်၍ ပုတီးစိပ်နေရပါတော့၏။ ထိုသို့ ကျွန်ုပ်တို့ စကား မပြောဘဲနေကြစဉ် တဲကလေးမှာ လူမရှိသကဲ့သို့ တိတ်ဆိတ်နေလေသည်။

www.foreverspace.com.mm

ထိုအခိုက် ဆရာမြဲကြီးသည် ဆေးဝါးတို့ကို ဂါထာစုတ်နေသည်မှာ တစ်ခါတရံ အသံများပင်ထွက်လာလေအောင် မတိုးမကျယ်ဖြစ်ပြီး စိတ်အားထက်သန်စွာနှင့် မန်းမူတ်နေလေတော့သည်။

ထိုအခိုက်မှာပင် ဘုရားစင်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသောအရောင်တစ်ခုကို ဝင်းခနဲမြင်လိုက်ရသောအခါတွင် ကျွန်ုပ် သည်သာမက မတုန်မလှုပ်ထိုင်နေသော ဦးသူတော်ပင်လျှင် အသက်ဝင်လာသကဲ့သို့ ရုတ်တရက်ခေါင်းထောင်၍ ကြည့်လိုက်၏။ ထိုသို့ တွေ့ရသောအခါ ကျွန်ုပ်သည် အတော်ပင်သိချင်လာသဖြင့် ဦးသူတော်၏ အနားသို့ တိုးကပ်သွားပြီးလျှင် မေးမိပြန်၏။

"ဘာအရောင်လဲ ဦးသူတော် ကျွန်တော် ဝင်းခနဲမြင်လိုက်ရတယ်"

ဟု ခပ်တိုးတိုးကလေး မေးလိုက်သောအခါ ဦးသူတော်သည် ကျွန်ုပ်အား ဘာစကားမှမပြောရန် သတိ

www.foreverspace.com.mm

ပေးသဖြင့် နောက်ထပ်မမေးတော့ဘဲ ဘုရားခန်းဘက်သို့ ကြည့်လိုက်သောအခါတွင် အထူးပင် အံ့သြနေမိပါတော့သည်။

ကျွန်ုပ်တွေ့ရသောအရာမှာ တခြားမဟုတ်ချေ။ ဘယ်အချိန် ဘယ်အခါက ရောက်နေသည်ကို မသိရပါ။ အဝတ်ဖြူစင်ကြယ်စွာ နှင့် အထက်ဆရာကြီး ထိုင်နေသော နေရာတွင် ဂန္ဓေရစွာနှင့် ထိုင်နေ သော ပုဂ္ဂိုလ်ကြီးတစ်ပါး ကို တွေ့ရ၏။ ထို့ကြောင့် အံ့အားသင့်ပြီး ကြည့်နေမိသည့် အပြင် ဂါထာစုတ်နေသော ဆရာမြကြီးလည်း မိမိ၏ ဂါထာစုတ်၍ မပြီးမချင်း မြင်မည်မဟုတ်ဟု အောက်မေ့ကာ ဆရာကြီးကို ပြောလိုက်တော့မည်ဟု စိတ်က ဆုံးဖြတ်လိုက်သည်။

ထို့နောက် ကျွန်ုပ် အကြံရလာသည်မှာ အကယ်၍ အထက် ဆရာကြီး ကွဲရောက်လာသည်ကို ကျွန်ုပ်၏ ဆရာဖြစ်သော ဗိန္ဓောဆရာမြကြီးသည် အမှန်စင်စစ် မသိဘဲနေမည်မဟုတ်ချေ။ ကျွန်ုပ်တို့ထက် အရင်သိမြင်ရမည်ဟု ကြံမိလိုက်သောအခါ၌ ဦးသူတော်ပြောသည့်အတိုင်း စကားမပြောဘဲ ငြိမ်သက်၍နေလိုက်ရပါသည်။

တစ်အောင့်လောက်ကြာသောအခါ ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ် တွေးမိသည့်အတိုင်း ဂါထာစုတ်နေသော အရာကို အထက်ဆရာကြီးဆီသို့ လှမ်း၍ရိုသေစွာ ပေးအပ်နေသည်ကို တွေ့ရသောအခါ လက်ဦးကပင် အထက်ဆရာကြီး ကွဲလာကြောင်း သိနေရသည်မှာ ထင်ရှား

www.foreverspace.com.mm

နေပါတော့သည်။

ဆရာကြီး လှမ်း၍ပေးလိုက်သောအရာကို အထက်ဆရာကြီးသည် လက်ထဲတွင် သေချာစွာကိုင်ထားပြီးနောက် ခဏကြာမှ ကျွန်ုပ်တို့ ဆရာကြီးအား ပြန်၍ပေးလိုက်ပြီးလျှင် . . .

"အေး ဟုတ်ပြီ. . . ဒီဆေးပေါင်းကို ပုရပိုက်ထဲမှာ ပါရှိတဲ့အတိုင်း အသုံးပြုပေတော့ . . . ဒီဆေးပေါင်းဟာ သိဒ္ဓိအမျိုးမျိုးတို့ကို မပြီးသော်လည်း သိဒ္ဓိတစ်မျိုးကိုပြီးလိမ့်မယ် ဘယ်သိဒ္ဓိဆိုတာကို ဉာဏ်ဖြင့်သုံးသပ် ဆင်ခြင်ပြီးတော့ ကြံဆလေ အမှန်ပြီးနိုင်ရမယ်"

ဟု ပြောပြီးသည်နှင့်တစ်ပြိုင်နက် အထက်ဆရာကြီးသည် နောက်ထပ်မည်သည့်စကားကိုမှ မပြောဘဲ ရုတ်တရက် ကျွန်ုပ်တို့ ကြည့်နေစဉ်မှာပင် ပျောက်ကွယ်သွားတော့၏။

ထိုသို့ ပျောက်ကွယ်သွားသောအခါ၌ ဗိန္ဓောဆရာမြကြီးသည် အထူးဝမ်းမြောက်စွာနှင့် ကျွန်ုပ်တို့ဘက်သို့လှည့်၍ကြည့်ပြီးလျှင် . . .

"မောင်ဘသိုက် အခု တွေ့ရမြင်ရတဲ့အပြင် အထက်က အမိန့်ပေးသွားတာလည်း ကြားရပြီမဟုတ်လား ဒီကို အပင်ပန်းခံပြီး လာတာ ဆရာ့အဖို့ကျေနပ်စရာပဲ သိဒ္ဓိပြီးဖို့သာ ဆရာ့ရဲ့တာဝန်ရှိတော့တာကွဲ့"

ဟု ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်သည် အထက်ဆရာကြီး ပြောခဲ့သောစကားတို့ကို သေသေချာချာ သိချင်

www.foreverspace.com.mm

လာပြန်သောကြောင့် ဆရာကြီး အနားသို့တိုး၍သွားပြီး လျှင် . . . .

"အခု ဆရာကြီးပြောတဲ့အတိုင်း ဟုတ်ပါတယ် ဆရာကြီး သိဒ္ဓိတစ်ခုခုတော့ ပြီးစီးလိမ့်မယ်ဆိုတာ ကြားရတာပဲ ဘယ်လိုသိဒ္ဓိကို ပြီးမလဲ ဆရာကြီး"

ဟု မေးမိပြန်လေ၏။

"ဩော် မောင်ဘသိုက်က ခက်ပါဘိ . . . အထက်ဆရာကြီးများဟာ ဘယ်အခါမဆို အခုလိုပဲ ပြောတတ်တယ် ညွှန်ပြစရာ ရှိရင်လည်း ညွှန်ပြထားခဲ့တတ်တယ် ဒါကို ဆရာတို့က ပြုလုပ်ရတယ် ရော့ ဘာယူညာယူလို့ ပြောဆိုပြုလုပ်ပေးတာမဟုတ်ဘူး ဘာဖြစ်မယ် ညာဖြစ်မယ် ဆိုလို့လည်း အပြီးအပိုင်မပြောခဲ့ဘူးကွဲ့"

"ဒါဖြင့် ဆရာကြီး. . ဘယ်လိုလုပ်ရမလဲ အထက်ဆရာကြီးက ဘယ်လိုလုပ်ရမယ်လို့လည်း မညွှန်ကြားခဲ့ဘူးမဟုတ်လား ဆရာ ကြီး"

"ဘယ်လို လုပ်ကိုင်ရမယ်လို့ မညွှန်ကြားမပြောဆိုခဲ့ပေမယ့် လုပ်ကိုင်ရမယ့် နည်းလမ်းတွေကိုပြောခဲ့တယ် မဟုတ်လား"

"ကျွန်တော်တော့ မကြားလိုက်မိဘူး ဆရာကြီး . . ဘယ်လို နည်းလမ်းလဲ ဆရာကြီး. . . "

"အေး . . . ဒါတော့ ဘယ်လိုဆိုတာသိရအောင် ဆရာ ပုရပိုက်ထဲမှာ ရှာကြည့်ရမှာပေါ့ ပုရပိုက်ထဲမှာပါတဲ့အတိုင်း စီရင်ရမယ်တဲ့ အဲဒီလိုနည်းလမ်းမှန်မှန် စီရင်

www.foreverspace.com.mm

သွားရင် သိဒ္ဓိတစ်ခုခုတော့ ပေါက်မှာ အမှန်ပဲကွယ်”

“ဒါဖြင့် ဆရာကြီး ဒီဆေးပေါင်းကို နောက်ထပ် လုပ်စရာမရှိဘဲ ပုရပိုက်ထဲက ညွှန်ကြားတဲ့အတိုင်း လိုက်နာရမှာဖြစ်နေတာပေါ့ ဆရာကြီး ကျွန်တော် ကုန်အောင် မေးပါရစေ ဆရာကြီး. . . အခု ပြောခဲ့တဲ့အတိုင်း ပုရပိုက်ထဲကနည်းနှင့် လုပ်လို့မအောင်မြင်ရင် ဘယ်လို လုပ်မလဲ ဆရာ ကြီး. . . ”

“မောင်ဘသိုက် တယ်ပြီး ကပ်သီးကပ်သပ် မေးတတ်ပေတယ် အခု ဒီဆေးပေါင်းကိုပြုလုပ်တာ ဘယ်လောက်ခဲယဉ်းသလဲ . . . ဂမုန်းပေါင်းကို ပြုလုပ်တာ ဘယ်လောက်ခဲယဉ်းသလဲ. . ဂမုန်းပေါင်းကို အသေအချာ ရဖို့ကိုလည်း အသက်ဆံဖျားထားပြီး ကြံဖန်ယူရတယ် မဟုတ်လား”

“နောက်ပြီး ပန်းပေါင်းတွေကော လွယ်လွယ်နဲ့ရတယ် မှတ်လား တစ်ခုပြီးတစ်ခု ဆက်သွယ်ပြီးစီရင်မှ အခုလို ပေါင်းစပ်လို့ ရတယ်မှတ်ပါ တစ်ဆင့်ပြီးတစ်ဆင့် အထက်ကိုတက်ပြီးမှ စီရင်ရတယ် အခု ဆရာစီရင်တဲ့စခန်းကိုရောက်ရင် အထက်ဆရာကြီးများ ညွှန်ကြားဖို့ ရောက်လာလိမ့်မယ် နောက်ပြီး တစ်ခုခု ချွတ်ယွင်းနေရင် လည်း ဘာလိုနေတယ်လို့ ပြောဆိုလိမ့်မယ်ဆိုတာကို တစ်ထစ်ချ ပုရပိုက်ညွှန်ကြားချက်အထဲမှာ ပါနေတယ်. . . ”

“ပုရပိုက်ထဲမှာ ပါတဲ့အတိုင်းလည်း ခုတော့ အမှန်ချည်းဆိုသလို ဆရာက ပြောရဲတယ်. . အခုလည်း ပုရပိုက်

www.foreverspace.com.mm

ထဲမှာကြည့်ပြီး စီရင်လို့ အမိန့်ပေးတဲ့အတိုင်း စီရင်လို့မ ဖြစ်ရင် ဆရာ့ရဲ့လုပ်ပုံကိုင်ပုံတွေဟာ နည်းမကျလို့ အောက် မေ့ရတယ် ညွှန်ပြတဲ့နည်းလမ်းတွေကတော့ တစ်ခုမှ မလွဲဘူး"

"ဒါကြောင့် လုပ်ကိုင်တာ နည်းမကျလို့ မဖြစ် မြောက်တာဟာ လုပ်ကိုင်တဲ့သူရဲ့အပြစ်ပါ. . . ဒီတော့ နည်းလမ်းကျကျနနနဲ့ စီရင်ဖို့ အရေးကြီးတယ်. . . ဆေး ပေါင်းကတော့ အားလုံးပြည့်စုံပြီဆိုတာ အမိန့်ပေးခဲ့တယ် မဟုတ်လား. . . ဆရာ စီရင်ဖို့ရှိတော့တာပေါ့ကွယ်"

"ဒါကတော့ ဟုတ်ပါပြီ ဆရာကြီး. . . ကျွန်တော့် သဘောက အဲဒါ ဘာနဲ့လုပ်တာဖြစ်မယ်. . . ဟောဒါ ဘာဖြစ်တယ် ဘာကောင်းတယ် ဘာဖြစ်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောစေချင်တာပဲ ဆရာကြီး . . . ဒါမှ လည်း အလွယ်တကူဖြစ်မှာပေါ့ ဆရာကြီး"

"ဩော်. . မောင်ဘသိုက်ရေ. . . မောင်ဘသိုက်ကို ပြောရင်းပြောရင်း အတော်ခက်လာပြီ အထက် ဆရာကြီးတွေကိုတောင် အပြစ်တင်ချင်တဲ့စကားဖြစ်လာ ပါလား"

"မဟုတ်ပါဘူး ဆရာကြီး ကျွန်တော် အပြစ်မတင် ပါဘူး ကျွန်တော့် သဘောက လွယ်လွယ်ကူကူဖြစ်စေ ချင်လို့ ပြောတာပါ ဆရာကြီး. . ."

"ဒီမှာ မောင်ဘသိုက် . . . အခု ဆရာတို့ လိုက် နေတဲ့ ထွက်ရပ်လမ်းဆိုတာ လွယ်လွယ်ကူကူနဲ့ ရတဲ့လမ်း

www.foreverspace.com.mm

လို့မှတ်သလား . . ဇွဲ လုံ့လ ဝီရိယ သစ္စာ သီလ သမာဓိ ပညာဆိုတဲ့ တရားတွေကို အမြဲ ဆည်းပူးရတယ်ဆိုတာ မှတ်ထား. . . ပျင်းရိခြင်း ငြီးငွေ့ခြင်း ထကြွ လုံ့လမရှိဘဲ တစ်ပါးသောသူတို့ရဲ့ အကူအညီပေးကမ်းခြင်းကို စောင့်နေရင် ဘယ်တော့မှ ဖြစ်မြောက်တယ်လို့မရှိဘူး မိမိကိုယ်တိုင်က လုံ့လဝီရိယနဲ့ပြည့်စုံဖို့လိုတယ် သူတစ်ပါး ခဲခဲယဉ်းယဉ်း အပင်ပမ်းခံပြီးမှ ဖြစ်မြောက်တာကို မိမိက အလွယ်တကူနဲ့ လုပ်လို့ ရမယ်များ ထင်သလား. . . ”

“အခုလိုမပြောနဲ့ ရှေးတုန်းက ပညာရှိကြီးတွေဟာ အခုလို လုပ်ကိုင်လို့ ရတယ်ဆိုတာကို အသေအချာသိနေသော်လည်း မလုပ်မကိုင်ဘဲနေရန် အတန်တန်တား မြစ်တာကို နားမထောင်ဘဲနဲ့ ခဏ တာ ကလေးကြည့်ပြီး ပြုလုပ်လိုက်တာ မကြာခင် သေရရှာတယ်ဆို တာကို ဘုရားဟော နိပါတ်ထဲမှာရှိတယ် မောင်ဘသိုက်. . . ”

ထိုသို့ ဆရာကြီးက ပြောလိုက်သောအခါ ကျွန်ုပ်သည် ထိုအကြောင်းအရာတွေကို ပို၍ပင် သိချင်လာပြန်သဖြင့် ဆရာမြကြီးအား မမေးရမနေနိုင်အောင် ဖြစ်လာရပြန်၏။

“ဘယ်လိုကြောင့် သေရတယ်ဆိုတာကို ပြောပြပါဦး ဆရာကြီး ရွှေဖြစ်ငွေဖြစ်တာနဲ့ သေရတာလား ဆရာကြီး. . . ”

ဟု မေးသောအခါ . . .

“အင်း. . . မောင်ဘသိုက် ဓနသိဒ္ဓိအကြောင်း

www.foreverspace.com.mm

ပြောပြရဦး မှာပဲ ကဲ. . . ကဲ သေသေချာချာမှတ်ထားပေတော့ အခု ဆရာပြောမယ့် စကားတွေဟာ ဆရာလုပ်ကြံပြီးပြောတာ မဟုတ်ဘူးနော်. . . ဘုရား ဟောနိပါတ်တော်ဟာလည်း ဂါထာမန္တာန်ရဲ့တန်ခိုးသတ္တိကို ပြတယ် ဆိုတာလည်းမှတ်ရမယ် ကဲ. . . နားထောင်ပေတော့ . . ”

“ဂါထာ မန္တရားအတတ်ကိုကောင်းစွာတတ်ကျွမ်းတဲ့ ပုဏ္ဏကကြီးသားအဖနှစ်ယောက်ရှိသတဲ့ ဒီပုဏ္ဏကကြီး သားအဖနှစ်ယောက်ဟာ ဘယ်လောက် ပညာစွမ်းရှိသလဲဆိုရင် ကောင်းကင်ပေါ်ကြည့်ပြီး ဂါထာမန္တန်ရွတ်လိုက်ပြီဆိုရင် တစ်ခါတည်း ရွှေမိုး ငွေမိုးတွေရွာချသလို ရွှေငွေတွေဟာ ကျလာသတဲ့ ဘယ်လောက်ဆန်းကြယ်သလဲ. . . ဂါထာမန္တာန်ရဲ့ အစွမ်းများဟာ ဓနသိဒ္ဓိပြီးစေတတ်တယ်ဆိုတာ ဘုရား ဟောထားတာပဲ မဟုတ်လား”

“ဇပွနပညာဆိုတာ အခုမှမဟုတ်ဘူး ဘုရားမပွင့်မီကတည်းက ရှိတာပဲဆိုတာ မှတ်ထား နောက်ကိုကွဲကွဲပြားပြားသိအောင် အခုကတည်းက ပြောထားမယ် . . . အဲဒီ ဂါထာမန္တာန်ကို ရွတ်တာလည်း အကြောင်းမဲ့သက်သက်ရွတ်လို့ ရွှေမိုးငွေမိုးမရွာဘူးကွဲ့. . . သူ့အချိန်အခါ နက္ခတ် ခါးပတ်တွေနှင့်ကြုံကြိုက်မှ ဂါထာကိုလည်း နည်းလမ်းမှန်မှန် ရွတ်ဖတ်မှ ရွှေမိုးငွေမိုးရွာစေတတ်တယ် အခါ ခပ်သိမ်းရွတ်လို့မရဘူး တစ်နှစ်မှ တစ်ခါသာကြုံကြိုက်သတဲ့. . . ”

“အဲ. . . အချိန်ဟာလည်း များများမကြာဘူး

www.foreverspace.com.mm

ခဏလေးဆိုပါတော့ ဓနသိဒ္ဓိနက္ခတ်ကလည်း မွန်းတည့်အခါလည်း ဖြစ်ရမယ် ဂါထာမန္တာန်ကိုလည်း ခဏတွင်းကောင်းကင်ပေါ်ကြည့်ပြီး ဌာန်ကရိဏ်း ကျကျ ရွတ်ဖတ်ရမယ် . . . အဲဒီလို အင်္ဂါတွေစုံလင်မှ ရွှေမိုး ငွေမိုးရွာတတ်တယ်တဲ့ . . အရမ်းရွတ်လို့မရဘူး . . . အချိန်လွန်သွားရင်လည်း ရွတ်လို့မရဘူး"

"အဲဒီပုဏ္ဏကသားအဖန့်စ်ယောက်ဟာ တစ်နေ့တော့ ခရီးသွားကြတယ်ဆိုပါတော့ကွယ် . . . သူတို့သွားတဲ့ လမ်းကလည်း ကြည့်ဦး . . . အတော်ကြမ်းတဲ့ခရီးကွဲ့ . . . တောတောင်တွေကိုဖြတ်ပြီး တစ်ပြည်နှင့်တစ်ပြည်ကို ဖြတ်သန်းသွားလာရတဲ့အခါမျိုးဆိုတော့ တောထဲမှာ ခိုးသား ဓားပြတွေပေါတာပေါ့ကွယ် တစ်စုမှာ ငါးရာစီရှိသတဲ့"

"ဒါနဲ့ ပုဏ္ဏကကြီးသားအဖန့်စ်ယောက်ဟာ တောလမ်းခရီးမှာ လာနေကြရင်း အစောကပြောတဲ့ခိုးသားငါးရာနဲ့တွေ့ကြပါလေရော သူတို့မှာပြေးလို့မလွတ်မှန်းသိတဲ့အတိုင်း အဖမ်းခံရတာပေါ့ကွယ် ခိုးသားတွေကလည်း ပုဏ္ဏကသားအဖန့်စ်ယောက်ကိုဖမ်းပြီး ပစ္စည်းဥစ္စာရှာကြတဲ့အခါ ဘာမှမတွေ့ဘူးပေါ့ . . . ဒီတော့ခိုးသားငါးရာဓားပြတွေက ပုဏ္ဏကသားအဖန့်စ်ယောက်ကို ဥစ္စာတစ်ထောင် မရရင် နှင်တို့ကိုသတ်မယ်လို့ ပြောတဲ့အခါ ပုဏ္ဏကလေးက ခိုးသား တွေကို တောင်းပန်သတဲ့ . . . အခု ကျွန်တော်တို့ ခရီးသွားနေတုန်းက မှာ ဘယ်က

www.foreverspace.com.mm

ဥစ္စာများရမလဲ . . . ဒါကြောင့် အသက်ဘေးက ချမ်းသာပေးပါလို့ တောင်းပန်သတဲ့"

"ခိုးသားဓားပြတွေကလည်း ဥစ္စာမပေးရင် နင်တို့ကို လုံးဝမလွှတ်ဘူးဆိုတဲ့စကားကို ပြန်ပြောတဲ့အခါ ပုဏ္ဏကကြီးက အချိန်အခါတွေကို မြေကြီးပေါ်မှာပင် ရေးပြီးတွက်ချက်ကြည့်တဲ့အခါမှာ အရင် လက်ဦးဆရာပြောခဲ့သလို ဓနသိဒ္ဓိနက္ခတ်ဟာ ဘယ်အချိန်မွန်းတည့်မယ် နောက်ပြီး နေ့ကောင်းအချိန်နှင့်လည်း တိုက်ဆိုင်နေတာကို တွေ့ရသတဲ့. . . "

"ဒီတော့ပုဏ္ဏကကြီးက သူ့သားပုဏ္ဏက ကလေးကို ကဲ ငါ့သား ဘာမှမပူနဲ့ တို့ရဲ့ ဝေဒိပွမန္တာန်တန်ခိုးနဲ့ အခု ဓနသိဒ္ဓိနက္ခတ် မွန်းတည့်တဲ့ အခါမှာရွှတ်လိုက်ရင် ခိုးသားတွေလိုနေတဲ့ ရွှေငွေတွေဟာ ကောင်းကင်က ကျလာရောပေါ့ ဒါမှ တို့သားအဖနှစ်ယောက်လည်း လိုရာကိုသွားရတာပေါ့"

"သားဖြစ်တဲ့ ပုဏ္ဏကကလေးက သူ့အဖေကို ပြန်ပြီးပြောသတဲ့ ဘယ်လိုပြောသလဲဆိုရင် အဖေ အခုပြောသလိုတော့ ကောင်းပါရဲ့ ဘေးရန်တော့ အတော်များလိမ့်မယ် နောက်ကို အခုလိုမလုပ်နိုင်ရင် ဒုက္ခဖြစ်တတ်တယ် ဒါ့ကြောင့် ဝေဒိပွမန္တာန်နဲ့မပြုလုပ်ဘဲ တခြားနည်းနဲ့ ရအောင်ရှာပြီး သူခိုးဓားပြဘေးက လွတ်အောင် ကျွန်တော်ကြံမယ် မြို့ထဲကို ပြန်သွားပြီး ငွေကိုရအောင်ရှာလာခဲ့မယ်. . . အဖေ ဒီမှာနေ ကျွန်တော်မလာမချင်း ဒီမန္တာန်

www.foreverspace.com.mm

ဂါထာကို မရွတ်ပါနဲ့ ငွေရအောင်ရှာခဲ့မယ်လို့ ပြောပြီး ပုဏ္ဏကကလေးဟာ ခိုးသားတွေကို အကျိုးအကြောင်း ပြောပြီး မြို့ထဲကို ပြန်သွားသတဲ့"

"ကဲ. . . ကြည့်စမ်း ဘယ်လောက် ပညာအဆင် အခြင်နဲ့ ပြည့်စုံသလဲ အခုလို ရွှေမိုးငွေမိုးရွာအောင် လုပ်လိုက်ရင် နောက်ကို လုပ်လို့မဖြစ်ရင် အသက်သေမှာကို ကြိုမြင်တယ်ကွဲ့"

"သားဖြစ်တဲ့ ပုဏ္ဏကကလေး မြို့ထဲဝင်ပြီး ငွေရှာနေတုန်း အစောက ပြောတဲ့အချိန် နက္ခတ်တွေကလည်း နီးလာတော့ ကျန်ရစ်ခဲ့တဲ့ပုဏ္ဏကကြီးဟာ တစ်မျိုးကြံစည်ပြန်တယ် အခု ခိုးသားတွေကလည်း ငါ့ကိုဝိုင်းထားတယ် . . . ငါ့သားလေးဟာလည်း မြို့ထဲပြန်သွား ပြီး ငွေရှာတာ ရလာရင်တော်ပါရဲ့ မရရင်လည်း သေမှာပဲ. . . ဒီတော့ ငါ့သား ပြန်လာအောင်မစောင့်တော့ဘဲ အချိန်နက္ခတ်ကြုံကြိုက်တုန်းမှာ ဒီအကောင်တွေ ဥစ္စာရရင် ငါလည်း လွတ်ရာသွားနိုင်မှာပဲလို့ ကြံပြီး ခိုးသားတွေအနားကိုသွားပြီး ပြောသတဲ့"

"ဘယ်လိုပြောသလဲဆိုရင် အမောင်တို့ကို အခုချိန်မှာ ရွှေတွေငွေတွေ ကောင်းကင်ပေါ်ကကျလာ အောင် လုပ်ပေးရင် အမောင်တို့ ကျေနပ်ကြမလားလို့ မေးသတဲ့ . . ဒီတော့ ခိုးသားတွေက ပြောမှ ပြောတတ်ပလေ ပုဏ္ဏကကြီးရယ်. . . အခုလို လုပ်ပေးနိုင်ရဲ့သားနဲ့ သားကလေးကို ဘာဖြစ်လို့မျှား လွှတ်လိုက်တာလဲ ပြောနေတာကြာ

www.foreverspace.com.mm

တယ် မြန်မြန်လုပ်ပါ။ . ရွှေတွေငွေတွေကျလာရင် ပုဏ္ဏကကြီးလည်း သွားချင်ရာသွားပေတော့ဗျာလို့ ပြန်ပြောသတဲ့ ကွယ်”

“ကဲ။ . ဘယ်လိုဖြစ်ကြမယ်ထင်သလဲ မောင် ဘသိုက်ရေ အဲဒီတော့ ပုဏ္ဏကကြီးက ခိုးသားတွေကို အောက်ပါအတိုင်း ပြောပြန် တယ်”

“ကဲ။ . . အမောင်တို့ တော်ရာမှာသာ နေကြပေတော့လို့ ပြောလိုက်ပြီးလျှင် အချိန်အခါကျအောင် စောင့်ဆိုင်းနေလိုက်လို့ မကြာမီမှာပဲ ဓနသိဒ္ဓိ နက္ခတ်ကလည်း မွန်းတည့်တာနဲ့တစ်ပြိုင်နက် ပုဏ္ဏကကြီးဟာ အခုနက ပြောတဲ့ ဝေဒိပွမန္တာန်ကို ရွတ်လိုက်တာနဲ့ တစ်ခါတည်း ကောင်းကင်ပေါ်က ရွှေမိုးငွေမိုးတွေ ရွာချလိုက်တာပဲတဲ့ ဒီတော့ ခိုးသားတွေက ဝမ်းသာအားရနဲ့ ကောင်းကင်ပေါ်က ကျလာတဲ့ ရွှေငွေတွေကို အခုလို မြင်ရတော့ ဝမ်းသာအားရနဲ့ဝိုင်းပြီး ကောက်ယူပြီးလျှင် ပုဏ္ဏကကြီးကို သွားချင်ရာသွားတော့လို့ လွှတ်လိုက်ကြသတဲ့”

“ခိုးသားတွေဟာလည်း ပုဏ္ဏကကြီးရဲ့ မန္တာန်ဂါထာ တန်ခိုးကြောင့် ရတဲ့ရွှေငွေတွေကို အထုပ်အပိုးတွေနဲ့ထမ်းပြီး ပြန်လာတဲ့အခါမှာ တခြားအုပ်စုဖြစ်တဲ့ ခိုးသားငါးရာနှင့် တွေ့ပြန်သတဲ့။ . . ခိုးသားတွေက ရွှေတွေငွေတွေ ထမ်းလာကြတဲ့ ခိုးသားတွေကို အတင်းသတ်ပြီး ယူလာခဲ့တဲ့ ရွှေငွေတွေကို ယူမယ်လို့ကြံတဲ့အခါမှာ သူတို့ အချင်းချင်း နားလည်မှုရအောင် ပြောကြသတဲ့။ . . ”

www.foreverspace.com.mm

"ရဲဘော်တို့ တို့မှာပါလာတဲ့ ရွှေငွေတွေကို မင်းတို့လိုချင်ရင် ဒီမှာ မယူနဲ့ ရှေ့ကိုသွားကြ တောထဲမှာ ပုဏ္ဏကကြီးတစ်ယောက်ကို တွေ့လိမ့်မယ်. . . အဲဒီ ပုဏ္ဏကကြီးကိုဖမ်းပြီး ရွှေမိုးငွေမိုးရွာစေတတ်တဲ့ ဂါထာကိုရွတ်ခိုင်း . . ဒီတော့ ရွှေငွေကျလာလိမ့်မယ်. . ဒီတော့မှ သဘောကျ ယူတော့လို့ပြောတဲ့အခါ ဒီလိုဆိုရင် ဟန်ကျတာပေါ့ကဲ. . . ကဲ ရဲဘော်တို့ သွားကြရအောင်. . . "

"ပုဏ္ဏကကြီးကလည်း ခိုးသားဓားပြတွေရဲ့ဘေးမှ လွတ်လာပြီ ဆိုပြီး တောလမ်းခရီးကို ဆက်မသွားတော့ဘဲ သူ့ရဲ့သား ပုဏ္ဏက ကလေး ပြန်သွားတဲ့လမ်းကိုသွားပြီး ဥစ္စာရွှေငွေတွေထမ်းပြီး ပြန်သွားတဲ့ ခိုးသားတွေနောက်မှ တဖြည်းဖြည်းပြန်လာတာကိုး. . . အင်း ဘယ်လောက်ကြမ္မာငင်တယ်ဆိုတာသာ ကြည့်ပေတော့. . . "

"မကြာခင် တောလမ်းကလေးမှာ နောက်ထပ်လိုက်လာတဲ့ ခိုးသားငါးရာနဲ့ ပက်ပင်းပါတွေ့ပြန်လေရော. . တွေ့တွေ့ချင်း ခိုးသားတွေဟာ လက်ဦးပြောလိုက်တဲ့ ခိုးသားတွေရဲ့ စကားအတိုင်း ပုဏ္ဏကကြီးကို ဖမ်းပါလေရော အခု ရွှေမိုးငွေမိုးရွာအောင်လုပ်ပါလို့ ခိုင်းတော့တာပေါ့"

"ဒီတော့ ပုဏ္ဏကကြီးက အမှန်အတိုင်းပြောရှာပါတယ် အမောင်တို့. . . အခုအခါဆိုရင် အချိန်လွန်ကုန်ပြီ အခုဆိုရင် ရွှေမိုး ထားလို့ ဘာမိုးမှရွာအောင်လုပ်လို့မရတော့ဘူးလို့ပြောတဲ့အခါ"

www.foreverspace.com.mm

"ခိုးသားတွေက ဒီပုဏ္ဏကကြီး အလကားလိမ်ပြောနေတာ အရင်လူတွေကျတော့ လုပ်ပေးတယ် ငါတို့ကိုတော့မလုပ်ပေးဘူး ဒီတော့ . . . ပုဏ္ဏကကြီးဟာ မျက်နှာလိုက်တယ် အသက်ရှင်အောင် ထားခဲ့လို့ ဘာအကျိုးရှိမလဲ သတ်ပစ်တာမှကောင်းတယ်ဆိုပြီး တစ်ခါတည်း သတ်ခဲ့ကြတာပေါ့ကွယ်. . . "

"ပညာအဆင်အခြင်နဲ့ပြည့်စုံတဲ့ သားပုဏ္ဏကကလေး ပြောတာကို နားမထောင်ဘဲ ဝေဒီပွဆိုတဲ့ မန္တာန်ကိုရွတ်လိုက်လို့ အခုလို သေးရန်တွေ့တာပဲမဟုတ်လား ဒီမန္တာန်ရဲ့တန်ခိုးဟာ သူ့အချိန်နဲ့ ဓနသိဒ္ဓိ နက္ခတ် မွန်းတည့်လို့ ရွတ်လိုက်ရင် နတ်တွေက ရွှေမိုးငွေမိုးရွာ စေသတဲ့ကွယ်. . . နောက်ဆုံးတော့ နတ်တွေက ပေးတဲ့ဥစ္စာတွေပေါ့. . . ဒီဥစ္စာတွေဟာလည်း သူခိုးဓားပြတွေနဲ့ မထိုက်တန်ဘူးဆိုတာ နောက်ဆုံးတွေ့ ရလိမ့်မယ်ပေါ့ကွယ်. . . "

"ခိုးသားငါးရာဟာ ပုဏ္ဏကကြီးကို သတ်ပြီးလက်ဦး ရွှေငွေတွေ ထမ်းသွားတဲ့ခိုးသားတွေနောက်ကိုလိုက်ကြတယ် ဒီတစ်ခါတော့ ဓားမိုး လုံမိုးတွေပေါ့ကွယ် တွေ့တွေ့ချင်း ဘာမှပြောဆိုခြင်းမရှိဘဲ တစ်ခါတည်း ထိုးကြခုတ်ကြတာပေါ့ကွယ် တစ်ဖက်နှင့်တစ်ဖက် ထိုးကြခုတ်ကြရင်း သေကြလို့ နောက်ဆုံးနှစ်ယောက်တည်း ကျန်သတဲ့ . . . ဒီတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ထိုးကြခုတ်ကြခြင်းမရှိတော့ဘဲ ဝမ်းထဲကတော့ ကြံစည်ပြီးပေါ့ကွယ် တစ်ယောက်ကိုတစ်ယောက်

www.foreverspace.com.mm

နားလည်အောင်ပြောသတဲ့...”

“ကဲ... အခု ငါတို့နှစ်ယောက်ထဲ ကျန်တော့ တယ် ဒီတော့ ... ဒီ ရွှေငွေတွေကိုတို့နှစ်ယောက်ခွဲဝေ ပြီးယူကြစို့ တစ်ယောက်တည်းလည်း ယူလို့မနိုင်ဘူး နှစ် ယောက်သားမြို့ထဲဝင်ပြီး အေးအေး နေနိုင်ကြပြီ ဒီတော့ တို့နှစ်ယောက်ဟာ ရန်သူလိုသဘောမထားဘဲ သူငယ်ချင်း လိုပဲ သဘောထားကြရအောင်လို့ တိုင်ပင်ကြတော့ သဘောတူညီပြီးတဲ့အခါမှာ သူတို့ နှစ်ယောက်ဟာ အမော ပြောထိုင်ပြီး စကားပြောကြပြီးနောက် ကဲ... သူငယ်ချင်း ငါတို့နှစ်ယောက် အခု ဘာမှမစားရသေးဘူး... ဒီတော့ တစ်ယောက်ယောက်က မြို့ထဲ ရွာထဲသွားပြီး ထမင်းဟင်း ကလေးများ ရှာမှပဲလို့ပြောတဲ့အခါ တစ်ယောက်က ကဲ .. ဒါဖြင့် ငါသွားမယ် မင်းက ဒီဥစ္စာပစ္စည်းတွေကို စောင့် နေလို့ပြောခဲ့ပြီး ထမင်းဟင်းရှာရအောင် တစ်ယောက်က မြို့ထဲကိုသွားတယ်ဆိုပါတော့ကွယ်...”

“အဲဒီ ထမင်းယူရအောင်သွားတဲ့ခိုးသားဟာ ထမင်းရလာ တဲ့အခါ ဘယ်လိုကြံသလဲဆိုရင် ငါ့မှာတော့ ထမင်းရလာပြီ ထမင်းထဲမှာ အဆိပ်ခပ်ပြီး ဟိုကောင်ကို ကျွေးမှပဲ ထမင်းလည်းစားပြီးရော ဒီကောင်လည်းသေရော ရှိတဲ့ဥစ္စာတွေကို ငါတစ်ယောက်တည်း ရရောလို့ကြံစည်ပြီး အဆိပ်မခပ်မီ ထမင်းဝအောင် စားလိုက်သေးတယ် နောက်ပြီးမှ ကျန်တဲ့ ထမင်းတွေမှာ အဆိပ်ခပ်ပြီး ထမင်း ထုပ်ကို သေသေချာချာထုပ်ပြီး ပြန်လာသတဲ့...”

www.foreverspace.com.mm

"ပစ္စည်းတွေကို စောင့်ပြီး ကျန်ရစ်ခဲ့တဲ့ခိုးသား ကလည်း ဘယ်လို ကြံထားသလဲဆိုရင် ဒီကောင်တော့ ထမင်းထုပ်ကို ထမ်းပြီးပြန်လာမှာပဲ ဒီတော့ ငါကလည်း လမ်းကနေပြီး တစ်ခါတည်း ဒီကောင်ကို ခုတ်သတ်လိုက်ပြီး ဒီရွှေငွေတွေကို ငါတစ်ယောက်တည်း ယူမှပဲလို့ ကြံစည် ကာလာမယ့်လမ်းချိုကွယ်ကလေးက မားကြီးကိုင်ပြီး စောင့် နေတာပေါ့ကွယ် ထမင်းထုပ်သွားယူတဲ့ ခိုးသားကလည်း သူ့အကြံဟုတ်လှပြီဆိုပြီး အမြန်ပြန်လာတာပေါ့. . . "

"ချိုကွယ်အနားလည်းရောက်ရော ချောင်းနေတဲ့ ခိုးသားကလည်း တစ်ခါတည်း ထွက်ပြီး ထမင်းထုပ်ယူလာ တဲ့ ခိုးသားကို ခုတ်ပိုင်းလိုက်တယ်. . . အဲဒီနေရာမှာပဲ ထမင်းထုပ်သွားယူတဲ့ ခိုးသားက သေသွားတယ် ဆိုပါ တော့. . . "

"တစ်ယောက်တည်းကျန်တဲ့ခိုးသားကတော့ ငါ့ အကြံအောင်ပြီ ဥစ္စာရွှေငွေတွေကို ငါတစ်ယောက်တည်း ရတော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သေသွားတဲ့ ခိုးသားယူလာတဲ့ အဆိပ်ထမင်းထုပ်ကို ကောက်ယူလိုက် ပြီးလျှင် စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲဆိုသလို သူဌေး ဖြစ်မယ့် အကောင်ဆိုတော့ စားမယ့်ထမင်းက အလိုလို ရောက်လာရတယ်ပေါ့လေ ထမင်းထုပ်ကိုဖြေပြီး ဝဝ လင်လင် စားသောက်လိုက်တယ်တဲ့. . . "

"မကြာပါဘူး ဘဝင်မြင့်နေတဲ့ ခိုးသားဟာလည်း အဆိပ်ထမင်းတွေကြောင့် တစ်ခါတည်း ထိုင်ရာကနေပြီး

www.foreverspace.com.mm

မထနိုင်ပဲ သေသွားရရှာသတဲ့ ကဲ. . . ကြည့်စမ်း ဒီဥစ္စာကို ဘယ်သူရသလဲ. . . အခုလို ဂါထာ မန္တာန်တို့ရဲ့အစွမ်း ကြောင့် ရတဲ့ပစ္စည်းတွေကို လူယုတ်မာတွေနဲ့ ထိုက်တန် တယ် ထင်သလား ဘယ်တော့မှ မထိုက်တန်ဘူး မဟုတ် လား. . . ”

“မြို့ထဲကို ငွေရအောင်သွားရှာတဲ့ ပုဏ္ဏကကလေး လည်း သူ့အဖေကို ခိုးသားတွေလက်ထဲကရွေးဖို့ဆိုပြီး ငွေ တွေ ယူပြီးပြန်လာတဲ့အခါမှာ ပထမဦးဆုံး ဘယ်သူ့ကို တွေ့ရသလဲဆိုရင် မရှုမလှသေဆုံးနေတဲ့ သူ့အဖေကို တွေ့ ရသတဲ့ ဘယ်လောက်သနားစရာကောင်း သလဲ. . ဒီတော့ ပုဏ္ဏကကလေးဟာ ချက်ချင်းသိသတဲ့ကွယ် ဝေဒိပွ မန္တာန် ဂါထာကိုမရွတ်ဖို့ အတန်တန်ပြောခဲ့ရက်နဲ့ နားမထောင်ဘဲ ရွတ်မိလို့ တခြားခိုးသားတွေ သတ်သွားတယ်ဆိုတာကို ပုဏ္ဏက ကလေးသိတော့ သူ့အဖေကို သစ်ခက်တွေနဲ့ ဖုံးအုပ်ထားခဲ့တာပေါ့ကွယ်. . . ”

“ရှေ့ဆက်ပြီးလာလို့ တောကွေ့ကလေးမှာ ခိုးသားတွေရဲ့ အလောင်းတွေကို တစ်ဖန်တွေ့ရပြန်တော့ ပုဏ္ဏကကလေးရဲ့ စိတ်ထဲမှာ ရွှေငွေတွေကို လုကြခိုက်ကြ တဲ့အတွက် တစ်ယောက်ကိုတစ် ယောက် သတ်ကြပြီဆို တာကို သိတဲ့အခါ ရှေ့ဆက်ပြီး နည်းနည်းသွားလိုက်ရင်ပဲ ဥစ္စာရွှေငွေအထုပ်အပိုးတွေနဲ့ အနားမှာသေနေတဲ့ လူနှစ် ယောက်ကို တွေ့ရပြန်တော့ အစောက ဆရာပြောခဲ့သလို အဖြစ်အပျက်တွေကို တွေးတောမိတဲ့အခါမှာ ပညာအဆင်

www.foreverspace.com.mm

အခြင်နဲ့ပြည့်စုံတဲ့ ပုဏ္ဏကလေးဟာ ရွှေငွေတွေယူပြီး မိမိတိုင်းပြည်ကိုပြန်ကာ အလှူအတန်းတွေလုပ်ပြီး ကုသိုလ်တရားကို အားထုတ်နေတော့သတဲ့. . . ”

“ကဲ. . . ကဲ အချိန်လည်း အတော်ကြာသွားပြီ ဆရာ အလုပ်လုပ်လိုက်ဦးမယ်. . . မောင်ဘသိုက်နဲ့ ဦးသူတော်တို့လည်း ဆရာပြောတာကို မှတ်သားပြီး ဆရာ အလုပ်လုပ်နေတုန်း အနှောင့်အယှက်မပြုကြဖို့ သတိထားကြပေတော့ကွယ်. . . ”

ဟု ပြောဆိုပြီးလျှင် ယခင် အထက်ဆရာကြီး ပြောထားခဲ့ သည့်အတိုင်း ပုရပိုက်တစ်ခုကိုယူ၍ကြည့်နေသောကြောင့် ကျွန်ုပ်တို့လည်း နောက်ထပ်ဘာမှမပြောတော့ပဲ ဦးသူတော်နှင့်အတူ ခြံကြီးအတွင်းသို့ဆင်း၍ သစ်သီးသစ်ဥတို့ကို ရှာဖွေ၍ ခူးနေပါတော့သည်။

တစ်ခါတစ်ရံ ကျွန်ုပ်သည် ဗိန္ဓောဆရာမြကြီး၏ အရိပ်အခြေ ကို ကြည့်ချင်သဖြင့် တဲကလေးအနီးသို့ကပ်၍ အမှတ်တမဲ့ ကြည့်ရှုမိရာ ယခင် ကျွန်ုပ်တို့တွေ့ရသကဲ့သို့ အစီအရင်အတိုင်း ပြုလုပ်နေသည်ကိုသာတွေ့သဖြင့် အနှောင့်အယှက်မပြုဘဲ အသာခွာ၍ ထွက်သွားရပါတော့သည်။

✳ ✳ ✳

www.foreverspace.com.mm

သို့နှင့်ပင် တစ်နေ့ပတ်လုံး တောင်မြောက်ဘက်သို့ အလည်သွားလာနေပြီးနောက် ညအချိန်သို့ရောက်သောအခါ ယမန်နေ့ကလိုပင် ကျွန်ုပ်တို့အား ဆုံးမသွန်သင်ပြီး အိပ်ခိုင်းပါတော့သည်။ တစ် ရေးနိုး၍ ကြည့်လိုက်သောအခါတွင် ဆရာမြကြီးသည် ဘုရားရှေ့တွင် ဒူးတုပ်ထိုင်ကာ တစ်စုံတစ်ခုကို အာရုံပြုနေသဖြင့် ထ၍ထိုင်ကြည့်လိုက်ကာ ကျွန်ုပ်အဖို့ကံကောင်းသည်ဟု အောက်မေ့လိုက်ရပါသည်။

မကြာမီပင် သင်္ကန်းဝတ်ဆရာတော်ကြီး တစ်ပါးသည် ဗိန္ဓောဆရာမြကြီး၏ ရှေ့မှောက်၌ ထင်ထင်ရှားရှားပေါ်လာသောကြောင့် ရုတ်တရက်ပင် မျက်စိကို ပွတ်သပ်၍ကြည့်နေမိပါသည်။ ကျွန်ုပ်၏ စိတ်ထဲတွင်ကား အလောင်းတော်ကဿပမှ ဆရာတော်ကြီး ဦးတေဇဝန္တကြီး များလားဟု အောက်မေ့မိပါသည်။ သေချာစွာကြည့်မိသောအခါမှ တခြားဆရာတော်ကြီးတစ်ပါးဖြစ်နေကြောင်း

www.foreverspace.com.mm

ကောင်းစွာ သိရပေတော့၏။

ဆရာတော်ကြီးသည် ကျွန်ုပ်တို့ဆရာမြကြီးအား တိုးတိုးနှင့်သွန်သင်ပြောပြနေသည်မှာ အတော်ပင် နားဝင်ချိုအောင် ပြောနေသည်ဟု ကျွန်ုပ်၏စိတ်ထဲတွင် အတော်ပင် ကျေနပ်နှစ်သက်နေမိသည်။

ကျွန်ုပ်မှတ်မိသမျှ ပြောရမည်ဆိုသော် ဆရာတော်ကြီးသည် အင်းအကြောင်းတွေကိုသာ ပြောဆိုနေပြီး နောက်ခရီးစဉ်အတိုင်း ပြုလုပ်ဖွယ်တို့ကို ညွှန်ကြားပြောဆိုသည်ကိုသာ မှတ်မိပါတော့၏။ အတန်ကြာအောင် ညွှန်ကြားပြောဆိုပြီးသည်နှင့် ကျွန်ုပ်ကြည့်နေရင်းပင် နေရာ၌မရှိတော့ဘဲ ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။

သို့ဖြင့် ဆရာမြကြီးသည် ကျွန်ုပ်ထိုင်၍ကြည့်နေသည်ကိုပင် ဂရုမပြုဘဲ အထက်ဆရာတော်ကြီး ကွယ်ပျောက်သွားသော်လည်း ဘုရားဘက်သို့လှည့်၍ တစ်စုံတစ်ခုကို အာရုံပြုနေသဖြင့် ကျွန်ုပ်လည်းထိုင်၍ မနေတော့ဘဲ ပြန်၍အိပ်လိုက်ရာ ချက်ချင်းပင်အိပ်ပျော်သွားပါတော့၏။

သို့နှင့်ပင် နေ့စဉ်ရက်ဆက်ဆိုသလို ကျွန်ုပ်၏ဆရာမြကြီးသည် ဆေးဝါးအင်းအိုင်တို့ကိုသာ အရေးတကြီး စီမံနေသောကြောင့် ဝင်၍စွက်ဖက်ပြောဆိုခြင်းမပြုဘဲ ထွက်ရပ်ပေါက် သိဒ္ဓိမြောက် ပုဂ္ဂိုလ်ကြီးတို့ကိုသာ တစ်နေ့တစ်ခါဆိုသလို ဖူးမြော်ကန်တော့ရင်းနေလိုက်၏။

www.foreverspace.com.mm

ခုနစ်ရက်မြောက်သောနေ့သို့ ရောက်သောအခါ ဆရာကြီးသည် ထိုနေ့ အာရုံတက်သည့်နေ့မှစ၍ ဘုရားဝတ်ပြု၍ ပုတီးစိပ်လိုက်လုပ်နေသည်ကို တွေ့ရသည်။

ထိုအခိုက်မှာပင် ဆရာမြဲကြီးသည် ဘုရားကို ရှိခိုးလိုက်သဖြင့် သေချာစွာကြည့်လိုက်ရာ ဘယ်အချိန်က ရောက်နေမှန်းမသိရပါ။ ဘုရားရှေ့နားတွင် ဝတ်ဖြူ စင်ကြယ်စွာနှင့် ထိုင်နေသော ပုဂ္ဂိုလ်ကြီးတစ်ပါးကို တွေ့လိုက်ရသည်။

"ဆေးဝါး အင်းအိုင်တွေကိုစီရင်၍ ပြီးပြီလော့ . . . အဆင်သင့်ဖြစ်လျှင် ညွှန်ကြားမယ်"

ဟုပြောပြီးလျှင် ပုရပိုက်တစ်ခုကို ဆရာကြီးကို ပေးလိုက်ပြီးမှ . . .

"သွားရမယ့်ခရီးက ခဲခဲယဉ်းယဉ်းဖြစ်တယ် အခုဒီနေရာကနေမှ သုံးရက်မြောက်ဘက်သို့ ခရီးသွားပါလေ တောတောင်လျှိုမြောင် ထူထပ်စွာနဲ့ ဘေးရန်အန္တရာယ်တို့ကို မိမိ၏ပညာစွမ်းဖြင့် သွားရမယ် သုံးရက်က ကျော်လွန်လျှင်သေလယက္ခအမည်ရှိသော ကျောက်ဂူကိုရောက်အောင်သွားရမယ်"

"အတန်ဝင်သွားမိရင် လက်ဦးဘုရားကိုတွေ့ရလိမ့်မယ် ဘုရားနောက်နားတွင် ရေအိုင်ကလေးလိုလို တစ်ခုကို တွေ့ရလိမ့်မယ် ထိုရေကိုမြင်က အတော်ပင်မွတ်သိပ်ခြင်းဖြစ်ကာ ထိုရေကို သောက်ချင်လိမ့်မယ် ထိုရေကို လုံးဝမသောက်မိပါစေနဲ့ မိမိတို့ရဲ့ကိုယ်မှာပင် မစိုစေနဲ့

www.foreverspace.com.mm

ဒီရေကို သာမညအောက်မေ့ပြီး ခပ်ယူသုံးစွဲမိလျှင် ထို နေရာတွင်ပင် တစ်ခါတည်း အသက်ပျောက်စေနိုင်တယ် သတိထားလေ”

“တစ်စုံတစ်ယောက်သောသူက စားပါသောက်ပါ ဆိုသော်လည်း ဒီစကားကို နားမထောင်လေနဲ့ ရှေ့ကို ဆက်၍ သာသွားပါလေ အတန်သွားမိရင် တစ်ဖန် အစောင့်တစ်ခုတွေ့ရပြန်လိမ့်မယ် ဒီ အစောင့်ကို ယခုစီရင်ထားသော ဆေးတွေအင်းတွေနဲ့ နိုင်နင်းအောင် အသုံးပြုရ လိမ့်မယ် ဒီနေရာတွင် ရွှေရောင်အဆင်းနှင့် သစ်ပင် တစ်ပင် ရှိလိမ့်မယ် ထိုသစ်ပင်ကလေးမှာ တခြားမဟုတ် ခေ့ အာယုသိဒ္ဓိကိုပြီး စေတတ်သော ဆေးပင်တည်း”

“ထိုဆေးပင်ကို စီရင်ရမှာကတော့ ယခုပေးသော ပုရပိုက် အတွင်းမှာပါရှိလေတယ် ဆေးရင်းကြီးတွေနဲ့ စီရင်ရမှာဖြစ်သဖြင့် ပေါ့ပေါ့ဆဆ မပြုလုပ်လေနှင့် သုံးရက် အတွင်းမှာ သွားရန်စီစဉ်လော့ သွားရန် ခရီးကိုကား ပြောခဲ့တဲ့အတိုင်း ကြိုးစားလာလေလော့. . .”

ဟု ပြောဆိုပြီးလျှင် ချက်ချင်းပင်ပျောက်ကွယ် သွားသဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် မချင့်မရဲဖြစ်မိသွားပါ တော့၏။

အဘယ့်အတွက်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ကြီး သည် ညွှန်ကြားရုံမျှညွှန်ကြားပြီး ပျောက်သွားသဖြင့် ဆရာမြကြီးက တစ်ခွန်း မျှပြန်၍ မေးမြန်းခြင်းမပြုရမိပင် ပျောက်ကွယ်သွားသည်မှာ ကျွန်ုပ်အဖို့ အိပ်မက်နေသလို

www.foreverspace.com.mm

ပင်ဖြစ်မိသည်သာမက နေရပ်အမှန်ကိုလည်း မသိရသော ကြောင့် ဖြစ်၏။

ဗိန္ဓောဆရာမြဲကြီးသည် ထိုပုဂ္ဂိုလ်ကြီးပေးထားခဲ့သော ပုရပိုက်ကို ရင်ခွင်ထက်တွင် အတန်ကြာအောင် ပိုက်ထားပြီးမှ နှစ်သက်စွာဖြင့် ယုယုယယသိမ်းထားလိုက်ကာ အတော်ပင်ပီတိဖြစ်နေတော့၏။

"အခု ပြောသွားတာ ကြားရဲ့မဟုတ်လား။ . . လွန်ခဲ့တဲ့ ခုနစ်ရက်ခန့်က လာပြီးအမိန့်ပေးသွားတဲ့ ပညာဒိပွအမည်ရှိတဲ့ သိဒ္ဓိရှင်ကြီးပေါ့ ပညာတစ်ခုကို အတန်တန် လေ့လာဆည်းပူးအားထုတ်ပြီးမှ တစ်ဆင့် တက်ရတာမျိုးဆိုတာ မှတ်ထားကွဲ့"

အမှန်စင်စစ်မှာ ဗိန္ဓောဆရာမြဲကြီးပြောသော စကားမှာ အတော်ပင် ဂရုစိုက်လောက်သော စကားများသာဖြစ်ပါသည်။ သို့နှင့်ပင် ကျွန်ုပ်သည် ဆရာမြဲကြီး ပြောသောစကားတို့ကို အိပ်ရင်းနှင့်စဉ်းစား၍ ထိုညလွန်မြောက်ပြီး နောက်တစ်နေ့သို့ ရောက်ရှိသောအခါတွင် ဆရာမြဲကြီးသည် ညက ညွှန်ကြားခဲ့သော ထွက်ရပ်ပေါက် သိဒ္ဓိရှင်ပညာဒိပွအမည်ရှိသော ပုဂ္ဂိုလ်ကြီးညွှန်ကြားခဲ့သည့် အတိုင်း ခရီးထွက်ရန်ပြင်ဆင်နေသည်မှာ အလုပ်များနေပါတော့သည်။

ဦးသူတော်မှာမူ ထိုအခါတွင် အေးအေးပင် ထိုင်၍ ကြည့်နေသဖြင့် ကျွန်ုပ်လည်း ဘာမှဝင်၍မပြောရဲအောင် ဖြစ်နေပါတော့သည်။ ကျွန်ုပ်၏စိတ်ထဲတွင် ယခုကဲ့

www.foreverspace.com.mm

သို့ ဆရာကြီးပြင်ဆင်နေသည်မှာ ကျွန်ုပ်နှင့်ဦးသူတော်ကို မခေါ်ဘဲ ဆရာကြီးတစ်ယောက်တည်းပင် သွားလေမည်လောဟု အောက်မေ့ကာ အသာနေလိုက်ရပါသည်။

ထိုသို့ပြုလုပ်သည်ကို တွေးတောရင်းဖြင့် ညနေစောင်း အချိန်သို့ရောက်သောအခါ ဆရာမြကြီးသည် ကိစ္စတို့ကိုပြီးစီးသည့် အသွင်ဖြင့် စိတ်အေးလက်အေး ထိုင်လိုက်ကာ ကျွန်ုပ်တို့ကို ပြုံးရွှင်စွာနှင့်ပင်ကြည့်၍ . . . .

"အခု ဆရာလုပ်ကိုင်နေတာကို မောင်သတိုးစက္ကကတော့ အပေါ့ကလေးထင်နေလိမ့်ဦးမယ်ထင်တယ် . . . အခုသွားရမယ့်ခရီးက အသက်စွန့်ဖျားပြီး သွားလာရမယ့်ခရီးကွဲ့. . . သေလယက္ခ အမည်ရှိတဲ့ ကျောက်ဂူကြီးကို မတွေ့တွေ့အောင်ရှာရမယ်လို့ ညွှန်ကြားထားတယ် အဲဒီအတွင်းမှာ သိဒ္ဓိအမျိုးမျိုးကို ပြီးစေတတ်သော ဆေးပင်ဝါးပင်တွေရှိတာပေါ့ကွယ်. . . "

"မောင်ဘသိုက် လိုက်နိုင် မလိုက်နိုင် စဉ်းစားပေါ့ကွယ် လိုက်ရင်တော့ စိတ်ဝင်စားစရာတွေ အများကြီးတော့ အမှန်တွေ့ရမှာပေါ့ကွယ် တကယ်လို့ မလိုက်ချင်ဘူးဆိုရင်တော့ ဆရာမြကြီးက တစ်ယောက်တည်း သွားမယ်"

"အခု ဆရာကြီးပြောတဲ့ သေလယက္ခကျောက်ဂူကို ညကတည်းက ကျွန်တော်စဉ်းစားပြီးပြီ ဆရာကြီး ကျွန်တော်မလိုက်နိုင် စရာမရှိပါဘူး ဆရာကြီးရဲ့ ကိစ္စမှန်သမျှ ကျွန်တော်လိုက်မယ်လို့ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ် ခင်ဗျာ. . . "

www.foreverspace.com.mm

"အေး. . . ကောင်းပြီ မနက်အစောကြီး ခရီးထွက်ရမယ် ဒီတော့ အခုအချိန်ကစပြီး မောင်ဘသိုက် ဆရာကဲ့သို့ အပင်ပန်းခံရမယ်ဆိုတာ မှတ်ပေတော့ကွဲ့"

ကျွန်ုပ်ကိုပြောပြီးလျှင် ဦးသူတော်အား ပြောကြားပြန်၏။

"က. . . ဦးသူတော် ဆရာတို့တော့ ဦးသူတော်သိတဲ့အတိုင်း အတော်ကြမ်းတမ်းတဲ့ ခရီးကိုသွားရမယ် ဒီတော့ ဦးသူတော် သိသမျှ ခရီးကို ညွှန်ကြားပေတော့"

"ဒီကနေပြီး ခရီးဆက်သွားမယ့် အထက်ဆိုင်ရာတို့ကို ညွှန်ကြားဖို့တာဝန်က သူတော်ရဲ့တာဝန်ပါ . . . ဒီကနေပြီး မြောက်သို့ သွားရင် တောင်ထွတ်သုံးခုရှိတဲ့ တောင်တစ်တောင်တွေ့လိမ့်မယ် . . . အဲဒီတောင်မှာ အစားအစာနှင့်ပြည့်စုံတဲ့ ဥယျာဉ်တစ်ခုရှိသေးတယ်. . . "

"ခရီးတစ်ခေါက် နားမယ်ဆိုရင်လည်း နားနိုင်တယ် ဒီကနေပြီး တစ်ဖန်သွားရင် လမ်းမှာနားခွင့်မရှိဘဲ ခရီးဆက်ရလိမ့်မယ် ပန်းတွေအမြဲဝေဆာနေတဲ့ တောတစ်တောကိုတွေ့တဲ့အခါ ထိုနေရာမှာ စခန်းချရမယ်လို့ မှတ်ပေတော့. . . နောက်နေ့ ခရီးဆက်သွားပြီး အလွန်နက်သော တောတောင်လျှိုမြောင်တွေကို ခဲခဲယဉ်းယဉ်း ကြုံဖန်ပြီးသွားမှသာ ကျောက်တောင်ကြီးတစ်တောင်ကို အဝေးမှမြင်ရတဲ့အခါ တောင်ခြေနားကိုရောက်အောင်မသွားဘဲ ခပ်လှမ်းလှမ်းမှ အရိပ်အခြေကိုကြည့်ပြီး ဘေးအန္တရာယ်မရှိမှ တောင်ခြေကိုကပ်ရမယ် . . "

www.foreverspace.com.mm

"ဒီတောင်ဟာ တခြားမဟုတ်ဘူး ဝိဇ္ဇာ ဇော်ဂျီတွေ ပျော်မြူးကြတဲ့ တောင်ဖြစ်တယ် ကျောက်ဂူတွေကို ခပ်လှမ်းလှမ်းမှမြင်တဲ့အခါ ထိုဂူတွေအတွင်းမှာ လူရှိ မရှိ စုံစမ်းရမယ်. . . ဘယ်လိုစုံစမ်းရမလဲဆိုရင် ကျောက်ဂူကို သေသေချာချာကြည့်ရင် အခိုးအငွေ့တွေလိုလို ထွက်နေတဲ့အခါ တောင်ခြေရင်းကိုပင် မကပ်လေနဲ့ ဝိဇ္ဇာတွေ ပျော်မြူးနေချိန်ဖြစ်တယ် အခိုးအငွေ့တွေမရှိရင် ဘာမှမရှိဘူး ဟုတ်ပြီလား. . . "

"ဒီအခါမှာ တောင်ခြေရင်းကပ်ပြီး တောင်ပေါက်ကြီးက ဝင်သွား၍ တစ်ဖက်သို့ရောက်အောင် အမြန်ထွက်သွားပါ. . . တစ်ဖက်သို့ရောက်မှ လိုရာစခန်းမှာ နေနိုင်တယ် နောက်တစ်နေ့ ခရီးပြင်းပြင်းသွားမိတဲ့အခါမှာ ပညာဒိပွဆရာ ညွှန်ကြားတဲ့အတိုင်း နေဝင်မှာ သေလယက္ခ ကျောက်တောင်ကြီးကို တွေ့လိမ့်မယ် အဲဒီ နေရာရောက်ရင် ဆရာကြီးရဲ့ ပညာစွမ်းနဲ့ချင့်ချိန်ပြီး ညွှန်ကြားတဲ့အတိုင်းသွားပေတော့. . . "

ဟု ဦးသူတော်ပြောသည်တို့ကို အထူးပင်စိတ်ပူမိပါတော့၏။

သို့နှင့် ညမိုးချုပ်၌ စောစောစီးစီးပင် ကွန်ပြသည် ဘုရားကို ရှိခိုးပြီး မနက်ဖြန်သွားရာလမ်းကို စဉ်းစားရင်း အိပ်လိုက်ပါတော့၏။

✳ ✳ ✳

www.foreverspace.com.mm

နံနက် အာရုဏ်တက်သောအခါ ပိန္ဓောဆရာမြဲကြီးနှင့် ဦးသူတော်မှာ ထိုင်၍စကားပြောနေသည်ကို အိပ်ရာမှနိုး၍ကြည့်လိုက်ပြီးလျှင် ကျွန်ုပ်လည်း အိပ်၍ မနေနိုင်တော့ဘဲ တစ်ခါတည်းထပြီး တစ်ပြိုင်နက်သွားရန် ပြင်ဆင်ကာ စောင့်နေရပါတော့သည်။

အလင်းရောင်ပေါ်လာသည်နှင့် ဆရာမြဲကြီးသည် ဦးသူတော်အား နောက်ဆုံး မှာကြားစရာရှိသည်တို့ကို မှာကြားခဲ့ပြီး ကျွန်ုပ်အားခေါ်၍ ဦးသူတော်၏ တဲကလေးမှ ထွက်ခွာလာတော့၏။

ကျွန်ုပ်၏စိတ်ထဲတွင် ဦးသူတော်၏ တဲကလေးကိုပင် လွမ်းနေမိပါတော့သည်။ ဦးသူတော်လည်း ကျွန်ုပ်ကိုလွမ်းနေမိပါလိမ့်မည်။ ဦးသူတော်လည်း ကျွန်ုပ်တို့ထွက်လာသည်ကို ဝမ်းနည်းစွာဖြင့် ရပ်၍ကြည့်နေသည်ကို ခြံကြီး၏အပြင်ဘက်သို့ရောက်အောင် တွေ့နေရသေးသဖြင့် အထူးပင်အောက်မေ့နေမိပါတော့၏။

www.foreverspace.com.mm

သို့နှင့်ပင် ကျွန်ုပ်နှင့် ဗိန္ဓောဆရာမြဲကြီးသည် မြောက်ဘက် အရပ်သို့ထွက်လာရာ ယခင် ပန်းပေါင်းတောင်အနီးသို့ ရောက်သောအခါ၌ ပန်းစားဘီလူးတွေကို သတိရလာကာ ကျွန်ုပ်တို့အား လမ်းမှ စီး၍ရန်ပြုလေမည်လောဟုပင် စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေမိ ပါသည်။ ကျွန်ုပ်ထင်သည့်အတိုင်းမဟုတ်ဘဲ ဆရာမြဲကြီးသည် ပန်းပေါင်းတောင်ဘက်သို့မလှည့်ဘဲ မြောက်ဘက်စူးစူးသို့သာ သွားလေသောကြောင့် ထိုအခါမှ စိတ်အေးသွားပါတော့၏။

မွန်းတည့်အချိန်လောက်ရောက်သောအခါ ကျွန်ုပ်တို့သည် ပါလာသောအစားအစာတို့ကို စားသောက်ပြီးလျှင် တစ်ဖန်ခရီး ဆက်၍သွားပြန်၏။ ထိုအတောအတွင်းမှာ ကျွန်ုပ်တို့အား အနှောင့်အယှက်တစ်စုံ တစ်ခုမှ မဖြစ်သေးသဖြင့် မလာမီညက ကျွန်ုပ်ကြံစည်မိကာ စိတ်ပူနေမိသည်မှာ အပိုသက်သက်လို ဖြစ်နေမိပါတော့သည်။

ကျွန်ုပ်သည် ယခုကဲ့သို့ ဘာမျှအနှောင့်အယှက်မရှိဘဲ သွားလာရမည်ဆိုလျှင် စိတ်ပျက်ခြင်းမရှိဘဲ အတော်ပင် ပျော်ရွှင်တတ်သော ဝါသနာရှိသည့်အတိုင်း ကြောက်စိတ်လန့်စိတ် စိုးရိမ်စရာရှိ သည်တို့ကို မေ့လျော့နေသည့်အတိုင်း တစ်ခါတစ်ရံ အနီးအနား၌ တွေ့ရသော ဂျီငယ်ကလေးတွေကိုပင် ချောက်လှန့်မိသေး၏။

အတော်သွားလာ၍ ညနေစောင်းအချိန်ရောက်သောအခါ ဗိန္ဓော ဆရာမြဲကြီးသည် ရှေ့ကိုသာလှမ်း၍

www.foreverspace.com.mm

ကြည့်ကာ သွားနေသဖြင့် ဦးသူတော်ပြောလိုက်သည့် အတိုင်း မည်သည့်အရာများကို ကြည့်လေသနည်းဟု အောက်မေ့ကာ ရှေ့သို့လှမ်း၍ကြည့်နေမိပါတော့၏။

ထိုအခိုက် ဗိန္ဓောဆရာမြကြီးသည် ရှေ့သို့ဆက်မ သွားဘဲ သစ်ပင်တစ်ပင်အောက်တွင် ရုတ်တရက်ရပ် လိုက်ပြီးလျှင် မြောက်စူးစူးသို့ကြည့်လိုက်ကာ အတော်ပင် ဝမ်း မြောက်လှသောအသံဖြင့် ကျွန်ုပ် အား ခေါ်၍ . . . .

"မောင်ဘသိုက် ဟိုရှေ့ကိုကြည့်လိုက်စမ်း . . ဦးသူတော် ပြောလိုက်တဲ့နေရာမဟုတ်လား. . တောင်ကြီး က မြင့်မြင့်မားမားနဲ့ အချွန်သုံးခုထွက်နေတာ အဲဒါ တောင်ထွတ်သုံးခုပေါ့. . . ဒီတောင်နားကို ရောက်အောင် သွားရမယ်"

ဟုပြောလိုက်သဖြင့် ထိုနေရာကိုကြည့်လိုက်ရာ ဦးသူတော် ပြောသည့်အတိုင်း တောင်ထွတ်တွေကို တွေ့ရ သဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် အထူးပင်ဝမ်းမြောက်မိ ပါတော့၏။

ကျွန်ုပ်၏အမြင်မှာ တောင်ထွတ်သုံးခုသည် ဖိုခ နောက်များကဲ့သို့ သုံးပွင့်ဆိုင်ထိုးထွက်နေသဖြင့် အတော် ပင်ကြည့်ရှုရ၍ကောင်းသည်ဟု ထင်ရပါသည်။ တောင်ထွတ် သုံးခု၏ အလယ်တွင်ကား မည်သည့်အရာများ ရှိလေ သနည်းဟု စိတ်ထဲက သိချင်လာပြန်သဖြင့် ဆရာကြီး၏ စကားအဆက်ကို စောင့်နေစဉ် . . .

"အဲဒီတောင်ဟာ တခြားမမှတ်နဲ့ ထြဂိရိဆိုတဲ့

www.foreverspace.com.mm

တောင်လို့ ခေါ်တယ်”

ဟု ဗိန္ဓောဆရာမြကြီးက ပြောလိုက်သောအခါ၌ ကျွန်ုပ်၏ စိတ်ကြိုက်နှင့်လာ၍တွေ့ပြန်သောကြောင့်။

“ဦးသူတော်ပြောတဲ့တောင် မဟုတ်လား ဆရာကြီး . . . တောင်ထွတ်သုံးခုက ညီညီညာညာထိုးထွက်နေတာ ထောက်ရင် အလယ်မှာ တစ်ခုခုတော့ရှိပြီထင်တယ်နော် ဆရာကြီး. . .”

ဟု စကားဆက်၍ပြောလိုက်ရာ ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ်အား ရုတ်တရက်ကြည့်ပြီး . . .

“မောင်ဘသိုက် မကြံအပ်မကြံရာတွေကို မကြံစည်လေနှင့်ကွယ် ဆရာနှင့် မောင်ဘသိုက်လည်း အခုခရီး အတူတူထွက် လာကြတာ မဟုတ်လား. . . ဒီတော့ အလယ်မှာ ဘာရှိတယ်ဆိုတာ မပြောနိုင်ဘူးကွဲ့။ ပေတို့ပုရပိုက်တို့မှာတွေ့ဖူးတာကတော့ ကြိုဂိရိတောင်ရဲ့ အလယ်မှာ ဆေးပေါင်းစုံရှိတယ်လို့တွေ့ရတယ်. . .”

“ဂမုန်းပင်ဆေးပင်တွေရှိတယ် အဲဒီ နတ်ဆေးဂမုန်းဆေးပင်တွေကို သိဒ္ဓိမပေါက်ဘဲ သွားယူလို့ မရဘူးလို့ အဆိုရှိတယ် ဒီတောင်ထွတ်တွေကို ကျော်ဖြတ်ဖို့ ရာလည်း မလွယ်ကူဘူးတဲ့ မတ်စောက်တဲ့ ကျောက်တောင်ကြီးကို အလွယ်တကူနဲ့ တက်ရောက်လို့မရဘူးတဲ့ နောက်ပြီး အတွင်းဘက်ကို ဆင်းပြန်ရင်လည်း ရေတွင်းထဲကို ဆင်းသလို ဆင်းရမယ်တဲ့. . . ဒီတော့ အခုမြင်ရတဲ့နေရာကို အခုအခြေအနေနဲ့ဆိုရင် မကြံစည်တာက ကောင်းမယ်

www.foreverspace.com.mm

. . . နောက်ပြီး ပညာဒိပ္ပ သိဒ္ဓိရှင်ကြီးကလည်း ဒီနေရာကိုပင် စကားအရိပ်အခြေ တောင် မပြောခဲ့ဘူးမဟုတ်လား. . . ”

“ကဲ. . . ပြောနေလို့မပြီးသေးဘူး ဥယျာဉ်ကြီးကို တွေ့အောင်ရှာရဦးမယ်. . . ”

ဟုပြောဆိုကာ တောင်ထွတ်သုံးခုမြင်ရာသို့ ထွက်သွားသဖြင့် ကျွန်ုပ်လည်း ဆရာမြကြီးအနောက်ကကပ်၍ လိုက်ရပါတော့၏။

ကျွန်ုပ်၏စိတ်ထဲတွင် ယခုတွေ့ရအံ့သော ဥယျာဉ်ကြီးမှာကား ယခင်ဦးသူတော်နေခဲ့သော ဥယျာဉ်ကြီးထက်ပင် ဆန်းကြယ်လှဦးမည်လောဟု တွေးတောကာ မည်ကဲ့သို့သော အပင်မျိုးရှိလေမည်နည်းဟု စဉ်းစားရင်းလိုက်လာရာ မကြာမီပင် ငှက်ကလေးတွေ ပျော်မြူးနေသော အသံတို့ကို ကြားလိုက်ရသောအခါ ဆရာမြကြီးသည် ထိုအသံတွေကို ခဏရပ်၍ နားထောင်လိုက်ပြီးနောက် . .

“ဘယ်လောက် အေးချမ်းတဲ့နေရာဆိုတာ ရောက်ရင်သိရလိမ့်မယ် မောင်ဘသိုက် အခုကြားရတဲ့ ငှက်ကလေးတွေရဲ့ အသံကို နားထောင်ရင် အတော်ကြည်နူးစရာကောင်းနေပြန်တယ်ကွဲ့ဦး သူတော်ပြောတဲ့ ဥယျာဉ်ကြီးဆီကိုရောက်နေပြီထင်တယ် ကဲ. . . လာ လာ. . . သတိဝီရိယနှင့်လာနော် အမှတ်တမဲ့မလာနဲ့ အချိန်တိုင်း သတိထားရမယ်. . . ”

ဟုပြောဆိုကာ ရှေ့သို့ဆက်၍သွားကာ တစ်

www.foreverspace.com.mm

အောင့် လောက်အချိန်ကြာသောအခါ အံ့သြစရာကောင်း လောက်အောင် သစ်ပင်တွေ အုံ့ဆိုင်းနေသော ရေကန်တစ်ခုကို တွေ့ရသဖြင့် ကျွန်ုပ် စိတ်ထဲတွင်ကား ရေကိုမြင်လိုက်ရသည်နှင့် တစ်နေ့လုံးပင်ပန်းခဲ့သော အရာတွေပင် ပျောက်သွားပါတော့၏။

ဗိန္ဓောဆရာမြကြီးသည် ရေကန်၏အခြေအနေကိုကြည့်၍ ဝမ်းမြောက်စွာနှင့်ပင် ကျွန်ုပ်အားပြောဆိုပြီးနောက် ရေကန်နံဘေးမှလျှောက်၍ သွားသောအခါ ရှိခဲ့အသံတစ်ခုကြားလိုက်ရသောအခါတွင် ကျွန်ုပ်မှာ ခေါင်းနဘန်းကြီးအောင် ဖြစ်သွားတော့ကာ ဆရာမြကြီးအနားသို့ကပ်၍ သွားမိပါတော့၏။

ထိုအသံမှာ မည်သည့်အသံဟု တပ်အပ်သေချာလှစွာ မပြောနိုင်သော်လည်း ကျွန်ုပ်တို့အား သတိပေးသောအနေဖြင့် ပြုလုပ်လိုက်သည်ဟု ထင်မှတ်မိသည်။ ထိုအခိုက်တွင် (ဆရာကြီးသည် ရှေ့သို့ဆက်၍မသွားဘဲ မြေကြီးကို ဖနောင့်နဲ့ပေါက်လိုက်ပြီးလျှင် အစောင့်တွေ ဖယ်ရှားရန် အမိန့်တော်ပြန်လိုက်သောအခါ ဆူညံသော အသံတို့ ရုတ်တရက် ဖြစ်ပေါ်လာပြီး တခြားဘက်သို့ ထွက်သွားသလိုဖြစ်ကာ ပျောက်ကွယ်သွားသဖြင့်) ဗိန္ဓောဆရာ မြကြီးသည် ကျွန်ုပ်အားခေါ်၍ အတွင်းဘက်သို့ဝင်သွားပါသည်။

ကျွန်ုပ်နှင့် ဆရာမြကြီး အတွင်းဘက်သို့ ဝင်သွားသောအခါ၌ သစ်ပင်ချုံနွယ်တွေဟု ထင်ရသော်လည်း အနီးသို့ရောက်သော အခါအပင်တိုင်းလိုလိုပင် အသီး

www.foreverspace.com.mm

အပွင့်တွေ ဝေဝေဆာဆာဖြင့် စားချင် သောက်ချင်လာအောင်သီးပွင့်နေသော ဥယျာဉ်ကြီးကို တွေ့ရသောကြောင့် အထူးပင် ဝမ်းမြောက်ကာ ပြေး၍ပင်ခူး၍ စားချင်သော စိတ်တို့ ပေါ်ပေါက်လာတော့၏။

ဗိန္ဓောဆရာမြကြီးသည် သရက်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်ပြီးလျှင် တောင်မြောက်လေးပါးကိုကြည့်၍ ကျွန်ုပ်အား . . .

"ကဲ. . . မောင်ဘသိုက် ရှေ့ကို ခရီးဆက်ဖို့လည်း အချိန်မရှိတော့ဘူး ဦးသူတော်ပြောတဲ့အတိုင်း ဒီစခန်းမှာပဲ နားကြရ အောင် နေရာထိုင်ခင်း အထူးမရှိသော်လည်း ဘာမှကြောက်စရာ မရှိဘူး. . . ဒီဥယျာဉ်ကြီးကိုကြည့်ခြင်းအားဖြင့် ဘေးရန်အန္တရာယ်တွေ ဘာမှ မရှိဘူးဆိုတာသိရမယ် ဒါကြောင့်. . . ဒီမှာ စခန်းချရ တော့မယ်"

ဟုပြောသဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် မည်ကဲ့သို့ဖြစ်သွားသည်မသိပါ။

သို့နှင့် ကျွန်ုပ်သည် လွယ်အိတ်များကို သရက်ပင်ကြီး၏ အရင်းနားတွင် သေချာစွာထားပြီးနောက် ဆရာမြကြီးအား ပန်ကြားပြီးလျှင် အနီးအနားတစ်ဝိုက်တွင် ဆရာကြီး၏ ရှေ့မှောက်၌ လက်လှမ်းမှီရာ သစ်သီးတို့ကို ခူး၍စားမိသောအခါတွင် ဦးသူတော်၏ ခြံကြီးအတွင်းက သစ်သီးတို့ထက်ပင် အရသာရှိသေးသည်ဟု အောက်မေ့မိ၏။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ထိုဥယျာဉ်

www.foreverspace.com.mm

အတွင်း၌ရှိသော သစ်သီးမှည့်ဟူ၍ မည်သည့်သတ္တဝါမှ မစားမသောက်ဘဲရှိခြင်းသည် အတော်ပင် ထူးဆန်းသလို ဖြစ်နေပါတော့သည်။ မည်သည့်အရပ်၌မဆို သစ်သီးများမှည့်နေခဲ့လျှင် များသောအားဖြင့် ကျီး၊ ငှက်၊ ရှဉ့်အစရှိသော သတ္တဝါတို့စားကြသောက်ကြမှသာ လူတွေကသိ၍ ခူးကြခတ်ကြရသည် သာဖြစ်သည်။ ယခုမှာမူ အပင်မှာမှည့်၍ ကြွေကျခါနီးပင်လျှင် မည်သည့် သတ္တဝါမှ မစားမသောက်ခြင်းသည် ထိုဥယျာဉ်ခြံကြီးအတွင်း၌ ဖျက်ဆီးစားသောက်သော သတ္တဝါများမရှိလေ၍ပင်လောဟုအောက်မေ့မိပါတော့သည်။

"ဘယ်လိုလဲ မောင်ဘသိုက် သစ်သီးတွေစားရတာ ဘယ်လိုနေသလဲ အရသာမရှိဘူးလား . . အတော်ကုသိုလ်ထူးလို့ အခုလို စားရတယ်ဆိုတာမှတ်ထားပါ အခုဆိုရင် ကနေ့အဖို့ နောက်ထပ် ဘာမှမစားဘဲ နေနိုင်တယ်. . . လောဘတပ်မက်ပြီး နောက်ထပ် တစ်ကြိမ်စားလျှင် အစာမကြေဘဲ ဒုက္ခဖြစ်တတ်တယ်ဆိုတာ မှတ်ထား"

"မောင်ဘသိုက် ယခင်မြင်ရတဲ့ ကြိုဂိရိတောင်ဘက်ကို မသွားလေနဲ့ အဲဒီတောင်ဟာ သာမညတောင်မဟုတ်ဘူးဆိုတာ ဆရာ ပြောထားပြီးပြီမဟုတ်လား"

ဟုပြောသဖြင့်

"ဟုတ်တယ် ဆရာကြီး ဒီတောင်နားကို သွားပြီးကြည့်မယ်လို့ ကြံမိသေးတယ် ဘာဖြစ်တတ်သလဲ ဆရာကြီး"

www.foreverspace.com.mm

ဟုပြောကာ ကျွန်ုပ်အားခေါ်၍ တြိဂိရိဘက်သို့ ထွက်လာသောအခါ သစ်သီးသစ်ဥအပင်တွေ ကုန်ဆုံးသောနေရာသို့ ရောက်လေ၏။ ဆရာမြကြီးသည် ရှေ့သို့ဆက်၍မသွားတော့ဘဲ သစ်ပင် ခုံးနွယ်တွေ ရှင်းလင်းသောနေရာတစ်ခုကို ကြည့်လိုက်ပြီးလျှင် ထိုနေရာသို့သွား၍ အတော်လှမ်းသောနေရာကို မျှော်၍ကြည့်လိုက်သောအခါ . . .

"အဲဒါသာ ကြည့်ပေတော့ မောင်ဘသိုက် တြိဂိရိတောင်ပေါ်ကို သိဒ္ဓိတန်ခိုးမရှိဘဲ ဘယ်လိုတက်မလဲ. . . ကဲ တက်လို့ရပြန်ပြီ အတွင်းဘက်ကို ဘယ်လိုလုပ်ပြီး ဆင်းမလဲ. . . တောင်ခြေနားကို ယခုအတိုင်း သွားရင်ဘေးရန်တွေ အထပ်ထပ်တွေ့ရလိမ့်ဦးမယ် ညကျရင် တောင်ထိပ်သုံးခုစီမှ တစ်မျိုးမြင်ရလိမ့်ဦးမယ် အဲဒီအခါမှ ဆရာဆက်ပြီးပြောပြဦးမယ် ကဲ ကဲ. . . ဆက်သွားရအောင်"

ဟု မြောဆိုကာ ဥယျာဉ်ကြီးအတွင်းသို့ပြန်၍လာပြီးလျှင် ယခင် ကျွန်ုပ်တို့နားနေသော သရက်ပင်ကြီးအောက်သို့ ပြန်လာပါတော့၏။

ကျွန်ုပ်တို့သည် သရက်ပင်ကြီးအောက်သို့ရောက်သောအခါ၌မှာလည်း တြိဂိရိတောင်ကြီးနှင့် ကွယ်သွားသောအခါ မှောင်ရိပ်ပင် သမ်းလာပါတော့သည်။ ဥယျာဉ်ကြီး အတွင်း၌ကား မည်သည့်အသံမှ မကြားရအောင် တိတ်ဆိတ်လှပါတော့သည်။

www.foreverspace.com.mm

တစ်အောင့်လောက်ကြာသောအခါ၌ ဥယျာဉ်ကြီးထဲတွင် ဘာမှကြည့်၍မမြင်လောက်အောင်ပင် မှောင်လာပါတော့သည်။ ဗိန္ဓောဆရာမြဲကြီးသည် ထိုအခါ၌ သရက်ပင်ကြီးအောက်မှ အပြင်ဘက်သို့ ကျွန်ုပ်အား ခေါ်၍ထွက်သွား၏။ တြိဂိရိတောင်ဘက်သို့ ကြည့်နေသဖြင့် ကျွန်ုပ်လည်း မည်သည့်အရာမျှား မြင်ရလေမည်နည်းဟု တောင်ကြီးဆီသို့လှမ်း၍ကြည့်နေစဉ် တစ်ခဏ၌ ဝင်းခနဲတစ်ချက် ဖြစ်ပေါ်လာပြီးလျှင် တောင်ထွတ် အဖျားသုံးခုတွင်ကား ဓာတ်မီးလုံးကြီးလိုလို ဝင်းထိန်၍ လာပါတော့၏။

တောဘုရားတွေမှာ ဓာတ်မီးများထွန်းလိုက်သကဲ့သို့ တစ်ပြိုင်တည်း လင်းလာသောကြောင့် ကျွန်ုပ်၏စိတ်ထဲတွင် အင်ဂျင်မီးစက်ဖြင့် ထွန်းထားလေသလောဟု အောက်မေ့မိပါသည်။ ကျောက်တောင်ကြီး၏ ထိပ်သို့ ရောက်ရန်မဆိုထားဘိ။ တစ်ဝက်လောက် ရောက်အောင်ပင် တက်ရန် အတော်ခဲယဉ်းကြောင်းသိရမှ ထိုအရာသည် သိဒ္ဓိမြောက်သောအရာတစ်ခုဖြစ်ရမည်ဟု စိတ်ထဲတွင် မှတ်သား လိုက်ပါသည်။

"ဘယ်လိုလဲ မောင်ဘသိုက် တွေ့ရတာ မဆန်းကြယ်ဘူးလား တစ်ပြိုင်တည်း လင်းလာတာ ဘာများထင်သလဲ"

ဟုမေးလိုက်သဖြင့် . . .

"ကျွန်တော့်စိတ်ထဲမှာ သိဒ္ဓိမြောက်နေတဲ့ အရာ

www.foreverspace.com.mm

တစ်ခုခုဖြစ်လိမ့်မယ်လို့ ထင်မိပါတယ် ဆရာကြီး"

"အေး အေး . . . မောင်ဘသိုက် ထင်တဲ့အတိုင်းလည်း မှန်တယ်ကွဲ့ . . ထွက်ရပ်ပေါက် ဆရာကြီးတို့စီရင်ထားတဲ့ ပြဒါးရှင်လုံးပေါ့ အခုစီရင်ထားတဲ့ ပြဒါးရှင်လုံးတွေဟာ ကောင်းကင်ပေါ်က ကြယ်ရောင် လရောင် ရမှ အခုလို တောက်ပအောင် စီမံထားတာကွဲ့ . . . "

"နေ့အခါဆိုရင် အလိုအလျောက် ပျောက်သွားတယ် နေရောင်မရှိဘူးဆိုရင် အအေးဓာတ်ဝင်လာပြီဆိုမှဖြင့် ရုတ်တရက် ပြိုင်တူတစ်ချက်ဝင်းထိန်လာပြီး နောက်တော့ တဖြည်းဖြည်း လင်းလာအောင် စီမံထားတယ် ဟော . . . ကြည့်ပါလား အဖြူ အနီအစရှိတာ တွေကိုကြည့်ရင် သိဒ္ဓိအမျိုးမျိုးပေါက်နေတဲ့ ပြဒါးရှင်ဆိုတာသိရမယ် ကွဲ့"

ကျွန်ုပ်အစက မြင်ရသည်မှာ ဓာတ်မီးလုံးလိုလို အောက်မေ့မိ ပါသော်လည်း ဆရာမြဲကြီးပြောနေစဉ် အတွင်းမှာပင်လျှင် အရောင်မျိုးစုံဖြာ၍ထွက်လာသည့် အပြင် ထိုအရောင်တွေမှာ ကျွန်ုပ်တို့ ရပ်၍ ကြည့်နေသော ဥယျာဉ်ကြီးထိသို့ပင် လင်းထိန်လာသဖြင့် အတော်ပင် အံ့သြနေမိပါတော့၏။

ကျွန်ုပ်သည် သရက်ပင်ကြီးအောက်တွင် အိပ်နေရင်း သစ်ရွက်တွေကြားမှ တွေ့မြင်ရသော ဩဂိရိတောင်ထွတ်မှ အရောင်တွေကိုကြည့်ရင်းအိပ်နေစဉ် ဆရာကြီးကား ထိုင်၍ပုတီးစိပ်နေသဖြင့် ကျွန်ုပ်လည်း စိတ်ကူးချင်တိုင်း စိတ်ကူးကာ ထူးဆန်းသော ဩဂိရိ တောင်အ

www.foreverspace.com.mm

ကြောင်းကို အထပ်ထပ်စဉ်းစားရင်း ကျွန်ုပ်၏စိတ်ထဲတွင် အတွင်းဘက်၌ မည်သို့သော အရာမျှားရှိလေသနည်းဟု အတော်ပင် သိချင်လာသော်လည်း မည်ကဲ့သို့ မှမတတ်နိုင် အောင်ဖြစ်နေစဉ် မှေးခနဲအိပ်ပျော်သွားပါတော့၏။

www.foreverspace.com.mm

ထိုအခိုက်မှာပင် ကျွန်ုပ်၏မျက်စိထဲ၌ ယခင်ဦးသူတော်၏ တဲကလေးသို့ရောက်လာကာ ကျွန်ုပ်၏ဗိန္ဓောဆရာမြကြီးအား ယခုကျွန်ုပ်တို့ ရောက်ရှိနေသောနေရာသို့ ညွှန်ကြားလိုက်သော ပညာဒိပ္ပ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ခေါင်းရင်းဘက်တွင်ရပ်၍ ကျွန်ုပ်အား တြိဂိရိတောင်ဘက်သို့ လက်ညှိုးထိုးကာ ညွှန်ပြပြီးလျှင်

"ငါ့တပည့် တြိဂိရိတောင် အတွင်းဘက်ကိုမြင်ချင်သလား"

ဟု မေးသဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် အဘယ်သို့ ဝမ်းမြောက် သွားသည်မသိပါ။

"ကျွန်တော် မြင်ချင်ပါတယ်ဆရာကြီး"

"ကဲ ဒါဖြင့် လာ ဆရာပြမယ်"

ဟုခေါ်လိုက်သဖြင့် ကျွန်ုပ်သည် ထ၍လိုက်သွားပါတော့သည်။

ထိုသို့ လိုက်သွားသောအခါ၌ ကျွန်ုပ်၏စိတ်ထဲ

www.foreverspace.com.mm

တွင် မည်ကဲ့သို့ သွားရသည်မသိပါ။ ရုတ်တရက်ပင် ကျွန်ုပ် မရောက်ဖူးသော နေရာတစ်ခုသို့ရောက်သွား၏။ တောင်မြောက်လေးပါးကို ကြည့်လိုက်သောအခါ နံဘေးပတ်လည်တွင် ကျောက်တံတိုင်းကြီး ကာရံထားသောနေရာတစ်ခုကို တွေ့ရသဖြင့် ဘယ်နေရာ ဘယ်လမ်းက လာ၍ ယခုကဲ့သို့ရောက်နေသည်ကို မတွေးတောမိအောင် ဖြစ်နေပါတော့၏။

"ကဲ . . ငါ့တပည့် ဘာများကြည့်ချင်သလဲ။ ဘာမြင်ချင် သလဲ"

ဟုပြောဆိုကာ လက်ညှိုးထိုး၍ပြလိုက်ပြန်၏။ ထိုအခါ၌ ဘယ်ကဲ့သို့ပြုလုပ်လိုက်သည်မသိပါ။ အထူးပင် ထိန်လင်းသော မီးရောင်တစ်ခုသည် ကျွန်ုပ်တို့ရပ်နေသော နေရာတစ်ဝိုက်တွင် ထိန်လင်းသွားသည်ကို တွေ့လိုက်ရ၏။

ကျွန်ုပ်မြင်ရသည်မှာ တခြားမဟုတ်ပေ။ လက်ဦးဆရာမြကြီးနှင့်အတူကြည့်စဉ်က ထွက်ပေါ်လာသော အဝါရောင်ကြီး တစ်ခုသည် ကျောက်ကလပ်ကြီးတစ်ခုပေါ်တွင် လင်းထိန်နေသော အလုံးကြီးတစ်ခုမှ အပေါ်သို့ ထိုးထွက်နေသည့်အပြင် အတွင်းဘက်တွင်လည်း ရှိရှိသမျှ အရာတို့မှာ အရောင်ကြောင့် ရွှေများကဲ့သို့ အလုံးစုံဝါထိန်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်၏အသားအရေတို့မှာလည်း ရွှေကဲ့သို့ပင် ဝါဝင်းနေသောကြောင့် မည်သည့်အတွက်ကြောင့် ယခုကဲ့

www.foreverspace.com.mm

သို့ဖြစ်ရသည်ကို တွေးတော၍ မရအောင်ပင်ဖြစ်နေမိပါသည်။ ၎င်းပြင် ထိုကလပ်ကြီးအနီး၌ ပေါက်နေသော သစ်ပင်တို့မှာလည်း ရွှေကဲ့သို့ပင် အရွက်ရော အပင်ပါဖြစ်နေသည်ကိုတွေ့ရမှကျောက်ကလပ်ကြီးပေါ်မှ အရောင်ကြောင့် ရှိရှိသမျှတို့မှာ အားလုံး ရွှေရောင်ကဲ့သို့ ဖြစ်နေကြောင်း ထိုအခါမှကောင်းစွာသိရပါတော့၏။

ထိုအခိုက်မှာပင် ပညာဒိပွဆရာကြီးသည် ကျွန်ုပ်အား

"ကဲ ငါ့တပည့် တော်လောက်ပြီ ပြန်ကြစို့"

ဟုပြောလိုက်ကာ လက်ဖြင့်ဝှေ့ရမ်းလိုက်သော အခါ၌ လက်ဦး ကျွန်ုပ်ရောက်စဉ်ကတည်းက ကျွန်ုပ်၏ လက်ကိုကိုင်၍ တစ်ဖန်ပြန်ခေါ်လာသောအခါတွင်လည်း သွားသည့်အခါကဲ့သို့ပင် သွားလာရသည်ကို မသိရပါ။ သရက်ပင်ကြီးအောက်သို့သာ ရောက်နေသည်ကိုသိရသဖြင့် ကျွန်ုပ်သည် ပညာဒိပွဆရာကြီးအား ဘယ်လမ်းက သွားလာရသည်ကို သိချင်၍မေးလိုက်ဦးမည်ဟုကြံကာ

"ဆရာကြီး ဆရာကြီး"

ဟုရုတ်တရက်အော်လိုက်သောအခါတွင် အနီး၌ ထိုင်၍ ပုတီးစိပ်နေသော ကျွန်ုပ်၏ဆရာမြကြီးက . .

"မောင်ဘသိုက် ဘာဖြစ်နေတာလဲ"

ဟု အလန့်တကြားမေးလိုက်ကာ ကျွန်ုပ်တွေ့မြင်ရသော အရာတွေမှာ အိပ်မက်မက်နေကြောင်း ကောင်းစွာသိရပြန်၏။ ထို့နောက် ရုတ်တရက်ထ၍ထိုင်လိုက်ပြီးလျှင် ပညာဒိပွဆရာကြီးများအနီးတွင် ရှိလေသလောဟု အောက်မေ့

www.foreverspace.com.mm

ကာ လျှောက်၍ကြည့်နေမိပြန်၏။

"ဟဲ့ မောင်ဘသိုက် . . . ဘာဖြစ်နေတာလဲ ဘာကြည့်နေတာလဲ"

ဟု ထပ်၍မေးမှ ကျွန်ုပ်လည်း ထိုအခါမှပင် တကယ့် အိပ်မက်မက်နေကြောင်း ကောင်းစွာသတိရ၏။ ထိုအခါတွင် ဆရာကြီးအား ထိုအကြောင်းတွေကို အကုန်အစင်ပြန်၍ ပြောပြလိုက်သောအခါမှ ဆရာကြီးလည်း ပြုံးရွှင်စွာဖြင့် ကျွန်ုပ်၏ဦးခေါင်းကိုပွတ်သပ်၍ . . .

"မောင်ဘသိုက် မင်းတော့ အတော်ကံကောင်းတာကွဲ့ ဒီဥယျာဉ်ဟာ ဘေးရန်မရှိတဲ့အပြင် အလိုရှိတိုင်း ကြံစည်တိုင်း ပြည့်စုံနိုင်တယ်ဆိုတာ မှတ်ထားပေတော့ ကဲကဲ စိတ်ချလက်ချသာ အိပ်ပါကွယ် မနက်ဖြန် ခရီးဆက်ထွက်ရင် အခုထက် ထူးဆန်းတာတွေကို အခုလိုအိပ်မက်ထဲမှာ မဟုတ်ဘဲ ကိုယ်တိုင်တွေ့ချင်တွေ့ရလိမ့်ဦး မပေါ့ကဲ ကဲ အိပ်ပေတော့ ဟော့ . . ."

ဟုပြောသဖြင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ အိပ်လိုက်ရပါတော့၏။

ထိုသို့ အိပ်လိုက်ရပါသော်လည်း ကျွန်ုပ်မြင်မက်သည်တို့မှာ အိပ်မက်နှင့်မတူဘဲ ပညာဒိပ္ပဆရာကြီး ကိုယ်တိုင်လာ၍ ခေါ်သကဲ့သို့သာ အောက်မေ့ရင်း မြင်ရသည့် အရာတို့ကို မျက်စိထဲတွင် မြင်ယောင်နေသဖြင့် အိပ်၍မပျော်နိုင်အောင်ဖြစ်ကာ အတော်ကြာမှ အိပ်ပျော်သွားတော့၏။

www.foreverspace.com.mm

နံနက်အိပ်ရာမှ နိုးလာသောအခါတွင် ကျွန်ုပ်သည် ညကမြင်မက်သော အိပ်မက်အကြောင်းကိုသာတွေးတောနေသဖြင့် ကျောက်တောင်ကြီးဘက်သို့ မကြာခဏဆိုသလို ကြည့်နေမိပါတော့သည်။ ထိုအခိုက်မှာပင် ဆရာကြီးသည် ကျွန်ုပ်အား ဥယျာဉ်ကြီးအတွင်းမှ ကောင်းနိုးရာရာ သစ်သီးတို့ကို ခူးယူစေပြီးလျှင် စားသောက်ကြပြီးနောက် ယခင်လက်ဦး တွေ့ရသောရေကန်ကြီးထဲမှ ရေကိုအဝသောက်ပြီးလျှင် ခရီးဆက်ရန်ပြုလုပ်ပြီးနောက် ဆရာမြကြီးသည် ကျွန်ုပ်အား နောက်ထပ်ကောင်းရာသစ်သီးတို့ကိုယူစေကာ . . .

"ကဲ မောင်ဘသိုက် . . ယနေ့အဖို့တော့ မောင်သတိုးစက္ကနဲ့ ဆရာ့အတွက် ဘာမှဆာလောင်မွတ်သိပ်ခြင်းတော့ မရှိတော့ဘူးကွဲ့ ဒီကန်ထဲက ရေဟာလည်း တစ်နေ့ကိုတစ်ခါသာသောက်ရရင် ထိုနေ့အဖို့ ရေဆာခြင်း မရှိတော့ဘူး ဘယ်လို ခရီးသွားသွား မဆာ မမောတော့ဘူးကွဲ့

www.foreverspace.com.mm

နောက်လည်း ဒီထက်ထူးဆန်းတာတွေ တွေ့ရဦး မယ်ထင်တယ် ကဲ ကဲ ပြောနေလို့မဖြစ်သေးဘူး ခရီးဆက်ကြရအောင်”

ဟုပြောဆိုကာ ထိုဥယျာဉ်ကြီးမှ မြောက်ဘက်စူးစူးသို့ တစ်ဖန်ထွက်လာကြပါတော့၏။

ထိုသို့ ထွက်လာကြ၍ နေ့မွန်းမတည့်ခင်မှာပင် ကျွန်ုပ်တို့အဖို့အတော်ပင် ခက်ခဲသောအရာတစ်ခု ရင်ဆိုင်တွေ့ရပါတော့၏။ တောင်ခါးပြတ်ကြီးတစ်ခု ဆီးကာနေသည်မှာ မကြံတတ်အောင်ပင်ဖြစ်နေစဉ် ဆရာကြီးသည် စိုးရိမ်ပူပန်ခြင်းအလျဉ်းမရှိဘဲ တစ်စုံတစ်ခုကို ကြံစည်၍ နေသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရလေသည်။

တောင်ပြတ်ကြီးမှာ မတ်စောက်စွာနှင့် အတော်ပင် နက်လုအောင်ဖြစ်နေသည်မှာ တွေး၍မရအောင်ပင်ဖြစ်နေမိပါ၏။ အောက်ကိုဆင်းပြီး ဖြတ်၍သွားရန်ကိုကား မတွေးဝံ့အောင်ပင် ကျောက်စွန်း ကျောက်တက်တွေမှာ ခွန်တက်နေသည့်အပြင် အကယ်၍ တွယ်ဖက်ပြီး ဆင်းစေကာမူ ခြေချော်လက်ချော်ဖြစ်သွားမိပါက မတွေးဝံ့အောင် ပင်ဖြစ်နေမိပါသည်။

ချောက်ထဲသို့ ကြည့်လိုက်သောအခါ အောက်ခြေကိုပင် ကြည့်ရန် အတော်ခဲယဉ်းနေမိသည်။ မှောင်၍ မည်းနေသည့်အပြင် ကျောက်ကြားတွေမှ မြည်နေသော အသံတို့မှာ အတော်ပင် ကြောက်လန့်စရာ ဖြစ်နေပါတော့၏။

www.foreverspace.com.mm

ထိုအခိုက် ဆရာမြဲကြီးသည် တစ်စုံတစ်ခုကို သတိရလာသကဲ့သို့ ရုတ်တရက်ရပ်လိုက်ပြီးလျှင် ချောက်ကမ်းပါးပြတ်အနားတွင် ပေါက်ရောက်နေသော သစ်ပင်တို့ကို လျှောက်၍ကြည့်လိုက်မိပြန်၏။

"ကဲ မောင်ဘသိုက် ဒီလိုနေလို့တော့ တို့ဆရာတပည့်နှစ်ယောက် ဟိုဘက်ကိုရောက်ဖို့ အတော်ခဲယဉ်းနေတယ်ကွဲ့ ဒီတော့ ကြံဖန်ပြီးကူးကြရအောင် ဦးသူတော်ညွှန်ကြားတုန်းကလည်း အခုလို တွေ့ရမယ်ဆိုတာ ပြောလိုက်တယ်မဟုတ်လား ကြံဖန်ပြီးကူးကြရမယ် ဒီအတိုင်းတော့နေလို့မဖြစ်ဘူး"

ဟုပြော၍ ကျွန်ုပ်အားခေါ်ကာ ကမ်းပါးပြတ်ကြီးကို လျှောက်၍ သွားနေရပါတော့၏။

ကံအားလျော်စွာ သစ်ပင်ကြီးနှစ်ပင်မှာ တစ်ဖက်တစ်ပင်စီ ပေါက်နေသည်ကို တွေ့ရသဖြင့် ဆရာကြီးသည် သစ်ပင်ပေါ်သို့ တစ်ချက်မော့၍ကြည့်လိုက်ကာ . . .

"မောင်ဘသိုက် ဘယ်နေရာမှ အခုလို အဆင်ပြေတဲ့ နေရာမတွေ့ခဲ့ဘူး ဟော. . အခုတွေ့ရတဲ့ သစ်ပင်ကြီး နှစ်ပင်ဟာ အကိုင်းလည်း ယှက်နေတယ် နွယ်တွေလည်းရှိတယ် အဲဒါ ဆရာတို့အချက်ကောင်းတစ်ခုပဲ မောင်သတိုးစက္ကရဲ့. . ."

ဟု ပြောပြောဆိုဆိုပင် သစ်ပင်ကြီး၏အရင်းသို့ သွားပြီး လက်ကောက်ဝတ်ခန့် လုံးပတ်ရှိသော နွယ်ကြီးနှစ်ပင်ကို ကိုင်တွယ်လိုက်ပြီးလျှင် . . . .

www.foreverspace.com.mm

"မောင်ဘသိုက် ဒီနွယ်ကြီးနှစ်ပင်ဟာ ဆရာတို့အတွက် ဖန်တီးထားသလိုဖြစ်တယ်ဆိုတာ မှတ်ပေတော့ဗျာ။ ကြည့်စမ်း ဒီနွယ် နှစ်ပင်ဟာ အလုံးချင်းလည်းညီတယ် တစ်ဖက်က ဒီနေရာမှာလာပြီး တွယ်နေတာကို ထောက်ရင် ဆရာတို့အတွက် အလွယ်တကူ ကူးဖြတ်ရမယ်ဆိုတာ တစ်ထစ်ချမှတ်ပေတော့ပေါ့ကွာ"

"ဒီတော့ ဆရာတပည့်နှစ်ယောက်စလုံး တစ်ကြိမ်တည်းရောက်အောင် ဆရာကြံစည်မယ် ကဲ ဆရာ့လွယ်အိတ်တွေကိုသာ ယူထားပေတော့"

ဟု ကျွန်ုပ်အား လွယ်အိတ်တွေကိုပေးလိုက်ပြီးနောက် ဆရာမြကြီးသည် အနီးအနားတွင်ရှိသော သစ်ကိုင်း ခြောက်ခိုင်ခိုင်နှစ်ခုကို ယူငင်ပြီးလျှင် အလွယ်တကူပင် နွယ်ကြီးနှစ်ပင်၌ နွယ်ကြိုးကလေးတွေဖြင့် တုပ်နှောင်လိုက်ပြန်၏။

"ကဲ မောင်ဘသိုက် ဆရာရော မောင်ဘသိုက်ပါ တစ်ကြိမ်တည်း စီးသွားရအောင် တစ်ကြိမ်သွားပြီးရင် နောက်တစ်ကြိမ် ကူးဖြတ်ဖို့ အတော်ခဲယဉ်းလိမ့်မယ် ဒီတော့ ဆရာနဲ့အတူသာ လိုက်ခဲ့ပေတော့"

ဟုပြောဆိုကာ ဆရာမြကြီးက အလွယ်တကူ အသုံးပြုနိုင် အောင် ယူလာခဲ့သော မောင်းချဓားကလေးဖြင့် နွယ်ပင်ကြီး၏အရင်းကို လှီးဖြတ်လိုက်ပြီး ကျွန်ုပ်အား ခေါ်လိုက်၏။

"မောင်ဘသိုက် သား လာ။ ဟောဒီအကိုင်း

www.foreverspace.com.mm

ပေါ်မှာ ထိုင် . . . သေသေချာချာကိုင်ထားနော် ဘာမှမ ဖြစ်ပါဘူး မြမြသာ ကိုင်ထား"

ဟု ကျွန်ုပ်အား ယခင် နွယ်ပင်ကြီးနှစ်ပင်မှာ ချည်ထားသော သစ်ကိုင်းပေါ်တွင် ထိုင်စေပြီးကာ ဆရာ မြကြီးသည်လည်း တခြား သစ်ကိုင်းပေါ်၌ တက်၍ရပ် လိုက်စဉ် နွယ်ကြီးနှစ်ပင်မှာ အောက်ခြေ ပြတ်သွားသဖြင့် တစ်ဖက်ကမ်းသို့ အရှိန်ဖြင့် ဒါန်းလွှဲလိုက်သလိုဖြစ်ပြီး ချောက်ကြီးပေါ်က လွှဲသွားမှသာ ကျွန်ုပ်၏ရင်ထဲတွင် အေး ခနဲဖြစ်သွား၏။ ချောက်ကြီးထဲဆီသို့လည်း မကြည့်ရဲ အောင်ဖြစ်ကာ မျက်စိကိုမှိတ်၍ထားလိုက်စဉ် လွှဲသွား သောနွယ်ကြိုးကြီးမှာ ရုတ်တရက် တစ်စုံတစ်ခုဖြင့် ငြိတွယ် နေသလို ရပ်တန့်သွား၏။ ထိုတော့မှ မျက်စိကိုဖွင့်၍ ကြည့်လိုက်ရာ ဆရာကြီးသည် မြေကြီးပေါ်သို့ ခုန်ဆင်း၍ နွယ်ကြိုးကြီးကိုဆွဲထားသဖြင့် တစ်ဖက်ကမ်းသို့ရောက်နေ ပြီဖြစ်ကြောင်း ထိုအခါမှ သိရတော့သည်။

"မောင်ဘသိုက် မြန်မြန်ဆင်းပါကွဲ့"

ဟု အော်ပြောလိုက်မှ ကျွန်ုပ်လည်း ထိုင်နေသော သစ်ကိုင်းပေါ်မှ အောက်သို့ခုန်ဆင်းလိုက်ရပါတော့၏။

ထိုခဏတွင်ပင်လျှင် ဆရာကြီးသည် နွယ်ကြိုးကြီး များကို လွှတ်လိုက်သောခဏ၌ နွယ်ကြိုးတွေမှာ ပြန်၍ တစ်ဖက်သို့လွှဲသွားကာ ချောက်ကြီးအလယ် တည့်တည့် တွင် တွဲလောင်းကျနေတော့သည်။

ထိုကဲ့သို့ ခဲခဲယဉ်းယဉ်းဖြင့် ချောက်ကမ်းပါးပြတ်

www.foreverspace.com.mm

ကြီးကို အရဲကိုးကူးကျော်မိသောအခါ ဆရာမြကြီးနှင့် ကျွန်ုပ် ဆက်၍သွားပြန်သောအခါတွင် ယခင်လောက် မကြီးသော်လည်း အတော်ကြီးသည်ဟုထင်ရသော ချောက်ကမ်းပါးပြတ်တို့ကို ကျော်ဖြတ်၍လာရာ ညနေစောင်းအချိန်လောက်တွင် မမျှော်လင့်သော အခက်အခဲတစ်ခုကို တွေ့ရပြန်ပါတော့၏။

ထိုအခက်အခဲမှာ ဆရာမြကြီးကိုပင် ခဏမျှကြာ၍ စိတ်ကူးမရအောင်ဖြစ်နေပါတော့၏။ စမ်းချောင်းကလေးတစ်ခုတွင် မမြင်ဖူးလောက်အောင် များပြားလှသော မြွေတွေမှာ အကယ်၍ ၎င်းချောင်းကလေးကိုသာ အမှတ်တမဲ့ဆင်း၍ဖြတ်ကျော်သွားလျှင် ကျွန်ုပ် မတွေးဝံ့အောင်ဖြစ်မိပါတော့၏။

ဆရာမြကြီးသည် ချောင်းကလေးအတွင်းသို့ စိုက်၍သာထူး ဆန်းစွာကြည့်နေသဖြင့် ကျွန်ုပ်လည်း ဘာမှ ဝင်၍မပြောရဲအောင်ပင် ဖြစ်နေကာ ဆရာမြကြီးအရိပ်အခြေကိုကြည့်နေမိပါတော့၏။ ထိုအခိုက် ဆရာမြကြီးသည် ကျွန်ုပ်ဘက်သို့ ရုတ်တရက်လှည့်လိုက်ပြန်၏။

"ဘယ်လိုသဘောရသလဲ မောင်ဘသိုက် . . . ဒီလောက် ထိများတဲ့ မြွေတွေကို ဆရာမမြင်ဖူးဘူး. . . ဒီတော့ ဆရာစိတ် အထင်မှာ ဆရာတို့ကို ပညာစွမ်း ဘယ်လောက်ရှိတယ်ဆိုတာသိရအောင် စမ်းပြီထင်တယ်။ ဒီတော့ သိရအောင်စမ်းကြည့်ရတာပေါ့။ သဘာဝအလျောက် ဖြစ်ပေါ်နေတယ်ဆိုရင်လည်း ဆရာတို့တခြား

www.foreverspace.com.mm

နေရာကို ရှောင်လွှဲပြီးသွားမယ်။ သူတစ်ပါးရဲ့အသက်ကို တော့ မသတ်ထိုက်ဘူး"

မမျှော်လင့်စွာကြည့်လိုက်သောခဏ၌ ယခင် ကျွန်ုပ်တို့ တွေ့ရသောမြွေတွေမှာ စမ်းချောင်း ကလေး အတွင်းမှ လတ်တလော ပျောက်ကွယ်သွားသည်ကို တွေ့ရ သဖြင့် အထူးပင် အံ့သြနေမိပါတော့သည်။

ချက်ချင်းပင် ဆရာမြဲကြီးသည် စမ်းချောင်း ၏တစ်ဖက်ကမ်းသို့ ကျွန်ုပ်အားလက်ကိုဆွဲ၍ ဖြတ်ကူးပါ တော့သည်။ စမ်းချောင်းကလေးမှာ တောတောင် လျှို မြောင်တွေအကြားတွင် ရှိနေလေ၍လောမသိပါ။ အလွန် တရာပင် အေးမြလှပါ၏။

ကျွန်ုပ်တို့သည် တောတန်းတစ်ခုကို ဖြတ်ကျော် ပြီးသောအခါ၌ ကျွန်ုပ်တို့နှင့်မလှမ်းမကမ်းတွင် မည်းညစ် ညစ်သဏ္ဌာန်ရှိသော ကျောက်တောင်ကြီးတစ်တောင်ကို တွေ့ရသောအခါ ကျွန်ုပ်၏စိတ်ထဲတွင် ဦးသူတော်ပြော လိုက်သော ကျောက်တောင်ကြီးများပင်ဖြစ်လေ သလော ဟု အောက်မေ့ကာ တောင်ကြီးများ၏အခြေအနေကို လှမ်း၍ကြည့်နေမိပါတော့၏။

အဝေးမှမြင်ရသဖြင့် မည်သို့မျှမထူးခြား သလိုရှိ နေပြန်သောအခါ ဟုတ်မှဟုတ်ပါ၏လောဟု အောက်မေ့ မိပြန်ပါတော့သည်။ ဆရာမြဲကြီးသည်ကား ခရီးတွင်ကျယ် အောင်သာလျှင် ရှေ့သို့ဆက်၍ သွားနေသဖြင့် ကျွန်ုပ်မှာ ဦးသူတော်ပြောသောစကားတို့ကို အောက်မေ့ပြန်တော့

www.foreverspace.com.mm

ကာ ရှေ့မှသွားနေသော ဆရာကြီးအား

"ဆရာကြီး ဟိုအရှေ့ကတောင်ဟာ ဦးသူတော်ပြောတဲ့ တောင်ကြီးထင်တယ် ဆရာကြီး"

ဟုပြောလိုက်သောအခါမှ ဗိန္ဓောဆရာမြဲကြီးသည် ကျွန်ုပ်ဘက်သို့လှည့်၍ . . . .

"မောင်ဘသိုက်ပြောတာမှန်တယ် ဦးသူတော်ပြောတဲ့ တောင်ကြီးပေါ့ အဲဒီကို ဆရာတို့အရောက်သွားကြရမယ်"

ဟု ပြန်ပြောလိုက်သောကြောင့် . . .

"ဦးသူတော်က ရုတ်တရက်မကပ်နဲ့လို့ မှာလိုက်တယ် မဟုတ်လား ဆရာကြီး"

"အေး ဒါကိုတော့ ဆရာသတိရပါတယ် ဆရာတို့စခန်းချမယ့်နေရာကို ရောက်အောင်သွားမှပဲကွဲ့"

"တောင်ရဲ့အရိပ်အခြေကိုကြည့်ပြီး ဘေးရန်မရှိမှကျောက် တောင်ကြီးကို ကပ်ရမယ်လို့မှာလိုက်တယ်"

"အေး ဒါတွေ ဆရာသိပါတယ် ဆရာလည်းသတိရပါတယ် အခု အခြေအနေကြည့်ရတာဖြင့် ဘေးရန်မရှိဘူးထင်လို့ ကပ်သွားမယ် ကြံလိုက်ပါရဲ့ ကဲ ကဲ မောင်ဘသိုက်ရေ အချိန်သိပ်မရှိဘူးကွဲ့ ခပ်မြန်မြန်လေး လာပါကွယ်"

ဟုပြောသဖြင့် ကျွန်ုပ်လည်း နောက်ထပ် ဘာမှမပြောတော့ဘဲ အသာလိုက်၍သွားရပါတော့၏။

www.foreverspace.com.mm

ဤသို့ဖြင့် တအောင့်လောက်သွားမိ သောအခါ တွင် မြင်ရသော ကျောက်တောင်ကြီးမှာ ထင်ထင်ရှားရှား ဖြစ်လာပါတော့သည်။

တောင်ကြီး၏ပတ်လည်တွင် စိမ်းစိုသာယာလျက် ရှိပြီး တောင်ကြီးမှာကား အပေါက်တွေလိုလို ဂူတွေလိုလို တွေ့ရသောအခါတွင် ဦးသူတော်ပြောလိုက်သည့်အတိုင်း ကျွန်ုပ်သည် ထိုအပေါက်တွေကို မပြတ်ကြည့်နေပါသေး၏။

သို့သော်လည်း ကျွန်ုပ်ရှေ့မှသွားနေသော ဗိန္ဓော ဆရာမြကြီးကိုလည်း မှီအောင်လိုက်နေရသေးသဖြင့် စိတ်ရှိ တိုင်း မကြည့်နိုင်တော့ချေ။ သွားရင်းပင်လျှင် ကြည့်ရပါ တော့၏။

မလှမ်းမကမ်းသို့ရောက်သောအခါတွင်ကား ကျွန်ုပ်သည် ကျောက်တောင်ကြီးကို အစပထမမြင်ရစဉ်က မဲခြောက်ခြောက်လို မြင်ရသော်လည်း အနီးသို့ရောက်

www.foreverspace.com.mm

သောအခါတွင် မြစိမ်းရောင်ကဲ့သို့ ဖြစ်နေသည်ကိုသာ တွေ့ရသည်။

ထို့နောက် အပေါက်တွေလိုလိုမြင်ရသည်မှာ လူတွေထွင်းဖောက်ထားသလိုလို လှိုဏ်ဂူများကဲ့သို့ ကျကျနနရှိနေသည်ကိုတွေ့ရပြန်၏။ မည်သည့်အချိန်အခါကယခုကဲ့သို့ ဖြစ်ပေါ်နေသည်ကို စဉ်းစား၍မရအောင်ဖြစ်ကာ ထိုဂူတွေကိုလည်း မည်သူက ဖန်ဆင်းထားလေသနည်း။

သို့မဟုတ် သဃ်ဇာတအဖြစ်နှင့် မိမိအလိုအလျောက်ပင် ဖြစ်လေသလောဟု အမျိုးမျိုးတွေးတောကာ ထိုတော ထိုတောင်ကြီးများအကြောင်းကို ကောင်းစွာသိချင်လာပြန်၏။

ထို့ကြောင့် ဗိန္ဓောဆရာမြကြီးအား မေးလိုက်ဦးမည်ဟုကြံလိုက်ကာ တောင်တစ်ဝက်လောက်ရှိ ဂူပေါက်တစ်ခုသို့ ကြည့်မိလိုက်ပြန်၏။ ကျွန်ုပ်၏မျက်စိထဲ၌ နီရဲရဲသဏ္ဌာန်တစ်ခု အတွင်းထဲဆီသို့ ဝင်သွားသည်ကိုသာ ရုတ်တရက်တွေ့လိုက်ရသဖြင့် ဗိန္ဓောဆရာမြကြီး အနီးဆီသို့ အတင်းပင်တိုးကပ်သွားပြီး . . . .

"ဟိုမှာ ဆရာကြီး ဟိုအပေါ်က ဂူထဲကို နီရဲရဲတစ်ခုဝင်သွားတယ် ဆရာကြီး"

ဟု ပြောလိုက်သောအခါ ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ်ပြရာသို့ တစ်ချက်ကြည့်လိုက်ပြီးလျှင် ရှေ့သို့ဆက်၍ မသွားတော့ဘဲ . . .

www.foreverspace.com.mm

"ဘယ်လိုတွေ့လိုက်တာလဲ မောင်ဘသိုက် သေသေချာချာ ပြောစမ်းပါဦးကွဲ့"

"ဟိုဂူအပေါက်ကပေါ့ ဆရာကြီး ကျွန်တော် လည်း ရုတ်တရက် နိနီကြီးတွေ့လိုက်ရတာပဲ ဆရာကြီး လူလိုလိုပါပဲ အတွင်းကို ဝင်သွားတယ် ဘာရယ်လို့တော့ သဲသဲကွဲကွဲမမြင်ရပါဘူး"

"အဲဒါ ဝိဇ္ဇာတို့ ဇော်ဂျီတို့ ဝင်ထွက်သွားလာ တာနဲ့ တူပါတယ် ဦးသူတော်ပြောတုန်းကလည်း ဒီနေရာ ဟာ ဝိဇ္ဇာတို့ပျော်မြူး တဲ့နေရာလို့ ပြောလိုက်တယ်။ အခု မောင်သတိုးစက္က မြင်ရတဲ့အတိုင်းဆိုရင် တစ်ဦးဦး တော့ ဖြစ်လိမ့်မယ်။ ဒီတော့ ဆရာတို့ ဒီအနားက စောင့်ကြည့် ရမှာပေါ့။ တကယ်သွားလာရိုးမှန်ရင် တစ်ခုခုမြင်ရလိမ့် မယ် ထင်ပါတယ်"

"ဝိဇ္ဇာတို့ ဇော်ဂျီတို့ဟာ သူတို့ပျော်မြူးကြတော့ မယ်ဆိုရင် တခြားက ရန်သူတွေကို မလာနိုင် မကပ်နိုင် အောင် သူတို့ရဲ့ တန်ခိုးတွေနဲ့ အကာအကွယ်ပြု လုပ်ထား မဲ့ဖြစ်တယ်။ နောက်ပြီး ဝင်တဲ့အပေါက်ကလည်း ထွက်လေ့ မရှိဘူးကွဲ့။ ဘာဖြစ်လို့လည်းဆိုရင် သူတို့ဟာ အပျော် သမားတွေဆိုတော့ ရန်သူကိုလည်း တစ်ဖက်က ကြည့်ရ သေးတယ်ကွဲ့။ ဒါကြောင့် ဝင်ပေါက်ထွက်ပေါက်ဆိုလို့ သူတို့မှာရှိတယ်ကွဲ့ တန်ခိုးကလည်း ရှိနေပြန်တော့ သွား ချင်ရာသွားနိုင်တယ်"

ဟုပြောနေစဉ် ကျွန်ုပ်မြင်ရသော ဂူအဝတွင်

www.foreverspace.com.mm

မြူခိုးများကဲ့သို့ တငွေ့ငွေ့ထွက်နေသည်ကိုမြင်ရသဖြင့် ဆရာကြီးအား လက်ညှိုးထိုး၍ . . . .

"ဟော ဟိုမှာဆရာကြီး ဦးသူတော်ပြောသလို အခိုးတွေ တလူလူထွက်နေတယ် ဆရာကြီး"

ဟု ပြလိုက်၏။ ထိုအခါ ဆရာကြီးလည်း သေချာစွာကြည့်၍ . . .

"ဟုတ်တယ် မောင်ဘသိုက် အတွင်းမှာရှိနေပြီကွဲ့ ဒီတော့ ဆရာတို့ တောင်ခြေရင်းကိုမကပ်ဘဲ ဒီမှာနေရဦးမယ်"

"တခြားတစ်ဖက်က ရှောင်လွဲပြီးသွားလို့ မရဘူးလား ဆရာ ကြီး"

ဟုမေးမိရာ ဆရာမြဲကြီးသည် ကျွန်ုပ်အား သေချာစွာကြည့်လိုက်ပြန်၏။

"မောင်ဘသိုက် မင်းဟာ ကြံကောင်းစည်ရာတွေကိုတော့ အတော်ကြံတတ်သကွဲ့။ အခု ဆရာတို့သွားမယ့်လမ်းကလွဲပြီး ဘယ်ကမှ သွားလို့မရဘူးဆိုတာ မှတ်ထားကွဲ့။ တခြားလမ်းက သွားဖို့ရာ လည်း လမ်းမရှိဘူး။ သူတို့လည်း ကြာကြာမနေကြပါဘူး"

ဟုပြောကာ အခိုးအငွေ့တွေထွက်နေသောနေရာသို့ ကြည့်နေသဖြင့် ကျွန်ုပ်လည်း နောက်ထပ်စကား မရှည်ဝံ့တော့ပဲ ဆရာကြီး ကဲ့သို့ပင် ကြည့်နေမိပါတော့၏။

ထိုအခိုက်တွင် မနီးမဝေးရှိ ဂူတစ်ခုသို့ ရှေးနည်း

www.foreverspace.com.mm

အတူပင် လူလိုလို သဏ္ဌာန်တစ်ခု ရုတ်တရက်ဝင်သွားသည်ကို တစ်ဖန်တွေ့ရသောအခါ ဆရာကြီးသည် ကျွန်ုပ်အား လက်ကိုဆွဲလိုက်ပြီးလျှင် . .

"မောင်ဘသိုက် ဟိုဘက်အပေါက်ကို ကြည့်နေအစောကမြင်ရတဲ့ဟာ ထွက်သွားလိမ့်မယ် သေသေချာချာ ကြည့်နော်"

ဟု တောင်ခေါင်းပြတ်တစ်ခုသို့ လက်ညှိုးထိုး၍ ပြနေသဖြင့် ကျွန်ုပ်လည်းကြည့်နေမိရာ မကြာမီမှာပင် ဆရာမြကြီးပြောသည့်အတိုင်း လူတစ်ယောက် လိုလိုတွေ့လိုက်ရပါတော့၏။

"မောင်ဘသိုက် တွေ့လိုက်ရရဲ့လား တော်တော်ထင်ရှားသားပဲ"

ဟုပြောလိုက်မှ ကျွန်ုပ်လည်း မြင်လိုက်ကြောင်းပြောလိုက်ရလေ၏။

"အဲဒါ ဝိဇ္ဇာကွဲ့ . . သိဒ္ဓိပေါက်နေတဲ့ပုဂ္ဂိုလ် တွေပေါ့ကွာ။ အာကာသသိဒ္ဓိကို အပြီးအပိုင်ပေါက် ရောက်နေတဲ့ ပုဂ္ဂိုလ်များဟာ ကောင်းကင်ပေါ်မှာသွားချင်သလိုသွားလာချင်သလိုလာ နေချင်သလိုနေနိုင်တယ် ဝိဇ္ဇာပင်ဖြစ်သော်လည်း အာယုသိဒ္ဓိကို ပြီးချင်မှပြီးသေးတာကွဲ့"

"ဒါကြောင့် ဝိဇ္ဇာတို့ ဇော်ဂျီတို့ဟာ ဖိုဝင်ရတယ်ဆိုတာ သိဒ္ဓိအမျိုးမျိုးပြီးမြောက်ပြီး တစ်ခါတည်း ထွက်ရပ်ပေါက်ကို တစ်မျိုးလှည့်ပြီးကြံရတယ်ဆိုတာ မှတ်ထားပါ ဝိဇ္ဇာဆိုတိုင်း ထွက်ရပ်မပေါက်ဘူးလေ"

www.foreverspace.com.mm

"ဒါဖြင့် ဆရာကြီး အခု ကျွန်တော်တို့ကို ညွှန်ကြားလိုက် ပညာဒီပွဆရာကြီးကကော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးလားဆရာ ကြီး"

"အဲဒါ ဆရာကြီးတွေကတော့ အားလုံးကိစ္စပြီးစီးတဲ့ သိဒ္ဓိရှင် ကြီးတွေပေါ့ ဆရာတို့က ပြဒါးတို့ သံတို့ကို မလိုက်ဘဲ ဆေးဘက် အင်းဘက်ကိုလိုက် အထက်ဆိုင်ရာတွေရဲ့ အကူအညီကိုယူပြီး ဘုရား တရားသံဃာကို အားထားပြီး ပြုလုပ်တာက ထွက်ရပ်လမ်းကို တစ်ခါတည်း ကူးမြောက်နိုင်တယ်"

"ဒါဖြင့် ဆရာကြီး အခု လူတွေပြောဆိုနေကြတဲ့ ဘိုးဘိုး အောင်ဆိုတာကတော့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မဟုတ်ဘူးလား ဆရာကြီး"

"ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အစစ်ကြီးပေါ့ မောင်သတိုးစက္က"

"ဒါဖြင့် ဆရာကြီး ဘိုးဘိုးအောင်ပုဂ္ဂိုလ်ဟာ ထွက်ရပ်ပေါက်ပေါ့ ဟုတ်လား"

ထိုအခိုက်မှာပင် လက်ဦး ထွက်ပေါ်နေသော အခိုးအငွေ့တို့မှာ ရုတ်တရက်ပျောက်ကွယ်သွားသဖြင့် တစ်ဖန်ကြည့်နေမိ၏။ ဝိဇ္ဇာထွက်သွားသော တောင်ခေါင်းအပေါက်ကြီးထဲမှပင် ဝိဇ္ဇာတစ်ယောက်ပျံထွက်သွားသည်ကို တွေ့လိုက်ရပြန်၏။

"ကျောက်တောင်ကြီးမှာတော့ ဘာမှမတွေ့တော့ပါဘူး ဆရာကြီး သွားကုန်ပြီထင်တယ်"

www.foreverspace.com.mm

ဟုပြောလိုက်ရာ ဆရာမြကြီးသည် ထိုအခါမှ တောင်မြောက်လေးပါးကို တစ်ချက်ကြည့်လိုက်ပြီးလျှင် ကျွန်ုပ်အားခေါ်၍ ကျောက် တောင်ကြီး၏အပေါက်ရှိရာသို့ သွားသောအခါတွင်စိတ်ထဲ၌ သက်ာမကင်းဖြစ်မိပါတော့၏။

ကျွန်ုပ်စိတ်ထဲ၌ မသက်ာဖြစ်မိသည်မှာ အကယ်၍ တောင်ခေါင်းအပေါက်ထဲသို့ရောက်က ဝိဇ္ဇာတို့လွှတ်ထားခဲ့သော အခိုး အငွေ့တွေနှင့် တွေ့ထိခဲ့ပါမူ ကျွန်ုပ်နှင့် ဆရာမြကြီးမှာ မည်ကဲ့သို့ ဖြစ်ကြပါမည်နည်း။ ထိုသို့တွေးတောကာ အထူးပင်ပူပင်မိသည်ဖြစ်၍ စိတ်မချနိုင်အောင်ဖြစ်နေမိ၏။

"မောင်ဘသိုက် သတိထားပြီးလိုက်နော် တစ်စုံတစ်ခု တွေ့ရရင် ဆရာ့ကို ချက်ချင်းပြောကွဲ့။ နောက်ပြီးတော့ လက်ခြေကို မဆော့လေနဲ့ သတိထားရမယ့် နေရာကွဲ့။ ဒီတောင်ကို မြစိမ်းတောင်ညိုလို့ခေါ်တယ် ပုရပိုက်တစ်ခု မှာ သေသေချာချာတွေ့ရတာက သိဒ္ဓိမမြောက် သိဒ္ဓိမပေါက်ဘဲ ဒီတောင်ပေါက်က ဖြတ်ကျော်၍ မသွားရဘူးတဲ့"

"ကဲ ကဲ ပြောနေလို့ မဖြစ်သေးဘူး စခန်းချမယ့်နေရာကို ရောက်အောင်သွားရဦးမယ် နောက်တော့ ဆရာပြောပြမယ်ကွဲ့ . . လာ လာ"

ဟု ပြောပြီးလျှင် တောင်ပေါက်ထဲသို့ ဝင်စပြုပါတော့၏။ ထိုအခိုက်မှာပင် အတွင်းဘက်ဆီမှ အရောင်

www.foreverspace.com.mm

တလှပ်လှပ်ထွက်ပေါ်လာသဖြင့် . . .

"ဟောဟိုမှာ ဆရာကြီးအရောင်တွေ တွေ့ရတယ်"

ဟု အလန့်တကြားအော်ပြောလိုက်သောအခါ ဆရာကြီးသည် ရုတ်တရက် ရပ်တန့်လိုက်ပြီးလျှင် အခြေအနေကိုကြည့်၍ . .

"ဒီအရောင်တွေဟာ တခြားမဟုတ်ဘူး မောင်သတိုးစက္က သယံဇာတဖြစ်ပေါ်နေတဲ့ အရောင်တွေပါဘာမှ ကိစ္စမရှိဘူးကွဲ့ အကယ်၍ ဒီအရောင်တွေသာ မရှိရင် ဆရာတို့သွားလာရမှာတောင် ခက်ခဲနေဦးမယ် ကဲကဲ မစိုးရိမ်နဲ့ လာ လာ"

ဟု ဗိန္ဓောဆရာမြကြီးက ပြောဆိုရင်းပင် အတွင်းဘက်သို့ ဝင်သွားသောအခါ၌ ကျွန်ုပ်သည် အထူးပင် အံ့သြေးမောကာ ကြည့် နေမိပါတော့၏။

အတွင်းဘက်တွင် အရောင်တလှပ်လှပ် ထွက်ပေါ်နေသည်ကို တွေ့ရသည်မှာ တစ်စုံတစ်ခု၏ ပယောဂကြောင့်မဟုတ်ဆဲ တောင်အောက် နံဘေးပတ်ပတ်လည်တွင် ကျောက်စွန်းနံရံတို့မှ အပြင်ဘက် အလင်းရောင်ကြောင့် အရောင်တွေထွက်ပေါ်နေသည်ကို အနီးမှကပ်၍ တွေ့ရပြန်၏။ ၎င်းအရောင်ထွက်နေသော အရာတို့ကို ယူငင်သုံးစွဲပါက အလွန်ကောင်းမြတ်သော ကျောက်ကောင်း ရတနာများဖြစ်ပေ လိမ့်မည်ဟု ထင်မှတ်မိသည့် အပြင် ကျောက်နံရံမှ အနီ၊ အညို၊ အဖြူအစရှိသည်ဖြင့် ပြိုးပြိုးပြက်ပြက်ထွက်နေသည်မှာလည်း မြင်ရသူအား

www.foreverspace.com.mm

ငေးမောနေလောက်အောင်ပင် ဖြစ်စေပါတော့၏။

ကျောက်ခေါင်းအပေါက်ကြီး၏ အကျယ်အဝန်းမှာ အဝင်ဝတွင် လူတစ်ရပ်သာသာလောက်သာ တွေ့ရပြီး အတွင်းဘက်တွင်ကား ဆင်ပြောင်ကြီးတစ်စီးပင် လွတ်လပ်စွာသွားနိုင်လောက်အောင် ကျယ်ဝန်းပါပေသည်။

ရှေ့မှသွားနေသော ဆရာမြကြီးသည် ကျွန်ုပ်အား အမြဲသတိပေးနေရသည့်အပြင် အမြန်လိုက်ရန်ကိုလည်း ပြောနေသဖြင့် ဆရာမြကြီးကို မှီအောင်လိုက် နေရပါတော့၏။ အတွင်းဘက်သို့ဝင်သွားလေသောအခါ အရောင်တွေမှာ တောက်ပြောင်လာလေဖြစ်သဖြင့် ကြောက်ရွံ့ခြင်း ကင်းစွာနှင့်ပင် ဆရာမြကြီးကိုမှီအောင် ကျောက်နံရံတွင် တွေ့ရသော အရောင်တို့ကိုလည်းကြည့်ရင်း လိုက်နေမိ၏။ မကြာမီပင် ထူးဆန်းသောအသံတစ်ခုသည် ရုတ်တရက်ပေါ်လာသောအခါ အတော်ပင် တုန်လှုပ်ချောက်ချား မိပါတော့၏။

"အချိန်ကုန်မခံနှင့် မြန်မြန်အပြင်ရောက်အောင် ထွက်ကြ နောက်သို့ပြန်မကြည့်ကြနဲ့ စခန်းကိုရောက်အောင်သာသွားကြ"

ဟုပြောလိုက်သော အသံမှာ လူကိုမတွေ့ရသော်လည်း ကွဲကွဲပြားပြားပင်ထွက်လာသဖြင့် မည်သည့်အတွက်ကြောင့် ယခုကဲ့သို့လာ၍ ပြောကြားသည်ကို သတိမထားနိုင်တော့ဘဲ ကြားရသည့် အတိုင်း ကျွန်ုပ်နှင့် ဗိန္ဓောဆရာမြကြီးတို့မှာ လျှင်မြန်စွာပင် ရှေ့သို့ ဆက်၍သွားနေရ

www.foreverspace.com.mm

ပါတော့၏။

"မောင်ဘသိုက် မြန်မြန်လာကွဲ့ သတိပေးနေပြီ တစ်စုံ တစ်ခု ဖြစ်ပေါ်လာလိမ့်မယ်ထင်တယ် နှေးကွေးနေလို့မဖြစ်ဘူး ကဲ ကဲ ခပ်မြန်မြန်လေးလာဟော့"

ဟု ဆရာမြကြီးသည် ကျွန်ုပ်အားပြောကာ ရှေ့မှ အတော်ပင် မြန်မြန်သွားနေသောကြောင့် ကျွန်ုပ်လည်း အမြန်လိုက်နေရပါတော့သည်။

သို့ဖြင့် အတော်သွားမိသော် အလင်းရောင်မှာ ပို၍လင်းလာသဖြင့် အရှေ့သို့လှမ်း၍ကြည့်လိုက်သော အခါ ကျွန်ုပ်တို့၏ ထွက်ရပ်ပေါက်ကို တွေ့ရသဖြင့် အားတက်လာပြီး အမြန်သွားရာ ယခင်သွားရာ လမ်းနှင့် မတူဘဲ အောက်ခြေတွင် မည်မည်ရာဖြစ်နေပြန်သောကြောင့် ခြေချော်လက်ချော်မဖြစ်အောင် သတိထားနေရသည်။

ထွက်ပေါက်နားတွင် ဆရာမြကြီးသည် ရုတ်တရက်အပြင်သို့မထွက်သေးဘဲ နောက်ကြောင်းကို ပြန်၍ရပ်ကြည့်နေမိသဖြင့် . . . .

"ထွက်တော့လေ ခပ်မြန်မြန်ထွက်ပါတော့"

ဟု ကျွန်ုပ်တို့ကို အော်၍ပြောလိုက်ပြန်သဖြင့် နောက်ထပ် ဘာမှမစဉ်းစားနေတော့ဘဲ အပေါက်ဝရှိရာသို့ တစ်ခါတည်းထွက်လာကြရပါတော့၏။

အတော်အလှမ်းဝေးသောအခါမှ ကျွန်ုပ်သည် ကျောက်တောင်ကြီးဘက်သို့လှည့်၍ပြန်ကြည့်လိုက်သော

www.foreverspace.com.mm

အခါ ကျွန်ုပ်၏ မျက်စိကိုပင် ပွတ်သပ်၍ကြည့်နေမိ ပါတော့၏။ ကျွန်ုပ်မြင်ရတွေ့ရသည်မှာ ပထမ ကျွန်ုပ်တို့ ဝင်လာစဉ်က တောင်ကြီး၏တစ်ဖက်မှာ မြစိမ်းရောင်ကဲ့သို့ အရောင်ထွက်လောက်အောင် ညိုမွဲမွဲဖြစ်နေပါ တော့သည်။ ယခုကြည့်၍ မြင်ရသောအရောင်မှာ နီရဲနေသဖြင့် နေဝင်ခါနီးအရောင်ကြောင့်ဖြစ်လေသလော ဟုအောက် မေ့ကာ အထူးပင်အံ့သြနေမိပါတော့၏။

"ကဲ မောင်ဘသိုက် နောက်ပြန်ကြည့်မနေနဲ့ကွ ဆရာတို့ စခန်းချမယ့်နေရာကို မိုးမချုပ်မီရောက်အောင် ရှာရဦးမယ် မေးစရာရှိရင် စခန်းရောက်မှမေးကွဲ့"

ဟု ကျွန်ုပ်အား ပြောလိုက်သဖြင့် ဆရာမြကြီး နောက်သို့ ရောက်အောင်လိုက်သွားရပြန်တော့သည်။

အတော်သွားမိသောအခါ၌ ကျွန်ုပ်၏စိတ်အာရုံကို ပြောင်းလွဲလိုက်သလို တသွင်သွင်နှင့်စီးဆင်းနေသော သာယာလှသည့် စမ်းချောင်းကလေးတစ်ခုကို တွေ့မြင်လိုက်ရလေ၏။ ကျွန်ုပ်၏ စိတ်ထဲ၌ နောက်က ဖြစ်ပျက်ခဲ့သမျှတို့မှာ အကုန်မေ့ကုန်တော့သည် သာမက ၎င်းစမ်းချောင်းကလေးနားမှာပင်မခွာချင်ဘဲ နေချင်လောက်အောင်ဖြစ်ပေါ်လာတော့၏။

"မောင်ဘသိုက် ဒီနေရာဟာ အတော် အေးချမ်းတဲ့နေရာကွဲ့ ဒီနေရာမှာ ဆရာတို့စခန်းချပြီး အိပ်ကြရမယ် မနက်မှတစ်ဖန် ခရီးဆက်၍ သွားရအောင်"

ဟု ဆရာမြကြီးက ပြောဆိုကာ သစ်ပင်ကြီး

www.foreverspace.com.mm

တစ်ပင်အောက်တွင်ဝင်၍ထိုင်နေကြပါတော့၏။

ထိုအခါ၌ ကျွန်ုပ်သည် တောင်ကြီးဘက်သို့ လှည့်၍ကြည့် လိုက်ပြန်သောအခါ တောင်ကြီးမှာနေဝင်ကာနီးလေ ရဲရဲတောက်လာလေဖြစ်နေသဖြင့် ထိုတောင်ကြီးမှ ထွက်သော အရောင်တို့ပင် မီးရောင်ကဲ့သို့ ထင်မှတ်မိပါတော့၏။

"ဘယ်လိုလဲ မောင်ဘသိုက် တောင်ကြီးဟာ တစ်ဖက်နဲ့တစ်ဖက်တူရဲ့လား"

ဟု ဗိန္ဓောဆရာမြကြီးသည် ကျွန်ုပ်အားမေးလိုက်ပြန်လေ၏။

"မတူဘူး ဆရာကြီး တစ်ဖက်က မြစိမ်းရောင်လို ဖြစ်နေတယ် အခု ဒီဘက်ကတော့ ရဲရဲတောက်နေတာပဲ ဆရာကြီး"

"ဘယ်တူမလဲ မောင်ဘသိုက် ဟိုဘက်က မြစိမ်းတောင်ညိုလို့ခေါ်တယ် . . ဒီဘက်မြင်ရတာက ပတ္တမြားတောင်ညိုလို့ခေါ်တာကိုးကွဲ့။ ဟိုဘက်အခြမ်းက ကြည့်ရင် မြစိမ်းရောင် ဒီဘက်ကကြည့်ရင် ပတ္တမြားရောင် ဘယ်လောက်ထူးဆန်းတယ် အောက်မေ့သလဲ ပတ္တမြားတောင်ညိုဘက်မှာတော့ ဝိဇ္ဇာတွေလာပြီး မပျော်မြူးကြဘူး။ မြစိမ်းတောင်ညိုဘက်မှာသာ ပျော်မြူးကြတယ်တဲ့"

ဤအေးချမ်းလှသောနေရာ တိတ်ဆိတ်သည့် ဒေသတွင် တသွင်သွင်ဖြင့် စီးဆင်းနေသော စမ်းချောင်း၏ ရေသံကြောင့် ကျွန်ုပ်၏ စိတ်ထဲတွင် ကြည်နူးနှစ်သက်

www.foreverspace.com.mm

နေမိသည်သာမက တစ်နေ့လုံး ပင်ပန်းလာသမျှတို့သည်ပင် ဘာမှမဖြစ်သကဲ့သို့ အားအင်ပြည့်ကာရှိ နေပါတော့သည်။

အချိန်ကား နေဝင်သွားပြီဖြစ်သဖြင့် မှောင်စပြုလာပြီဖြစ်သည်။ ဆရာမြကြီးနှင့် ကျွန်ုပ်တို့၏နံဘေး ပတ်ပတ်လည်တွင် လရောင်ကဲ့သို့ အရောင်များမှာ မည်သည့်နေရာက ထွက်ပေါ်လာသည်ဟု မပြောနိုင်လောက်အောင်ပင် ဖြစ်ပေါ်လာသောအခါ ကျွန်ုပ်သည် အထက်ကောင်းကင်ပေါ်၌ လများထွက်လေသလောဟု အောက်မေ့ကာ ကောင်းကင်ပေါ်သို့ပင်ကြည့်မိပါတော့၏။ တောင်ကြီး မှာညအချိန်တွင် မီးခဲကြီးတမျှ နီရဲနေသည်ကို တွေ့ရပြန်သဖြင့် ပို၍ပင် အံ့သြတွေဝေနေမိပါတော့၏။

ကျွန်ုပ်တို့အနီးအနားတစ်ဝိုက်တွင် ထိန်လင်းနေသော အရောင်သည်ကား ထိုတောင်ကြီးမှထွက်ပေါ်လာသော အရောင်တွေ ပင်ဖြစ်လေသလော သို့မဟုတ် တစ်စုံတစ်ခုကြောင့် ဖြစ်ပေါ်လာသော အရောင်ဖြစ်လေသလောဟု စဉ်းစား၍ မရနိုင်အောင် ဖြစ်နေပြန်တော့သည်။ တော်တော်မိုးချုပ်လာလေ တောင်ကြီးမှာပို၍နီရဲလာလေ ဖြစ်လာသည်ကိုတွေ့ရပြန်သဖြင့် ဘာမှစိတ်မကူးတော့ဘဲ တောင်ကြီးရှိရာသို့သာ နောက်ထပ် ထူးဆန်းစွာဖြစ် ပေါ်လာမည်ကိုသာ ကျွန်ုပ်အနေဖြင့်အာရုံစိုက်နေမိတော့သည်။

မကြာမီပင်လျှင် ပတ္တမြားတောင်ညိုကြီး၏ အလယ်လောက်ဆီမှသောကြာကြယ်ကြီးကဲ့သို့ အရောင်တွေ ဖြာထွက်လာသော အလင်းရောင်ကြီးတစ်ခုကို

www.foreverspace.com.mm

မြင်လိုက်ရပြန်၏။ ထိုအခါ ကျွန်ုပ်သည် ရုတ်တရက် ထိတ်လန့်သွားသလိုဖြစ်သွားပြီးမှ သေသေချာချာ ကြည့်နေမိ၏။ ထိုအရောင်မှာနီရဲနေသော မီးရောင်နှင့်အလွန်တရာ လှပသော အရောင်တွေမှာကြည့်၍ မဝနိုင်အောင် ဖြစ်နေပါတော့၏။

ဗိန္ဓောဆရာမြကြီးကို မေးရန်မှာလည်း စိပ်ပုတီးကိုသာ အာရုံပြုနေ၍ စိပ်နေသည်မှာ ကျွန်ုပ်တွေ့မြင်ရသည်ကိုပင်လျှင် မသိသလိုနေသောကြောင့် ဆရာမြကြီးအား မေးရန်ခက်နေပါတော့၏။ ထိုသို့ဖြစ်နေစဉ် ကျွန်ုပ်သည် တောင်ကြီးတစ်ခုလုံးမှ လျှပ်စီးလက်သလို ဝင်းခနဲဖြစ်သွားသည်ကို တွေ့ရပြန်သဖြင့် ကြည့်နေမိရာ အရောင်မျိုးစုံကြားတွင် ဖြတ်သန်းသွားသော ဖြူဖြူသဏ္ဌာန်တွေကို တွေ့မြင်ရပြန်၏။ ထိုအရာများကား မည်သည့်အရာတွေများဖြစ်လေသနည်းဟု အထူးပင်သိချင်လာပြန်ပါတော့သည်။

မကြာမီ ဆရာမြကြီးလည်း သူ၏စိပ်ပုတီးကို စိပ်ပြီးပြီဖြစ်သောကြောင့် ကျွန်ုပ်ဘက်သို့လှည့်၍

"ဘာတွေတွေ့နေတာလဲ မောင်ဘသိုက် အတော်သဘောကျနေတာနဲ့တူတယ်"

ဟုပြောလိုက်၏။ ထိုအခါ တောင်ကြီးဘက်တွင် လှုပ်ရှားသွားလာနေသော သဏ္ဌာန်တွေပျောက်ကွယ်သွားမည်ကိုစိုး၍ ရုတ်တရက် ဆရာကြီးဘက်သို့ပင်လှည့်၍ မကြည့်သေးဘဲ တောင်ကြီးဘက်သို့ သာကြည့်ပြီးလျှင် . .

"အရောင်တွေအမျိုးမျိုးကြားတွေထဲမှာ သွားလာ

www.foreverspace.com.mm

နေကြတာ ဘာမှန်းမသိလို့ပါ"

"ဩော် ဒါလား မောင်ဘသိုက်ကို ဆရာအစကပြောဖူး တယ်မဟုတ်လား မြစိမ်းတောင်ညိုဘက်မှာသာဝိဇ္ဇာတွေ ပျော်မြူးကြတယ်လို့ ပြောထားတာ မေ့သွားပလား သိဒ္ဓိရှင်ဝိဇ္ဇာတို့ရဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတွေအမြဲအစည်းအဝေးတိုင်ပင်ကြတဲ့နေရာဆိုတာ မှတ်ထားကွဲ့။ အခုလည်းသိဒ္ဓိရှင်ဝိဇ္ဇာတွေဟာ စည်းဝေးတိုင်ပင်ရအောင် ကြွရောက်လာတာဖြစ်မယ်ကွဲ့"

"ဘာတွေကို စည်းဝေးတိုင်ပင်ကြမယ်မသိဘူး ဆရာကြီး ကျွန်တော်တို့ ဒီကိုရောက်နေတာများသိလို့ တစ်စုံတစ်ခုပြောကြမယ် ထင်တယ်"

ဟု ကျွန်ုပ်၏ စိတ်ထဲတွင်ရှိသည့်အတိုင်း ပြောလိုက်မိရာ . . .

"မောင်ဘသိုက် မင်းဟာ ကြံမိကြံရာ ပြောမိပြောရာတွေကိုသာ လျှောက်ပြောနေတာပဲ သိဒ္ဓိရှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေဟာ အခုလို ဆရာတို့ရောက်လာတာကို တိုင်ပင်ဆွေးနွေးဖို့ နေနေသာသာ စိတ်ကူးထဲတောင် မထည့်ကြပါဘူးကွဲ့ ကဲ. . . ကဲ ဒါတွေကို ပြောလို့လည်း ခရီးမရောက်သေးဘူး မနက်ဖြန်ဆက်ပြီး ခရီးထွက်ရင် ကောင်းကောင်းသွားလာနိုင်အောင် အိပ်ပေတော့"

ဟု ဆရာမြကြီးက ပြောသဖြင့် ကျွန်ုပ်လည်း စဉ်းစားရင်း အိပ်ပျော်သွားလေသည်။

www.foreverspace.com.mm

ကျွန်ုပ်အိပ်ပျော်နေသည်မှာ မည်ရွေ့မည်မျှကြာသွားသည် မသိပါ။ အိပ်ရာကနိုးလာသောအခါတွင် ကျွန်ုပ်၏ပတ်ဝန်းကျင်၌ ဖြူဖွေးသော အလင်းရောင်ကျရောက်နေသဖြင့် မိုးလင်းနေပြီဟု စိတ်ထဲ၌ အောက်မေ့ကာ ရုတ်တရက်ထ၍ထိုင်လိုက်၏။ တောင်မြောက် လေးပါးကို ကြည့်လိုက်သောအခါ၌ ကျွန်ုပ်၏ခေါင်းရင်းဘက်တွင် ပုတီးစိပ်နေသော ဆရာမြကြီးကိုသာ တွေ့ရသောကြောင့် အလင်း ရောင်တွေဖြစ်သည်ကို မဝေခွဲတတ်အောင်ဖြစ်နေမိပါတော့၏။

ကောင်းကင်သို့ကြည့်လိုက်ပြန်ရာ မိုးလင်းသည့် အရိပ်အခြေ မတွေ့ရသည်သာမက ကြယ်ရောင်တွေပင် တလက်လက်တောက်နေ သေးသည်ကို တွေ့ရသောအခါ ပတ္တမြားတောင်ညိုဘက်သို့ လှည့်၍ ကြည့်လိုက်သည်မှာ အထူးပင် အံ့အားသင့်သွားပါတော့၏။

တောင်ကြီးတစ်ခုလုံးမှာ ညက ကျွန်ုပ်မြင်ရသော

www.foreverspace.com.mm

နီရဲရဲ အရောင်မဟုတ်တော့ဘဲ စိန်ရောင်များကဲ့သို့ ဝင်းဝင်းထိန်ထိန်ဖြစ်နေသည်ကိုတွေ့ရမှ ကျွန်ုပ်တို့၏ အနီးတစ်ဝိုက်တွင် အလင်းရောင်ဖြစ် ပေါ်နေသည်မှာ ပတ္တမြားတောင်ညို၏အရောင်ဖြစ်ကြောင်း ထိုအခါမှ ကောင်းစွာသိရပေတော့၏။

ကျွန်ုပ်သည် ရုတ်တရက်ပြန်အိပ်၍မရတော့ဘဲ ပတ္တမြားတောင်ညိုကြီးဘက်ကိုသာလျှင် ကြည့်နေမိ၍ အတန်ကြာသော် တစ်ဖန်အိပ်ချင်လာသော်လည်းအချိန်ကို မမှန်းဆနိုင်သဖြင့် ပြန်၍ အိပ်ရန်ကိုပင် စဉ်းစားနေမိပါတော့သည်။

"မောင်ဘသိုက် အစောကြီးနိုးနေသကိုး အေးအေး ပတ္တမြားတောင်ညိုကြီးတောင် အဖြူရောင်ထွက်နေတာထောက်တော့ အရုဏ်တက်လုပြီကွဲ့"

"ဘယ်လိုကြောင့် အဖြူရောင်ဖြစ်သွားတာလဲ ဆရာကြီး ကျွန်တော်စဉ်းစားလို့မရဘူး။ အရောင်ပြောင်းသွားတာဟာ ဘယ်အတွက်လဲ ဆရာကြီး"

"ဒီလိုကွဲ့ မောင်ဘသိုက်.. ဒီပတ္တမြားတောင်ညိုမှာ သိဒ္ဓိပြီးစေတဲ့ မနောမယ ဂ္ဂန္ဓာသယဓာတ်ရှင်လုံးရှိတယ် ပတ္တမြားအစစ်မှန်ရင် တစ်နေ့မှာ အရောင်သုံးမျိုး ပြောင်းတယ်ကွဲ့ အခုလို အရုဏ်တက်တော့မယ်ဆိုရင် အဖြူရောင်ဖြစ်လာတယ်ကွဲ့။ နေမွန်း တည့်ခါနီးပြီဆိုရင် အရောင်တစ်မျိုးဖြစ်လာတယ်ကွဲ့... "

"အဝါရောင်က အနီရောင်သမ်းလာတယ်။ မွန်း

www.foreverspace.com.mm

တည့်မှစပြီး နေဝင်သည်အထိ ရင့်ကျက်လာပြီး အနီရောင်ဖြစ်သွားတယ်။ ညမိုးချုပ်တဲ့အခါမှာ မီးခဲကြီးများလို ရဲရဲတောက်လာပြန်တယ်. . . ”

ကောင်းကင်ပေါ်မှလည်း အဖြူရောင်ထွက်ပေါ်လာသဖြင့် ဆရာမြဲကြီးပြောသည့်အတိုင်း ပတ္တမြားတောင်ညိုကြီးမှာ အဝါရောင် လိုလိုသမ်းလာသဖြင့် မိုးလင်းတော့မည့်အချိန် နီးကပ်နေသောကြောင့် ကျွန်ုပ်နှင့် ဆရာကြီးသည် နောက်ဆုံးခရီးထွက်ရန် ပြင်ဆင်ကာ အသင့်ဖြစ်နေပါတော့သည်။

နေဝန်းပေါ်သည်နှင့် ကျွန်ုပ်တို့သည် ထူးဆန်းသော ပတ္တမြားတောင်ညိုကြီးကို ကျောခိုင်းကာ မြောက်ဘက်သို့တစ်ဖန် ဆက်၍ထွက်လာရပါတော့၏။ မွန်းတည့်ခါနီး အချိန်ရောက်အောင်ပင် မည်ကဲ့သို့မျှ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ရဘဲ အေးချမ်းစွာနှင့် လာရသောကြောင့် အတော်ပင်ခရီးတွင်ကျယ်သည်ကို သိရပါသည်။

တစ်နာရီခန့်ကြာသောအခါတွင် ကျွန်ုပ်တို့သည် တောင် ပြတ်ကြီးတစ်ခုသို့ရောက်သဖြင့် တစ်ဖန် အကြပ်တွေ့ပြန်၏။ တောင် ပြတ်ကြီးမှာ တစ်ဖက်နှင့်တစ်ဖက် (၆)တောင်ခန့်အလှမ်းကွာဝေးသော်လည်း အောက်သို့ကြည့်လိုက်ပါမူ ကျောက်စွန်း၊ ကျောက်ခက် တွေဖြင့် တွေ့ရသောကြောင့် အတော်ပင်ကြောက်ရွံ့နေမိ၏။

ဆရာမြဲကြီးသည် ကျွန်ုပ်အားခေါ်၍ တောင်ထိပ်

www.foreverspace.com.mm

ဘက်သို့ တက်သွားသဖြင့် လိုက်သွားရာ ကံအားလျော်စွာပင် သစ်ပင်ကြီးတစ်ပင်သည် တောင်ပြတ်ကြီးအား ကန့်လန့်ဖြတ်၍လဲနေသဖြင့် ဆရာမြဲကြီးနှင့် ကျွန်ုပ်မှာ အခက်အခဲမရှိဘဲ အတင်းပင်ဖြတ်ကူးလေသည်။

ကျွန်ုပ်တို့ကူးနေဆဲတွင် သစ်ပင်ကြီးမှာ လူနှစ်ယောက်ကူးကာမျှဖြင့် တုန်လှုပ်နေသည်မှာ ထူးဆန်းနေသလိုဖြစ်နေသဖြင့် အလျင်အမြန်ပင်ဖြတ်ကူး၍ တစ်ဖက်သို့ရောက်သည်နှင့် ရှေ့မှ ဆရာကြီးသည် မြေကြီးပေါ်သို့ ခုန်ချလိုက်ပြီးလျှင် ကျွန်ုပ်၏လက်ကို အတင်းဆွဲချလိုက်သောကြောင့် ကျွန်ုပ်သည် တစ်ဖက်ချောက်ကြီးထဲ သို့မပါဘဲ ဆရာမြဲကြီးနှင့် အတူကျန်ရစ်ခဲ့ရပါတော့သည်။

ဘယ်အတွက်ကြောင့်ဆိုသော် ကျွန်ုပ်တို့ဖြတ်လာစဉ်က လှုပ်နေသောသစ်ပင်ကြီးမှာ ဆရာမြဲကြီးသည် ကျွန်ုပ်အားဆွဲ၍ အောက်သို့ချလိုက်သည်နှင့်တစ်ပြိုင်နက် ချောက်ထဲသို့ ဝုန်းခနဲကျသွားသောကြောင့် ဆရာကြီးသာ ကျွန်ုပ်အား လက်ကိုဆွဲမထားလိုက် ပါမူ သစ်ပင်ကြီးနှင့်တကွ ကျွန်ုပ်မှာ ချောက်ထဲတွင် ဘယ်အဖြစ်သို့ ရောက်မည်ကို မပြောတတ်အောင်ပင်ဖြစ်ပေတော့မည်။

ဆရာမြဲကြီးသည် သစ်ပင်ကြီးကျသွားသော အခါ၌ အထူးပင် မျက်နှာပျက်သွားသည်ကို သတိပြုမိလိုက်ပါသည်။ သစ်ပင်ကြီးသည် အကြောင်းမဲ့သက်သက်လဲနေခြင်းမဟုတ်ဟုထင်ပါသည်။ ဆရာမြဲကြီး၏ သတိကို စမ်းသပ်ချင်၍ ယခုကဲ့သို့ဖြစ်နေဟန်တူပါသည်။ ပညာရှိ

www.foreverspace.com.mm

သတိဖြစ် ခဲဆိုသလို ဆရာမြကြီးသည် ရိုးရိုးပင် အောက်မေ့၍ ကူးဖြတ်လာပြီးနောက် တစ်ဖက်ကမ်းသို့ ရောက်သောအခါမှ သတိရဟန်တူပြီး ကျွန်ုပ်အား သစ်တုံးကြီးပေါ်မှ အောက်သို့ အတင်းဆွဲချလိုက်သည်မှာ ထိုသစ်တုံးသည် တစ်စုံတစ်ခုကြောင့် ဖြစ်နိုင်ကြောင်း ထိုအခါမှသိဟန်တူပါ၏။

"အဲဒါသာကြည့်ပေတော့ မောင်ဘသိုက်ရေ တစ်ချက် သတိမထားမိရင် ချောက်ထဲကျမှာအမှန်ပဲ သစ်တုံးလူပ်လာကတည်းက ဆရာသတိရပြီး မောင်ဘသိုက်အတွက် စိတ်ပူမိတယ် အခုလည်း ဆရာသာလက် မမြန်ရင် ဘယ်အခြေဆိုက်မယ်မသိဘူးကွဲ့"

"ကဲ ကဲ ဒီမှာရပ်ပြီးပြောနေလို့မဖြစ်သေးဘူးကွဲ့ နောက်ဆုံး ညွှန်ကြားလိုက်တဲ့ သေလယက္ခတောင်ကို ရောက်အောင်သွားရမယ် ဦးသူတော် ညွှန်လိုက်တာက နေမဝင်မီရောက်လိမ့်မယ်လို့ပြောတာပဲ ဒီကနေ့ဟာလည်း သုံးရက်မြောက်နေ့ပါပဲ မောင်ဘသိုက်မှာ ဆရာပေးထားတဲ့ ဆေးကောရှိသေးတယ်မဟုတ်လား ကောင်းကောင်း ဆောင်ထားနော်"

ဗိန္ဓောဆရာမြကြီးမှာကား သေလယက္ခတောင်ကို တကယ် ပင်သိနေသည့်အလား ရှေ့မှခရီးဆက်၍သွားနေသဖြင့် ကျွန်ုပ်၏စိတ် ထဲတွင် အားမလိုအားမရဖြစ်နေမိသည်နှင့် အတော်နေစောင်းလာ သောအခါတွင် ဆရာကြီးကိုမီအောင် ပြေးလိုက်သွားပြီး အနီးသို့ ရောက်သောအခါ

www.foreverspace.com.mm

၌ . . .

"ဆရာကြီး . . . ကျွန်တော်တို့ဘယ်နေရာကို ရောက်နေပြီလဲ ဆရာကြီး"

ဟုရုတ်တရက်ပင် မေးလိုက်မိပါတော့၏။

ထိုအခါ၌ ဆရာမြကြီးသည် ကျွန်ုပ်အားလှည့် ကြည့်ပြီးလျှင် . . .

"ဘာဖြစ်လို့လဲ မောင်ဘသိုက် အတော်မော နေပြီလား. . ကြိုးစားကွဲ့ နေမဝင်မီရောက်ပါလိမ့်မယ် အဲဒီအခါကျမှ အခြေအနေ ကြည့်ပြီး နားသင့်ရင်နားကြ တာပေါ့ ကြိုးစားပါကွယ်"

"ကျွန်တော် မောလို့ပြောတာမဟုတ်ဘူး ဆရာ ကြီးခင်ဗျာ ကျွန်တော့်စိတ်အထင်က အခုလောက်ခရီး ရောက်လာမှတော့ သေလယက္ခတောင်ကို အဝေးမှာ ဖြစ်ဖြစ် အရိပ်အရောင်မြင်ရတန်ပြီလို့ ထင်တယ် အခု တော့ ရှေ့ကိုလှမ်းကြည့်လိုက်ပြန်တော့လည်း ဘာတစ်ခုမှ မတွေ့ရတဲ့အပြင် တစ်တောင်တက် တစ်တောင်ဆင်း တစ်တောဝင် တစ်တောထွက်ဆိုသလို အရိပ်အရောင်မှ မတွေ့ရလို့ ပြောတာပါ ဆရာကြီး"

"အခု ဆရာတို့ဟာ သေလယက္ခတောင်ကို လာပြီး ဘာလုပ်မလဲ အထက်ဆိုင်ရာက ညွှန်ကြားတဲ့ သိဒ္ဓိပေါက်ဆေးပင်နဲ့ ပုရပိုက်ထဲက ထွက်ရပေါက်လမ်း ကို လိုက်ဖို့လာတယ်မဟုတ်လား ဒီတော့ ဒီတောင်ဟာ သာမညတောင်မဟုတ်ဘဲ တကယ့်တန်ခိုးကြီးတဲ့တောင်

www.foreverspace.com.mm

ဖြစ်ရမယ် ဒီတော့ မောင်ဘသိုက်ရဲ့ ဒီတောင်ကို ရုတ်တရက်မြင်ရဖို့တော့ တကယ်ခဲယဉ်းတယ်ကွဲ့ ဒီတော့ ဆရာတို့ဟာ ဒီဗွစက္ခဆေး တွေနဲ့ကြည့်ရမယ် ကဲ ကဲပြော နေတာကြာတယ် ဆေးကွင်းပြီးကြည့်ကြတာပေါ့ကွယ်"

"မောင်ဘသိုက် သတိထား ဒီအကောင်တွေကို ဆရာ ဖယ်ရှားလိုက်မယ် ဒီအကောင်တွေဟာ အထူးစီမံ ထားတဲ့ အစောင့်တစ်မျိုးဖြစ်ရမယ် ဘယ်လိုဖြစ်ဖြစ်ပေါ့"

ဟုပြောဆိုကာ ရှေ့သို့အနည်းငယ်တိုးသွား သောအခါ၌ ထိုသတ္တဝါတွေသည် ဆရာမြင်းနှင့်ကျွန်ုပ်ကို ရုတ်တရက်မြင်လိုက်သဖြင့် ဟိန်းသွားလေအောင် အော် ဟစ်ကြပြီး ကျွန်ုပ်တို့ရှိရာသို့ လက်ခြေကားယားဖြင့် ခွံစရာ ကောင်းသော ပါးစပ်ပြဲကြီးကိုဟ၍ ပြေးဝင် လာကြလေ၏။ ထိုအခါတွင် ကျွန်ုပ်သည် ဆရာကြီး၏အနားသို့ ပြေး၍ ကပ်နေမိသည့်အပြင် အထူးပင်တုန်လှုပ်မိပါတော့၏။

"မောင်ဘသိုက် ဘာကြည့်နေရတာလဲ ဒီနာနာ ဘာဝမျိုးတွေကို ဘာလို့ကြောက်နေရတာလဲ ဆရာပေး ထားတဲ့ ဆေးတွေကောရှိတယ် မဟုတ်လား"

ဟု ပြောလိုက်မှ . . .

"ဟုတ်ကဲ့ ရှိ. . . ရှိပါတယ် ဆရာကြီး"

ပြောပြောဆိုဆိုနှင့် ကျွန်ုပ်သည် လက်ထဲ၌ကိုင် ထားသော ဆေးကိုသတိရကာ ကြောက်အားလန့်အားဖြင့် ပြေးလာသော သတ္တဝါတွေ၏ကြားထဲသို့အတင်း ပစ်သွင်း လိုက်၏။ ဝုန်းခနဲတစ်ချက် မီးတောက်ကြီးတွေလိုဖြစ်ပြီး

www.foreverspace.com.mm

သတ္တဝါတွေမှာ နောက်သို့ အော်ဟစ်ကာ ပြန်ပြေးကြသည်ကို တွေ့ရသဖြင့် အားတက်သလိုလို ဖြစ်လာပါတော့၏။

"ညော် မောင်ဘသိုက် ဆေးနဲ့ပေါက်လိုက်ပြီလားကွဲ့ ဒီကောင်တွေဟာ ဒီဆေးနဲ့မတန်ဘူးကွဲ့ ကဲ ကဲ ရှိစေတော့ မောင်ဘသိုက်က ကြောက်အားလန့်အားနဲ့ ပေါက်လိုက်တာကိုး။ အေးကွယ် အခုလည်းရှင်းလင်းသွားတာပါပဲ"

ဟု ဆရာမြဲကြီးက ပြောပြီး တောင်ခြေရင်းသို့ ရောက်အောင် ကပ်လာပါတော့၏။ တောင်ခြေရင်းသို့ ရောက်သောအခါ၌ နေဝင်စပြုနေပြီဖြစ်သဖြင့် မှောင်ရိပ်ပင်သမ်းလာပါတော့၏။

ထိုအခိုက် ဗိန္ဓောဆရာမြဲကြီးသည် ရှေ့မှရုတ်တရက် ရပ်လိုက်သဖြင့် ကျွန်ုပ်လည်းကြည့်လိုက်ရာ မလှမ်းမကမ်းတွင် အရောင်တလက်လက်နှင့် ဖြစ်နေသော မည်းမည်းသဏ္ဌာန်ကြီးတစ်ခုကို တွေ့ရ၏။ ထို့ကြောင့် ရပ်၍ကြည့်နေမိရာ ထွက်နေသောအရောင်မှာ ထင်ရှားစွာတွေ့ရသည်။

"ဆရာကြီး ဟိုမှာကျောက်ရုပ်ကြီးတစ်ခု မဟုတ်လား ဆရာ ကြီး"

ဟုပြောလိုက်သောအခါ ဆရာမြဲကြီးသည် ခေါင်းကိုညိတ်လိုက်ပြီးလျှင် . . .

"ဟုတ်တယ် မောင်ဘသိုက် အဲဒါ သတိထားရဦးမယ် အကယ်၍ တစ်စုံတစ်ခုဖြစ်ပေါ်လာရင် မောင်

www.foreverspace.com.mm

သတိုးစက္က လက်ထဲမှာ ရှိတဲ့ဆေးနဲ့ ပေါက်ဖို့မမေ့နဲ့နော်”

ကျွန်ုပ်သည် ကျောက်ရုပ်ကြီးကို ဗိန္ဓောဆရာမြကြီးပေးထားသော ဆေးနဲ့ပေါက်လိုက်ရာ အခိုးအငွေ့ဖြစ်ပြီးလျှင် ပျောက်ကွယ်သွားလေတော့သည်။ ကျွန်ုပ်မှာ စိတ်အေးသွားပါတော့၏။

“မောင်ဘသိုက် အတွင်းဘက်ကိုကြည့်စမ်း အလင်းရောင်တွေထွက်နေတာ အဲဒီနေရာကို ဆရာတို့ ဝင်သွားရလိမ့်မယ်ကွဲ့”

ကျောက်ဂူအတွင်းသို့ဝင်မိသည်နှင့် တစ်ပြိုင်နက် ဆရာမြကြီးသည် ကျွန်ုပ်အား သတိပေးမှာထားစရာရှိသည်များကို မှာထားပြီးလျှင် နောက်တစ်ဖန်ရပ်တန့်၍ . . .

“မောင်ဘသိုက် ဦးသူတော်အိမ်မှာ သိဒ္ဓိရှင် ပညာဒိပ္ပ ဆရာကြီးမှာကြားလိုက်တာများ သတိရသေးရဲ့လား အခု ဆရာတို့ဒီနေရာကိုရောက်နေပြီကွဲ့။ ဒီတော့ မောင်ဘသိုက်ကို ဆရာမှာထားမယ် အရင်ကစိတ်တွေ ကို ဘာမှစိတ်မကူးနဲ့။ ဘာမြင်မြင် ဘာတွေ့တွေ့ ဒီအတွင်းမှာ စိတ်ခိုင်အောင်ထားပါ”

“ဘာကိုတွေ့တွေ့ ထိကိုင်ဆွဲယူခြင်းမပြုလေနဲ့ အတော် သတိထားရမယ် ပညာဒိပ္ပဆရာကြီးမှာကြားထားလိုက်တာကို သတိထားပေတော့ သိဒ္ဓိရှင်ကြီးကတော့ ဆရာတို့ကို အမြဲကြည့်ရှုနေတယ်ဆိုတာမှတ်ထားပါ ဒီတော့ သိဒ္ဓိရှင်ကြီးရဲ့ အလိုဆန္ဒနဲ့လွဲပြီး ဆရာတို့က ဘာတစ်ခုမှ မလုပ်ရဘူး ကဲ ကဲ ကောင်းကောင်းမှတ်ထား”

www.foreverspace.com.mm

ဟု ပြောပြောဆိုဆိုပင် ဆရာမြဲကြီးပြောသမျှကို စဉ်းစားရင်းလိုက်သွားရပါတော့၏။

www.foreverspace.com.mm

ထိုသို့သွား၍ ဝင်သွားသောအခါ မည်သည့်အရောင်ဟူ၍ မပြောတတ်အောင် အရောင်မျိုးစုံထွက်ပေါ်နေသောနေရာတစ်ခုသို့ ရောက်ပြန်၏။ ထိုအခါ၌ ကျွန်ုပ်သည် ရုတ်တရက်အံ့အားသင့်မိသလို ဖြစ်သွားမိပါတော့၏။ ထိန်လင်းနေသော အရောင်တွေမှာ တခြား အရောင်တွေနှင့်မတူ၍ အစိမ်း၊ အနီ၊ အဝါအစရှိသော အရောင်မျိုးစုံ ထွက်ပေါ်နေသဖြင့် ပို၍ပင် အံ့ဩမိပါတော့၏။

သို့နှင့်ပင် ဆရာကြီးသည် အရှေ့သို့သာတိုး၍ သွားသဖြင့် ထိုအရောင်တွေကိုကြည့်ရင်း လိုက်သွားသော အခါ အလွန်တရာ သပ္ပာယ်လှသော ဘုရားရုပ်ထုတော်တစ်ဆူကို တွေ့ရပါတော့၏။ကျွန်ုပ်တို့တွေ့ရသော အရောင်မျိုးစုံတို့မှာ တခြားမဟုတ်ပေ။ ဘုရား ရုပ်ထုကိုယ်တော်မြတ်မှထွက်ပေါ်လာသော အရောင်တွေဖြစ်ပေါ်နေမှန်း ထိုအခါမှ ကောင်းစွာသိရသဖြင့် အထူးပင် အံ့ဩငေးမောနေမိပါသည်။

www.foreverspace.com.mm

ထိုအခိုက် ဆရာမြကြီးသည် ရပ်၍မနေတော့ဘဲ ဘုရားရှိရာသို့ လျင်မြန်စွာ ဝင်ရောက်သွားပြီးလျှင် ဘုရားရှေ့၌ သေချာထိုင်၍ ရှိခိုးလိုက်ပြီးမှ ကျွန်ုပ်အား . . .

"မောင်ဘသိုက် သေသေချာချာဖူးကွဲ့ တစ်သက်မှာတစ်ခါ ဆိုသလိုဖူးရခဲတယ် ရောင်ခြည်တော်တွေ ကွန့်မြူးနေတာဟာ အလွန် သပ္ပာယ်ဖို့ကောင်းတယ် ကဲကဲ ဘုရားကိုအားရအောင်ဖူးကွဲ့"

ဟု ကျွန်ုပ်အားပြောပြီး ဆရာမြကြီးသည် အားရပါးရထိုင်၍ ဘုရားကိုရှိခိုးနေသဖြင့် ကျွန်ုပ်သည်လည်း ဆရာမြကြီးမပြောမီကပင် အတော်ကြည်ညိုပြီး ဆရာမြကြီး၏နောက်နားကပင် ပူပင်သောက ကင်းစွာဖြင့် ဘုရားကိုရှိခိုးနေပါတော့၏။

ဆရာမြကြီးသည် ဘုရားကိုထိုင်၍ရှိခိုးနေစဉ် ကျွန်ုပ်သည်လည်း သေချာစွာကြည့်၍ ဖူးမြော်မိသောအခါ ရောင်ခြည်တော်တွေ ကွန့်မြူးနေသည်ကို ကြည့်၍ အထူးပင်ကြည်နူးမိပါတော့၏။

သေလယက္ခကျောက်ဂူကြီးထဲသို့ ဝင်လာစဉ်ကပင် အရောင်တွေမှာ အထူးထင်ရှားစွာဖြစ်ပေါ်နေသည်မှာလည်း ဘုရား ၏ရောင်ခြည်တော်များသာဖြစ်ကြောင်း ကောင်းစွာသိရပါတော့၏။ ဘုရားဟော ကျမ်းဂန်များတွင်လည်း တွေ့ရသည်မှာ ဘုရားရှင်၏ ရောင်ခြည်တော်များသည် အကယ်၍အလိုရှိက တောကြီးတောင်ကြီးများကာဆီးနေသော်လည်း တန်ခိုးတော်ကြောင့် အပိတ်အပင်

www.foreverspace.com.mm

အတားအဆီးမရှိဘဲ ထွန်းလင်းတောက်ပနိုင်ကြောင်းကို ဟောကြားထားပါ၏။ သို့သော်လည်း ယခုမျက်မြင်ထင်ရှားစွာ တွေ့ကြုံရသော အခါ၌မူ ကျွန်ုပ်၏စိတ်ထဲတွင် အတိုင်းမသိအောင် ကြည်ညိုနေမိ ပါတော့၏။

တစ်နာရီခန့်ကြာအောင်ပင်လျှင် ဆရာမြကြီးသည် ဘုရားကို ရှိခိုးနေပြီးမှ ကျွန်ုပ်ဘက်သို့တစ်ဖန် လှည့်လိုက်ပြီးလျှင် . .

"မောင်ဘသိုက် အားရအောင်ဖူးရဲ့လားကွဲ့ အတော် ကြည်ညိုရဲ့လားကွဲ့ ဆရာတော့ တခြားကိစ္စသာမရှိရင် ဒီနေရာမှာ အမြဲနေပြီးသာ ဘုရားကိုအာရုံပြုနေချင်တော့တာပဲကွဲ့ အခုလို အမြဲ ရောင်ခြည်တော် ကွန့်မြူးနေရအောင် ပြုပြင်စီမံထားတာကိုက အလွန်သပ္ပာယ်ဖို့ကောင်းလွန်းတယ်ကွဲ့"

ဟုပြောပြီး ဘုရား၏နံဘေးမှသွားသောအခါတွင် ဘုရားနှင့် မနီးမဝေး၌ အတော်ထူးဆန်းအံ့သြဖွယ်ရာကောင်းသော ရေအိုင်ကလေးတစ်ခုကို တွေ့ရပါတော့၏။

ရေအိုင်ကလေးမှာ များစွာမကျယ်ဝန်းပါသော်လည်း ကျွန်ုပ်၏စိတ်အထင် ငါးတောင်ခန့်ရှိမည်ထင်ပါ၏။ ရေမှာလည်း ကြည်လင်အေးမြသည့်အပြင် အိုင်ကလေးနှင့်ပြည့်အောင်ရှိနေသဖြင့် ကျွန်ုပ်၏ စိတ်ထဲမှာ ဘယ်ကဲ့သို့ဖြစ်လာသည်မသိပါ။ ထိုရေကို မြင်လိုက်ကတည်းက အတော်ပင် သောက်ချင်လာပါတော့၏။

ဗိန္ဓောဆရာမြကြီးကား ကျွန်ုပ်ကဲ့သို့ပင် ဖြစ်နေ

www.foreverspace.com.mm

ဟန်တူပါ၏။ ရေအိုင်ကလေးကို သေချာစွာကြည့်ပြီးလျှင် ခေါင်းတညိတ်ညိတ်နှင့်ပင် ပြုလုပ်နေသဖြင့် မည်သည့် အရာကို တွေ့မြင်ရ၍ သဘောကျနေ လေသနည်းဟု အောက်မေ့ကာ ရေအိုင်ကလေးအနား ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ထိုအခါ၌ ဘာမှမတွေ့ရသောကြောင့် ဆရာကြီးသည် တစ်စုံတစ်ခုကို စဉ်းစားနေပြီဟုသိရပါတော့၏။

"မောင်ဘသိုက် ဘယ်လောက်ကြည်လင်သလဲကွဲ့ မောင်ဘသိုက်တော့ ရေကိုမြင်ကတည်းက အတော်သောက်ချင်နေပြီ မဟုတ်လား"

ဟုရုတ်တရက်မေးလိုက်သဖြင့် အံ့သြသွားမိပြန်၏။

"ဟုတ်ကဲ့ ဆရာကြီး ကျွန်တော်သောက်ချင်နေပါတယ် ဆရာကြီး ရေကိုမြင်ကတည်းက အထူးပဲ သောက်ချင်လာတယ် ဆရာကြီး"

ဟု အမှန်အတိုင်းပြောလိုက်သောအခါ . . .

"အေးကွယ် သောက်ချင်တယ်ဆိုလည်း သောက်ချင်မှာပေါ့ . . . ရေကိုကြည့်ရခြင်းအားဖြင့် သောက်လိုက်ရရင် အထူးအေးမြတယ် ထင်ရပေမယ့် ဒီရေကိုမသောက်ချင်နဲ့ကွဲ့ သောက်လည်းမသောက်ရဘူး"

ဟု ဆရာကြီးက ပြောနေစဉ်တွင် ရေအိုင်ကလေးအနား၌ ရုတ်တရက်လူတစ်ယောက်ရောက်လာပြီး ကျွန်ုပ်တို့အား . . .

www.foreverspace.com.mm

"ဒီရေကန်ကလေးဟာ နတ်ရေကန်ပါ အလိုရှိသလို ချိုးကြပါ သောက်သုံးနိုင်ပါတယ် အခုလို ကုသိုလ်ထူးတဲ့ပုဂ္ဂိုလ်များအတွက် သက်သက်ဖြစ်နေတာပါ အတော်အေးမြကြည်လင်ပါတယ် အလိုရှိသလို သုံးဆောင်နိုင်ပါတယ်"

ဟုပြောသဖြင့် ဆရာမြကြီးသည် ကျွန်ုပ်ဘက်သို့ပြုံးယောင်ယောင်ဖြင့်ကြည့်ပြီး . . .

"မောင်ဘသိုက် ကြားရဲ့လား ဒီအိုင်ကလေးက ရေကိုချိုးရ အောင်ပြောလိုက်တာ ဆရာတို့ဒီနေရာကို မလာမီညမှာ သိဒ္ဓိရှင် ပညာ ဒီပွဆရာကြီးပြောတဲ့စကားတွေကိုမှတ်မိသေးရဲ့လား။ ဘုရားရဲ့ အနောက်ဘက်မှာ ရေကန်ကလေးတစ်ခုတွေ့လိမ့်မယ် ရေကို မသောက်ပါနဲ့။ လတ်တလောသေစေတတ်သတဲ့။ အခုမြင်ရတဲ့ရေကိုကိုယ်မှာ ပင်မစွတ်စေနဲ့လို့ မှာလိုက်တယ်မဟုတ်လား။ ဒီရေဟာ အဆိပ်ရေဖြစ်တယ်ကွဲ့။ အကယ်၍ အခုပြောနေသလို ရေကိုသာ သောက်ချိုးမိ ရင် ဆရာတို့ရှေ့ဆက်ပြီး သွားဖို့လမ်းမရှိဘူး။ ဒီတော့ အခုလာပြီး တိုက်တွန်းတဲ့စကားတွေကိုနားမယောင်နဲ့ကွဲ့။ ကဲ ကဲ ရှေ့ကိုဆက်ပြီး သွားရမယ်"

ဟု ပြော၍ ကျွန်ုပ်အားခေါ်ပြီး အစောက လူကလည်း တစ်ဖန်ကျွန်ုပ်တို့အား . . .

"ဒီအတိုင်းသွားကြမလား။ ရေကိုမသောက်သုံးချင်လည်းရင် ဟောဟိုမှာကြည့်စမ်း သစ်သီးတွေ သီးနေတဲ့

www.foreverspace.com.mm

အပင်တွေ အဆာပြေကလေး စားသောက်ကြပါ။ အလွန် အရသာနှင့်ပြည့်စုံပါတယ်။ သုံးဆောင်ကြပါ”

ဟု တစ်ဖန်တိုက်တွန်းနေပြန်၏။သို့ဖြစ်၍ ကျွန်ုပ်လည်း ကြည့်လိုက်ရာ အမှန်ပင်စားချင်စဖွယ် သစ်သီးတို့ကိုတွေ့ရသဖြင့် မွတ်သိပ်ခြင်းကို သည်းမခံနိုင်လောက်အောင် ဖြစ်လာရပြန်လေ၏။

“ဟုတ်တယ် ဆရာကြီး သစ်သီးတွေကြည့်ရတာ အရသာ ထူးလိမ့်မယ်ထင်တယ် စားရရင် မကောင်းဘူးလား ဆရာကြီး”

ဟုပြောမိသောအခါ ဗိန္ဓောဆရာမြဲကြီးက . .

“ဟဲ့ မောင်ဘသိုက် ဘာတွေပြောနေတာလဲ ဘယ်သူ့ စကားကိုမှ နားမထောင်လေနဲ့ မြန်မြန်လာစမ်းပါ ဘာမှမစားရဘူး”

ဟု ခပ်ငေါက်ငေါက်နှင့်ခေါ်ပြန်၏။ ကျွန်ုပ် ဘသိုက်လည်း နောက်ထပ် ဘာမှမပြောရဲတော့ဘဲ လိုက်သွားရပါတော့၏။

“အခုတင်က စားပါသောက်ပါလို့ပြောခြင်းဟာ အကောင်း ပြောတာမဟုတ်ဘူးကွဲ့ သိဒ္ဓိရှင် ပညာဒိပ္ပ ဆရာကြီးမှာခဲ့တုန်းကလည်း အခုလိုပြောဆိုတာ နားမထောင်လေနဲ့လို့ မှာလိုက်တယ် မဟုတ်လား ဒါတွေကို စားမိရင် ဆရာတို့ဟာ ဒီမှာစခန်းသိမ်းရမယ် အဲဒါ ဆရာတို့ကို အနုနည်းနဲ့ဖျက်ဆီးတယ်လို့ခေါ်ရမယ်။ နောက်ကိုလည်း ဘယ်လိုတွေ့ဦးမယ်မသိဘူး”

www.foreverspace.com.mm

ဟု ပြောဆိုကာ ဗိန္ဓောဆရာမြကြီးသည် ရှေ့သို့ ဆက်၍ သွားပြန်၏။

ထိုနှင့်ပင် ကျွန်ုပ်သည် နံဘေးပတ်လည်ကို ဂ္ဂန္ဒြေ မရဘဲ တောင်ကြည့်မြောက်ကြည့်ဖြင့် လိုက်လာရာ အတန် ကလေးကြာအောင် ဘာတစ်ခုမှမတွေ့ရသောကြောင့် စိုးရိမ်ထိတ်လန့်စိတ် အနည်းငယ်ပြေပျောက်လာသဖြင့် နောက်ထပ်တွေ့ရမည့်အရာကို တစ်ဖန်စိတ်ကူးမိပြန်ပါ တော့၏။

မကြာမီပင် ဆရာမြကြီးသည် ရှေ့မှနေ၍ ရုတ် တရက်ရပ်လိုက်သဖြင့်ကြည့်လိုက်ရာ ကျွန်ုပ်တို့နှင့်မနီး မဝေးတွင် နေသားတကျ ကောင်းစွာစိုက်ထားသော ပန်းပင်ကလေးကဲ့သို့ ရွှေရောင်အဆင်းနှင့် ဝင်းထိန်စွာ ရှိသော သစ်ပင်ကလေးတစ်ပင်ကို တွေ့လိုက်ရပြန်တော့ ၏။ ကျွန်ုပ်သည် ထိုသစ်ပင်ကလေးကို မြင်ရသည်နှင့် ယခင်ဖြစ်ပေါ် နေသည့် ထိတ်လန့် ကြောက်ရွံ့နေသော စိတ်တို့မှာ ပျောက်ကုန်သွားမှန်းတောင် မသိနိုင်ပဲ ဖြစ်သွား မိပါတော့၏။

အဘယ်ကြောင့်ဆိုသော် သိဒ္ဓိရှင် ပညာဒိပ္ပဆရာ ကြီး ညွှန်ကြားလိုက်စဉ်က ထိုသစ်ပင်ကလေးကိုယူပြီး သိဒ္ဓိလမ်းကို ညွှန်ကြားထားသဖြင့် ကျွန်ုပ်တို့ ယခုလာ သည်မှာလည်း ထိုသစ်ပင် ကလေးကိုယူပြီး ပြန်ရုံသာရှိ တော့သဖြင့် သစ်ပင်ကလေးကို ညွှန်ကြား သည့်အတိုင်း တွေ့ရသောအခါ ဝမ်းမြောက်မိသည်ကို မပြောတတ်တော့ပေ။

www.foreverspace.com.mm

ဆရာကြီးလည်း ကျွန်ုပ်ကဲ့သို့ပင် ဝမ်းမြောက်လှစွာနှင့် ကျွန်ုပ်အား ကြည့်၍ပြုံးရွှင်စွာဖြင့် . . . .

"မောင်ဘသိုက် တွေ့ရပြီမဟုတ်လား အခုဆရာတို့ အသက်စွန့်ပြီးလာကြတာ ဒီဆေးပင်ကလေးကိုယူဖို့လာတာပဲ မဟုတ်လား အခုတော့ သေသေချာချာတွေ့ရပြီကွဲ့ ကဲ ကဲ လာ အနားကိုကပ်သွားပြီး သေသေချာချာကြည့်ရအောင်"

ဟုပြောဆိုပြီးလျှင် ဆေးပင်ကလေးအနားသို့ကပ်သွားပြီး တော့၏။

အနားသို့ကပ်၍ကြည့်မိသောအခါမှ ကျွန်ုပ်သည်ပို၍ပင် အံ့သြမိပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ပထမက ခပ်ခွာခွာ ကြည့်ရသည်မှာ မထင်မရှားဖြစ်ပြီး အံ့သြစရာမဟုတ်ဟုထင်ပြီး အမှတ်တမဲ့ပင် ကြည့်မိပါသည်။ အနားကပ်၍ကြည့်လိုက်မှ ဆေးပင် ကလေးမှာ ပကတိရွှေအစစ်ကို သစ်ပင်ကလေးလိုလုပ်ပြီး စိုက်ထားလေသလောဟု အောက်မေ့ရအောင်ပင်ဖြစ်နေပါတော့သည်။

အပင်ကလေး၏အမြင့်မှာ တစ်တောင်သာသာမြင့်လိမ့်မည်။ အရွက်လည်း များစွာမရှိပါ။ ထိုအပင်ကလေး၏ အနီးတစ်ဝိုက်တွင် မည်သည့်အပင်မှမရှိဘဲ တစ်ပင်တည်းပေါက်နေသောကြောင့် မည်ကဲ့ သို့ ပေါက်ရောက်နေသနည်းဟု မြေကြီးကိုကြည့်လိုက်သောအခါ မှပို၍ပင် အံ့သြရပါတော့သည်။

www.foreverspace.com.mm

မြေကြီးမှာ ပလွင်ကလေးကဲ့သို့ မို့မောက်နေပြီး လျှင် ရွှေမူန်များ ကြဖြန့်ထားသလို ဝါဝင်းနေသဖြင့် မည်ကဲ့သို့ပြုလုပ်၍စိုက်ပျိုးထားလေသနည်းဟု မပြောတတ် အောင်ပင် ဖြစ်နေမိပါသည်။ ထိုသစ်ပင်ကလေး၏ အရင်းတွင် ကျောက်ပြားကလေးတစ်ခုထောင်၍ နေသဖြင့် မည်သည့်အတွက် ဖြစ်လေသနည်းဟုအောက်မေ့ကာ ဆရာမြဲကြီးအနားသို့ တိုးသွားပြီးလျှင် ကျောက်ပြား ကလေးကို လက်ညှိုးထိုး၍ ဆရာမြဲကြီးအား . . .

"ဟိုမှာ ကျောက်ပြားကလေး မဟုတ်လား ဆရာ ကြီး ဘာများရေးထားတယ်မသိဘူး"

ဟုပြောလိုက်ရာ . .

"အေး ဆရာလည်းတွေ့တယ် မောင်ဘသိုက် တစ်ခုခုတော့ ရေးထားမှာပဲ ဘာကြောင့်လဲဆိုရင် ဒီ ဆေးပင်ဟာ သာမညဆေးပင်မှမဟုတ်ဘဲ သိဒ္ဓိရှင် ထွက် ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတို့ စီမံပြုလုပ် ထားတာနဲ့တူတယ် အဲဒီတော့ သစ်ပင်ရင်းကိုကပ်ပြီး ကြည့်ရအောင်"

ဟု ပြောပြီးလျှင် အနားသို့ကပ်သွားသောအခါ၌ ကျွန်ုပ်သာမက ဆရာကြီးပါ နောက်သို့ဆုတ်ခွာလာရ ပါတော့၏။

www.foreverspace.com.mm

ကျွန်ုပ်တို့ အမှတ်တမဲ့ကပ်သွားသောအခါတွင် သစ်ပင်ကလေး၏အရင်းမှ စူးရှစွာနှင့်ထွက်လာသော မီးစွယ်ကလေး တစ်ခုသည် မြေကြီးထဲမှ ရုတ်တရက်ရေများ ပန်းထွက်လာသကဲ့သို့ ထွက်ပေါ်လာသည့်အပြင် မီးစွယ်ကလေး၏ အရှိန်မှာလည်း အထူးပင် ပူပြင်းလှသောကြောင့် ရပ်၍မနေနိုင်ဘဲ နောက်သို့ဆုတ်ခွာလာပြီး လျှင်ယခင်ကျွန်ုပ်တို့ ရပ်ပြီးကြည့်နေသော နေရာတွင်ပြန်၍ရပ်နေပါတော့၏။

ထိုအခိုက်ဆရာကြီးသည် မီးစွယ်ကလေးကို မျက်တောင် မခတ်အောင်ကြည့်နေသည်ကို မြင်သဖြင့် တစ်စုံတစ်ခုဖြစ်ဦးမည်လောဟု ရင်ထဲတွင် တထိတ်ထိတ်ဖြစ်ပေါ်နေသည့်အပြင် ကြံရာမရအောင် ကျွန်ုပ်၏ စိတ်ထဲတွင် ဖြစ်နေတော့၏။

"အင်း ပညာရှိသတိဖြစ်ခဲ့ဆိုတာ တယ်မှန်ပါလား မောင်ဘသိုက် ဆရာတို့ကြိုးစားပမ်းစားလာပြီး အခုလို

www.foreverspace.com.mm

တွေ့ရတော့လည်း အမှတ်တမဲ့သတိမထားမိလို့ အခုလို ဖြစ်ရတာ အကယ်၍ ဝမ်းသာအားရနှင့် သစ်ပင်ကလေး ကိုသာ သွားကိုင်မိမယ်ဆိုရင် ဆရာတို့ တစ်ခါတည်း ကိစ္စတုံးရောပေါ့ကွယ် အခုတော့ ကျောက်ပြားကလေးကို ကျေးဇူးတင်ရ ဦးမလိုလိုဖြစ်နေတယ်"

"ကဲ မောင်ဘသိုက် အသာရပ်ကြည့်နေ ဆရာ အထူးစီရင်ထားတဲ့ အင်းနဲ့ဆေးပင်ကိုကျော်ပြီး ပစ်လိုက်မယ်"

ဟုပြောပြောဆိုဆိုပင် ဆရာကြီးသည် လွယ်အိတ် အတွင်းမှ အင်းတစ်ခုကိုထုတ်လိုက်ကာ မဆိုင်းမတွပင် ဆေးပင်ကလေးကျော်၍ ပစ်လိုက်သောအခါ ကျွန်ုပ်၏ မျက်စိထဲတွင် မီးလုံးကြီးတစ်လုံး ဖြတ်သွားသကဲ့သို့ပင် မြင်လိုက်ရပါ၏။

ဆေးပင်ကလေးအရင်းမှ ထွက်ပေါ်နေသော မီးစွယ်ကလေးမှာ ထိုအခိုက်တွင် အပေါ်သို့ထောင်၍မတက်တော့ဘဲ ထူးဆန်းစွာ သစ်ပင်ကလေးကို မီးစွယ်ဖြင့် ရစ်ပတ်ဝိုင်းနေသည်ကို တွေ့ရပြန်သဖြင့် ပို၍ အံ့ဩမိသည်။ ဆရာမြဲကြီးသည် နောက်ထပ်အင်းတစ်ခုဖြင့် ထပ်မံ၍ ပေါက်လိုက်သောအခါတွင် မီးစွယ်ကလေးမှာ မြေကြီးနားတွင် တဖျတ်ဖျတ်ဖြစ်သွားပြီးနောက် ရွှေအဆင်းကဲ့သို့ ဝါထိန်သွားပြီးလျှင် ကျွန်ုပ် တို့၏ မျက်စိအောက်မှာပင် မြွေအဖြစ်သို့ပြောင်းလဲသွားပါတော့၏။

"ဟော ဆရာကြီး မီးက မြွေဖြစ်သွားပြီ"

www.foreverspace.com.mm

ဟု အမှတ်တမဲ့ပြောလိုက်မိသည်တွင် မြွေမှာ ထိုအခါမှ တရှူးရှူး တရဲရဲဖြစ်ပြီး ပါးပြင်းပင်ထောင်လာသဖြင့် ကျွန်ုပ်သည် ဆရာကြီးအား တစ်ဖန်အော်၍ . . .

"ပါးပြင်းထောင်လာပြီ ဆရာကြီး"

ဟုပြောလိုက်သောအခါ

"အသာနေပါ မောင်ဘသိုက် ဆရာလည်းမြင်ပါတယ် ဒီဟာတွေဖြစ်လိမ့်မယ်ဆိုတာ အစကတည်းက ဆရာသိပါတယ် ဒါကြောင့်လည်း အခုလို စီရင်လာရတာကွဲ့ ဟောဒီမှာကြည့်"

ဟု ပြောပြောဆိုဆိုပင် ဆရာမြကြီးသည် လွယ်အိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူသလိုယူလိုက်ပြီး လက်ဝါးကိုဖြန့်၍ ကျွန်ုပ်အား ပြလိုက်သောအခါမှ ဆရာကြီးထုတ်ယူလိုက်သော အရာမှာ တခြားမဟုတ်ချေ။ ဂမုန်းပေါင်းပန်းပေါင်းတို့ဖြင့် ပြုလုပ်ထားသော ဆေးဂဠုန်ကလေး ဖြစ်နေသည်ကိုတွေ့ရပါတော့၏။

မကြာမီ မြွေမှာ ဆေးပင်ကလေး၏ အရင်းတွင် အရောင်မှိန် သွားပြီး ပျောက်ခြင်းမလှပျောက်သွားပါတော့၏။ ထိုအခါတွင် ဆရာမြကြီးသည် မြေကြီးကိုဖနောင့်နှင့်ပေါက်လိုက်ပြီးနောက် ပါးစပ်မှလည်း တီးတိုးရွတ်လိုက်ကာ လက်ဝါးကို ဖြန့်ထားသောအခါ၌ ဆရာ ကြီး၏ ခြေရင်းနားတွင် ဖုတ်ခနဲ အသံကြား၍ကြည့်လိုက်မိ၏။ ထိုအခါ ဆေးဂဠုန်ရုပ်ကလေး ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်ပြေး၍ ကောက်ယူလိုက်မည်ပြုလုပ်လိုက်ရာ

www.foreverspace.com.mm

ဆရာမြကြီးသည် ကျွန်ုပ်အား . . .

"မောင်ဘသိုက် မကောက်နဲ့ ဆရာ့ဟာဆရာယူမယ်"

ဟု ပြောပြောဆိုဆို ဆေးဂဠုန်ရုပ်ကလေးကို ကောက်ယူ ပွတ်သပ်၍ လွယ်အိတ်အတွင်းသို့ ထည့်သွင်းလိုက်၏။ ပြီးလျှင် ကျွန်ုပ်အားခေါ်၍ ဆေးပင်ကလေးအနီးသို့ ချဉ်းကပ်ပြန်ပါတော့၏။

ကျွန်ုပ်၏စိတ်ထဲတွင် ပထမကဲ့သို့ မီးစွယ်ကိုသော်လည်းကောင်း၊ မြွေကိုသော်လည်းကောင်း ထွက်လာလေမည်လောဟု အောက်မေ့ကာ အသည်းတထိတ်ထိတ်ဖြင့်သာ လိုက်လာရသော်လည်း ဆရာမြကြီးသည် စိုးရိမ်ကြောက်လန့်ဟန် လုံးဝမရှိချေ။ ယခင် ကျွန်ုပ်တို့တွေ့ရသော ကျောက်ပြားကလေးအနားတွင် ဒူးတုပ်၍ထိုင်လိုက်ပြီးလျှင် ကျောက်ပြားကလေးကို လက်ဖြင့်ပွတ်သပ်လိုက်သောအခါ၌ ကျောက်ပြားကလေးမှာ တဝင်းဝင်းတလက်လက်ဖြစ်လာပြီး ကျောက်ပြားပေါ်တွင် စာတမ်းကလေး တစ်ခုထင်ရှားစွာပေါ်လာသောအခါ . . .

"အပင်ကို အရမ်းမနုတ်နှင့် အလိုရှိသမျှသာယူ"

ဟု ထင်ရှားစွာရေးထားသောစာကို တွေ့ရသောအခါ ထိုအပင်မှာ တကယ့်ဆေးပင်အစစ်ဖြစ်ကြောင်း ထိုအခါမှ ကောင်းစွာ သိရပါတော့၏။

"မောင်ဘသိုက် တွေ့ရတယ်မဟုတ်လား ဘယ်လောက် ခဲယဉ်း တယ်ဆိုတာ အခုတော့တွေ့ရပြီမဟုတ်

www.foreverspace.com.mm

လား အပင်ကိုနုတ်ယူမယ်များ မကြံလေနှင့် တစ်ခါတည်း ကိစ္စတုံးသွားမယ် အလိုရှိသ၍သာ ယူရမယ်တဲ့”

ဟုပြောပြီးလျှင် ဆရာမြကြီးသည် လွယ်အိတ် အတွင်းမှ အင်းပဝါတစ်ခုကို နှိုက်ယူလိုက်ကာ ဆေးပင်ကလေးကို အုပ်လိုက်ပြီးနောက် အထက်ဆိုင်ရာ ဆေးပင်စောင့်တို့ကို တိုင်တမ်းလိုက်ပြီး ဆေးပင်ကလေး အောက်နားမှ အရွက်ကိုဖဲ့ယူလိုက်ကာ ကျွန်ုပ်သည် နောက်သို့ပင် ဆုတ်ခွာမိအောင်ဖြစ်သွားမိပါတော့၏။

ဆရာမြကြီး ဆေးပင်က အရွက်ကိုဖဲ့လိုက်သည် နှင့်တစ်ပြိုင် နက်ရှောရောင်တွေကဲ့သို့ပင် ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသည်မှာ အတော်ပင် ထူးဆန်းသည်သာမက ကျွန်ုပ်တို့အနီးအနားတစ်ဝိုက်မှာလည်း မိုးခြိမ်းသကဲ့သို့ ဖြစ်သွားသည်မှာ မည်သည့်အတွက်ကြောင့်ဟူ၍ မပြောတတ်အောင်ဖြစ်နေမိပါတော့၏။

ဆရာမြကြီးသည် ဆေးပင်ကလေးမှ အရွက်သုံးရွက်ကိုယူလိုက်ပြီးလျှင် ဆေးပင်ကလေးနားတွင် သေချာစွာထိုင်၍ အပင်ရင်းကိုလက်ဖြင့် စမ်းသပ်နေပြန်သဖြင့် သေချာစွာကြည့်လိုက်သောအခါ ဆရာကြီးသည် ပတ်ပတ်လည်စမ်းသပ်နေသည်ကို တွေ့သောကြောင့် ဆေးပင်ကလေး၏ အမြစ်ကိုစမ်းသပ်နေကြောင်းသိရပါသည်။

ထိုအခိုက် ဆရာမြကြီးသည် အရှေ့ဘက်သို့သွားသော အမြစ်တစ်ခုကိုတွေ့ရသဖြင့် အပေါ်သို့လက်ညှိုးဖြင့် ဆွဲယူလိုက်ကာ အသင့်ယူထုတ်ထားသော ဓား

www.foreverspace.com.mm

ကလေးနှင့် အရင်းမှဖြတ်လိုက်သောအခါ၌ ဆေးပင်ကလေးမှာ မီးတောက်သွားဘိသကဲ့သို့ ဝင်းထိန်သွားသည်ကို တွေ့လိုက်ရ၏။

ထိုသို့တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် တစ်စုံတစ်ခုဖြစ်တော့ မည်လောဟု စိတ်တထင့်ထင့်ဖြစ်နေမိ၏။ ဗိန္ဓောဆရာမြကြီးကား စိတ်အေးလက်အေးဖြင့် ဆေးမြစ်ကို လွယ်အိတ်အတွင်းသို့ ထည့်လိုက်ပြီးလျှင် တစ်ဖန်ခေါကလေးဖြင့် ထိုဆေးပင်ကလေး၏ အခေါက် ကိုအနည်းငယ် ခွာယူပြန်တော့၏။

ထိုအခါတွင်လည်း မိုးကြိုးများပစ်ဘိသကဲ့သို့ တဂျိုးဂျိုးမြည်ဟီးသွားသည်မှာ ရပ်နေ၍ပင်မရဲအောင်ဖြစ်လာသဖြင့် အသံကြားရာဆီသို့ ကြည့်လိုက်မိ၏။ ထို့နောက် ဆရာမြကြီးအနားမှာ ဝင်၍ထိုင်နေလိုက်ရပါတော့သည်။ ဗိန္ဓောဆရာမြကြီးသည် ဆေးပင်ကလေးမှ အလိုရှိသမျှကို ဖဲ့ယူ ဖြတ်ယူခွာယူပြီး ဆေးပင်ကလေးကို နဂို ပကတိအတိုင်း ရှိမရှိ သေချာစွာ ကြည့်ပြီးလျှင် ကျွန်ုပ်ဘက်သို့လှည့်၍ . . .

"ကဲ မောင်ဘသိုက် ဆရာတော့ အလိုရှိသမျှ ယူပြီးပြီ ဆေးပင်ကလေးကိုလည်း မပျက်စီးစေရဘူး ကတိအတိုင်းဖြစ်အောင် ဆရာပြုပြင်ထားခဲ့ပြီ ဒီတော့ အခုဆရာတို့ကိစ္စဟာ ပြီးနေပြီကွဲ့"

ဟုပြောပြီးလျှင် ဆေးပင်ကလေးအနားမှခွာ၍ ထွက်လာ သောအခါ၌ ကျွန်ုပ်တို့နှင့်အနည်းငယ် အကွာ

www.foreverspace.com.mm

တွင် ဆေးပင်ကလေးဘက်မှ ဝုန်းခနဲ အသံကြား၍ ကြည့်လိုက်၏။ ထိုအခါ မီးတောက်ကြီးလိုတစ်ခုဖြစ်ပေါ် လာသည်ကိုတွေ့ရပြီး ထိုမီးတောက်ကြီးထဲမှ နတ်ဝတ်နတ်စားဖြင့် ဝတ်ဆင်ထားသောသူတစ်ယောက်ကိုတွေ့ရသောအခါ ကျွန်ုပ်သည်အံ့သြကာ တွေ၍ကြည့်နေမိသဖြင့် . . .

"ဟဲ့ မောင်ဘသိုက် မြန်မြန်လာစမ်းပါ ဘာပြန်ကြည့်နေတာလဲ"

ဟု ဆရာမြကြီးက ပြောလိုက်သဖြင့် လာလမ်းသို့ထွက်လာ၍ ယခင်ပထမတွေ့ခဲ့ရသော ရေကန်သစ်ပင်ဘုရားအနားသို့ ရောက်သောအခါ ဆရာမြကြီးသည်ဘုရားရှေ့တွင်ဝင်ထိုင်၍ ဘုရားကို ရှိခိုးလိုက်ပြီး ကျွန်ုပ်အားလည်း ဘုရားကိုရှိခိုးစေလျက် ချက်ချင်းပင် သေလယက္ခကျောက်ဂူဝသို့ပြန်၍ထွက်လာသောအခါတွင် ကျွန်ုပ်တို့၏ ခေါင်းပေါ်မှ အသံတစ်ခုမှာ ထူးဆန်းစွာထွက်ပေါ်လာသောကြောင့် နားထောင်မိ၏။

"ဂူဝအထွက်မှာ သတိထား အမှတ်တမဲ့မထွက်လေနဲ့"

ဟု ကြားရသဖြင့် ဆရာကြီးသည် ကျွန်ုပ်အားကြားရဲ့လား ဟူသောအနေဖြင့်ကြည့်လိုက်သောကြောင့် ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်သောအခါ ဆရာမြကြီးသည် ဂူဝဘက်သို့သတိထားပြီး တဖြည်းဖြည်း ထွက်ခွာသွားသောကြောင့် အနားမှကပ်၍လိုက်သွားရပါတော့၏။

အပေါက်ဝနားသို့ရောက်သောအခါ ဆရာကြီး

www.foreverspace.com.mm

သည် အပြင်ဘက်သို့ရပ်၍ကြည့်နေသဖြင့် မည်သည့်အနှောင့်အယှက်မှ မတွေ့သောအခါတွင် နောက်ထပ်စိတ်ချရလေအောင် လွယ်အိတ်အတွင်းမှ အင်းတစ်ခုကိုနှိုက်ယူလိုက်ပြီးလျှင် ဂူအဝသို့ရောက်အောင် ပေါက်လိုက်သောအခါ ဝုန်းခနဲမြည်သွားသောအသံနှင့်တကွ ကျွန်ုပ်တို့ယခင်ဝင်စဉ်နေရာကနေ ပြန်လာခဲ့လေသည်။

အပြင်သို့ရောက်သောအခါတွင် ကျွန်ုပ်သည် သေလယက္ခ ကျောက်ဘီလူးကြီးကိုကြည့်လိုက်ရာ ကျွန်ုပ်၏စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားတော့၏။ ကျောက်ဘီလူးကြီးမှာ ကျွန်ုပ်တို့အား စားမတတ် ဝါးမတတ် ဒေါသဖြစ်နေသော မျက်နှာထားမျိုးဖြစ်နေသည်ဟု ကျွန်ုပ်ထင်မိသည်။ အတွင်းက ဘုရားရုပ်တုတော်မှ ထွက်သော အရောင်တွေကြောင့် မည်သည့်အချိန်သို့ ရောက်နေပြီမသိရသော်လည်း ခုနစ်စဉ်ကြယ်ကို ကြည့်ခြင်းအားဖြင့် သန်းခေါင်ချိန်ကျော်လွန်နေပြီဟု သိရပါသည်။

ထိုအခိုက်မှာပင် . . .

"တောင်ခြေနှင့် ခပ်ခွာခွာသွားကြ"

ဟူသော အသံတစ်ခုကိုကြားလိုက်ရပြန်သော အခါ ဆရာကြီးသည် ကျွန်ုပ်အား အမြန်လာရန်ပြောဆိုပြီးလျှင် တောင်ခြေရင်းဘက်မှ လာလမ်းအတိုင်းပြန်လာကြ၍ ခပ်လှမ်းလှမ်းသို့ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်သို့ဝင်ရောက်ကာ စခန်းချနေရပါတော့၏။

www.foreverspace.com.mm

ကျွန်ုပ်တို့ဆရာမြကြီးကား ဆေးပင်ကလေးမှ အလိုရှိသမျှကို ယူလာခဲ့ပြီဖြစ်သဖြင့် စိတ်အေးလက်အေး ဖြစ်ကာထိုင်နေ၍ သစ်ပင်ကြီးအရင်းတွင် အလင်းရောင် တစ်ခု ရုတ်တရက်ပေါ်ပေါက်လာသဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်သည် ထ၍ခုန်တော့မတတ် ဝမ်းမြောက်သွားပါ တော့၏။

ကျွန်ုပ်မြင်ရသည်မှာတခြားမဟုတ်ပါ။ ကျွန်ုပ် တို့ကိုညွှန်ကြား ပြသပြောဆိုခဲ့သော ဂန္ဓိရစခန်းမှ သိဒ္ဓိရှင် ဝိဇ္ဇာပညာဒိပွ ဆရာကြီး ဖြစ်နေသဖြင့် အထူးပင်ဝမ်း မြောက်ကာ ထိုင်၍ရှိခိုးမိပါတော့သည်။

"အထက်က ညွှန်ကြားတဲ့အတိုင်း နားထောင်လို့ သိဒ္ဓိအမျိုး မျိုးကိုစီရင်ရန် ဆေးပင်ကိုလည်း တွေ့ခဲ့ရရုံမက ဘုရားရှင်ကိုယ်တော်မြတ်၏ ဓာတ်တော်မွေတော်တွေကို လည်း ဖူးမြော်ရပြီ ပုရပိုက်ထဲမှာ အညွှန်းနဲ့စီရင်ပေတော့"

ဟုပြောဆိုပြီးလျှင် ကျွန်ုပ်အားလည်း အောက်ပါ

www.foreverspace.com.mm

အတိုင်း ဆုံးမလိုက်ပြန်လေတော့သည်။

"ကဲ မောင်ဘသိုက်ရေ နောင်ကို သိဒ္ဓိရှင် ဝိဇ္ဇာတွေနှင့်တကွ ယခုလို ဘုရားကိုဖူးမြော်ချင်ရင် ရတနာသုံးပါး ဆရာသမား မိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အမြဲနှလုံးသွင်းအားထုတ်ရင် နတ်ကောင်းနတ်မြတ်မှစ၍ အထက်ဆိုင်ရာတို့က စောင်မကြည့်ရှုလိမ့်မယ် ဒါကြောင့် ယနေ့မှစပြီး ရတနာသုံးပါး ဆရာသမား မိဘတို့၏ ဂုဏ်ကို အမြဲနှလုံးသွင်းထားကွဲ့"

ဟုပြောဆို၍ ဆရာကြီးပညာဒိပွလည်း အရုဏ်တက်မှစ၍ လာလမ်းအတိုင်း ပြန်ရန်ညွှန်ကြား ထားခဲ့ပြီး ရုတ်တရက်ပျောက်ကွယ်သွားပါတော့၏။

တအောင့်လောက်နေပြီးမှ အရုဏ်တက်လာသည်နှင့် ကျွန်ုပ်နှင့် ဗိန္ဓောဆရာမြကြီးတို့သည် အပူအပင်မရှိတော့ဘဲ စစ်အောင်မြင်လာခဲ့သောသူတို့နှင့်မခြားထိုနေရာမှ ထွက်ခွာလာကြပါတော့သတည်း။

အားလုံးကို ကျေးဇူးတင်ပါသည်။
မြစကြာသျှင်
၁၁-၄-၂၀၀၇(ဗုဒ္ဓဟူးနေ့)

www.foreverspace.com.mm

ပြာကြာအောင်

ဃီဒို့ရှင်ဝိဇ္ဇာတို့လမ်း